ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်





၁ ... စာတည်းအဖွဲ့အစီရင်ခံစာ
၂ ... အနိမ့်ဆုံးဘုံလုပ်ငန်းစဉ်
၆ ... မှန်ကန်တဲ့လမ်းစဉ်
၁၁ ... အမေရိကန် တရုတ် ပါဝါပျော့လွန်ပွဲ
၁၃ ... G20 ထိပ်သီးအစည်းအဝေး
၁၆ ... စူပါပါဝါကျဆုံးပုံ
၁၉ ... ကြားနေသတဲ့လား
တရားဝင်မှုနဲ့လက်ဦးမှု ... ၂၁
လီနင်ရဲ့ ၁၄၀ မြောက်မွေးနေ့ ... ၂၃
တောင်အာဖရိကရှုဒေါင့်မှ ... ၂၉
သီးထွက်ညံ့ခဲ့တဲ့
အရောင်တော်လှန်ရေးများ ... ၃၈
သေတမ်းစာနဲ့ ကြေညာချက် ... ၄၃
၂၀၀၇ စီးပွားရေးအကျပ်အတည်း ... ၄၈



အမှတ် ( ၃၂ )

စက်တင်ဘာ၊ ၂၀၁၀ ခုနှစ်။

**ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်**

# ပြည်သူ့အာဏာ

**ဂျာနယ်**




အမှတ် ( ၃၂ )

စက်တင်ဘာ၊ ၂၀၁၀ ခုနှစ်။

**ဗမာပြည်ကွန်မြူနစ်ပါတီ**
**ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်**

# ပြည်သူ့အာဏာ

## ၆၅ နှစ်ပြည့်

(၁၉၄၅ စက်တင်ဘာ – ၂၀၁၀ စက်တင်ဘာ)

အမှတ် ( ၃၂ )

### စာတည်းအဖွဲ့၏အစီရင်ခံစာ

ပြည်သူ့အာဏာ (၆၅) နှစ် ပြည့်မြောက်ခြင်းကို အထိမ်းအမှတ်ပြုတဲ့ အနေနဲ့ ဒီအပတ်မှာ ပြည်သူ့အာဏာ ၆၅ နှစ် ခရီးနဲ့ ပတ်သက်တာတွေကို ဦးစားပေးထားပါသည်။

ပြည်သူ့အာဏာ စတင်ထွက်စဉ်က ပြည်တွင်းအခြေအနေနဲ့ ယနေ့ပြည်တွင်းအခြေအနေ မတူပါ။ ထို့အတူ နိုင်ငံတကာ့ အခြေအနေချင်းလည်း မတူပါ။ အဲဒါတွေကို ဆောင်းပါးများနဲ့ ဖော်ပြထားပါသည်။

နိုင်ငံတကာ့အခြေအနေ ပြောင်းနေတာထက် ပြည်တွင်းအခြေအနေ ပြောင်းနေတာက ပိုပြီးလျင်မြန်ပါသည်၊ နအဖ စစ်အုပ်စုက ကြီးမှူးကြီးကြပ် ဦးဆောင်ပြီးလုပ်မယ့် ‘ရွေးကောက်ပွဲ’ ဆိုတာကြီးကလည်း လာတော့မှာပါ။ ဒါ့ကြောင့် အဲဒီကိစ္စနဲ့ပတ်သက်တဲ့ ဗကပ ရဲ့ သဘောထားအမြင်တွေကိုလည်း ဖော်ပြထားပါသည်။

စာတည်းအဖွဲ့

# အနိမ့်ဆုံးဘုံလုပ်ငန်းစဉ် (Minimum Common Programme)
# (ဗကပ တင်ပြသည်)

## ရှေ့ဦးစကား

(၁) အားလုံးနဲ့ အပြေအလည်ဆွေးနွေးဖို့၊ ညှိနှိုင်းဖို့ တင်ပြတာ ဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းရာမှာလည်း (၂) ဖွဲ့ချင်း တိုးတိုးတိတ်တိတ်ပဲ လုပ်ချင်ပါတယ်။ စစ်မရောက်ခင် မြားကုန်မှာ စိုးလို့ပါ။ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ စစ်အာဏာရှင်များက ထိုင်ကြည့်နေမှာ မဟုတ်ပါဘူး။ အလွန်ဉာဏ်နီ ဉာဏ်နက်များ ကောက်ကျစ်ပါတယ်။

ဆွေးနွေးညှိနှိုင်းတာကို အချိန်ယူရမှာပါ။ စိတ်ရှည်ရမှာပါ။

ရွေးကောက်ပွဲသပိတ်မှောက်တာဟာ ‘၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး’ တိုက်ပွဲစဉ်ကြီးရဲ့ ပထမဆုံးခြေလှမ်းသာ ဖြစ်ပါတယ်။ သပိတ် မှောက်ရုံနဲ့ အဲဒီ ‘အခြေခံဥပဒေ’ ပျက်သွားမှာ မဟုတ်ပါ။

‘ရွေးကောက်ပွဲ’ ပြီးလို့ ပထမဆုံး ‘လွှတ်တော်’ အစည်းအဝေးခေါ်တဲ့နေ့မှာ ‘အခြေခံဥပဒေ’ အသက်ဝင်မှာပါ။ ရွေးကောက်ပွဲ ရလဒ်ကလည်း ဘယ်လိုဖြစ်မယ်ဆိုတာကို အခုကတည်းက သိသာပါတယ်။ စစ်အာဏာရှင်စနစ်ကို မျိုးစေ့ချခဲ့သူ၊ ကျင့်သုံးခဲ့သူ၊ ဆက်လက် ကျင့်သုံးလိုသူများရဲ့ “ပွဲတော်ကြီး” ပဲ ဖြစ်မှာပါ။ (နိုင်ငံရေးက လုံးဝအနားယူသွားပြီဆိုတဲ့ ဗိုလ်အောင်ကြီးကတောင် ပွဲထွက်လာတာကိုပဲ ကြည့်ပါ။)

‘အိမ်စောင့်ခေတ်’ ‘တော်လှန်ရေးကောင်စီနဲ့ မဆလ ခေတ်’ ‘နဝတ – နအဖ ခေတ်’ တို့မှာ တွင်ကျယ်ခဲ့သူတွေ အားလုံး (အားလုံး) ဟာ အခုဆိုရင် တသံတည်း ထွက်နေကြပါပြီ။ ရွေးကောက်ပွဲထောက်ခံရေးကို ပြောနေကြပါပြီ။

ကျွန်တော်တို့ဘက်က အခုမှ ခတ်ကွင်းပြင်နေရဆဲပဲ။ (MCP) တခုရဖို့ ကြိုးစားနေရဆဲပဲ။ ကျွန်တော်တို့ တာထွက်နောက်ကျပါတယ်။ မတတ်နိုင်ပါ။ (၈၈) အုံကြွမှုကြီးရဲ့ အရှိန်အဟုန်ကို မိမိတို့ ထိန်းမထားနိုင်လို့ ဒီလို ဖြစ်ရတာပါ။ (MCP) ညှိနှိုင်းရေးကိုတောင် အတော်ကြီး လုပ်ကြရမှာလို့ ယူဆပါတယ်။ အခက်အခဲ၊ အနှောင့်အယှက်၊ အတားအဆီးတွေကို ကျော်ဖြတ်ရပါလိမ့်မယ်။ ဒါကြောင့် ‘၂ ဖွဲ့ချင်း တိုးတိုး တိတ်တိတ်’ လုပ်နည်းကို ရွေးချယ်ရတာ ဖြစ်ပါတယ်။

နိုင်ငံတကာ့အခြေအနေကလည်း မိမိတို့ကို အခွင့်သာစေတာ မဟုတ်ပါ။ ‘မဆလ အခြေခံဥပဒေ တိုက်ဖျက်ရေး’ ကာလကနဲ့ အခုကာလ မတူတော့ပါ။ ဒါကြောင့် ‘၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး’ ကို ကိုယ့်အားကိုယ်ကိုး လုံးပန်းကြရတော့မှာ ဖြစ်ပါတယ်။ ‘ပြည်သူ့အင်အား တည်ဆောက်ရေး’ ကို ဖွဲ့နဲ့ လုပ်ကြရမှာပါ။ (MCP) ကို မိမိတို့ဘာသာ ထုဆစ်ကြရမှာပါ။ ဂျပန်ဖက်ဆစ်တော်လှန်ရေးကာလက ‘ပြည်တွင်း ပြည်ပအခြေအနေမျိုး’ မဟုတ်လို့လည်း (MCP) က စနေရတာပါ။ ဟိုတုန်းကတော့ အမျိုးသားညီညွတ်ရေး National Unity (NU) ကို အချိန်တိုအတွင်း တည်ဆောက်နိုင်ပေမယ့် အခုတော့ (NU) အထိ တက်လှမ်းဖို့ အနိမ့်ဆုံးက စရတာပါ။

(NU) ရှိမှပဲ စစ်အာဏာရှင်စနစ်ကို အပြီးအပိုင် တိုက်ဖျက်နိုင်မှာပါ။ (MCP) က NU ရရှိဖို့ ပထမဆုံးစတဲ့ ခြေလှမ်းပဲ ဖြစ်ပါတယ်။

## MCP နဲ့ပတ်သက်ပြီး အခိုင်အမာ အဆိုပြုချက်များ

(၁) ပြည်သူ့အင်အားPeople Power (PP) စုဆောင်းရေးကို ရည်မှန်းချက်ထားရပါမယ်။ PP စုဆောင်းရေးမှာ သန်ရာသန်ရာကို တာဝန်ယူပြီး လုပ်ကြဖို့ ဖြစ်တယ်။ တဖွဲ့တပါတီတည်းက လုပ်ငန်းအားလုံးကို လုပ်နိုင်မှာ မဟုတ်ပါဘူး။

– ဥပမာဆိုပါတော့ 'စစ်အာဏာရှင်စနစ်' ရဲ့ ကျောရိုး၊ စစ်အုပ်စုရဲ့ တလက်ကိုင် 'တပ်မတော်' ကို ပြုပြင်မှု Reform လုပ်လိုတဲ့ တပ်မှူးအကြပ်တပ်သားများကို စည်းရုံးဖို့ဆိုရင် 'တပ်မတော်' နဲ့ နီးစပ်သူများကပဲ လုပ်နိုင်ပါတယ်။ ဗကပ မလုပ် နိုင်ဘူး။ လက်ရှိတပ်မတော်မှာ BIA - BDA - PBF မျိုးဆက်တွေ မရှိတော့ဘူး။ အခု တပ်မတော်ထဲမှာရှိတဲ့သူတွေက ဗကပ နဲ့ သူသေကိုယ်သေ တိုက်ခဲ့ကြ သူတွေချည်း ဖြစ်တယ်။ ဗကပ က လုပ်ရင် သူတို့ကို ဖြိုခွဲတာပဲလို့ ထင်ကြမယ်။ ဒီအလုပ် Reform the Army (RAM) ကို လုပ်နိုင်တာက လက်ရှိတပ်မတော်နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ အဖွဲ့အစည်းတွေပဲ လုပ်နိုင်တယ်။ NLD ဆိုရင် လုပ်နိုင်တယ်။ မျိုးချစ်စစ်သည်တော်များလည်း လုပ်နိုင်တယ်။ ဗကပ က ကူညီတဲ့အခန်းကပဲ ပါနိုင်လိမ့်မယ်။

– လူထုလူတန်းစားအသီးသီးရဲ့ သမဂ္ဂများ၊ အဖွဲ့အစည်းများ ဖော်ထုတ်ရေးဆိုရင်တော့ လုပ်နိုင်တဲ့ အဖွဲ့အစည်း များတယ်။ သူတို့က အဓိကလုပ်ရမှာပဲ။

သမဂ္ဂအဖွဲ့အစည်းတွေကို ပြောင်လုပ်နိုင်မှာ မဟုတ်။ မြေအောက်လုပ်ငန်း ယူ/ဂျီ က စရမှာပဲ။ ဒါဆိုရင် ဗကပ လုပ်နိုင်တယ်။ ဗကပ က 'ယူ/ဂျီ ဝါရင့်' ပဲ။ (ယူ/ဂျီ အတွေ့အကြုံများတာကို ပြောတာပါ။)

သမဂ္ဂအဖွဲ့အစည်းတွေက လူထုတိုက်ပွဲ PP အရှိန်ရလာရင် ပြောင်ထွက်ရပ်ကြရမှာ ဖြစ်တယ်။ အဲဒီအခါမှာ ယူ/ဂျီ က (OG) မြေပေါ် တက်လိုက်ရုံပဲ။ (၈၈) အုံကြွမှုတုန်းက ဒီအတွေ့အကြုံ ရှိထားပြီးသားပါ။ အခြေအနေပေးလာရင်၊ အချိန်ကျလာရင် ပြောင်ထွက်ပြီး ရပ်ကြရမှာပါ။

(၂) **စံပြုရမယ့် တိုက်ပွဲနည်းနာ။** စံပြုရမှာက '၁၉၄၆ စက်တင်ဘာအုံကြွမှု' ဖြစ်ပါတယ်။ ၁၉၄၆ စက်တင်ဘာအုံကြွမှုရဲ့ အားသာချက်တွေက –

- အမျိုးသားညီညွတ်ရေး (NU) 'ဖဆပလ' အဖွဲ့ချုပ် ရှိနေတာပဲ။
- ဖဆပလ အဖွဲ့ချုပ်ရဲ့ အမိန့်ကို နာခံမယ့် လက်နက်ကိုင်ထားတဲ့ တပ်ရင်းတချို့နဲ့ လက်နက်ကိုင်မထားပေမယ့် စစ်အတွေ့အကြုံရှိတဲ့ 'ပြည်သူ့ရဲဘော်' တပ်ဖွဲ့တွေ ရှိနေတာ ဖြစ်တယ်။
- အမှုထမ်းပေါင်းစုံသမဂ္ဂတွေ၊ မီးရထား၊ သင်္ဘော၊ စာတိုက်ကြေးနန်း၊ ပုလိပ်တွေရဲ့ သပိတ်တွေ ရှိနေတာပဲ။ (အထွေထွေသပိတ် သပိတ်တပ်ပေါင်းစုကြီး ရှိနေတာပဲ။)

ချုပ်ပြီးပြောရင် သပိတ်စုံသူပုန်ထနိုင်တဲ့စွမ်းအား ရှိနေတယ်။ (၈၈ အုံကြွမှုမှာ အဲဒါတွေ မရှိခဲ့ဘူး။)

အဲဒီလို ဖဆပလ မှာ စွမ်းအားရှိနေလို့ပဲ ဖဆပလ ရဲ့ စည်းကမ်းချက်နဲ့ ဘုရင်ခံက အလျှော့ပေး စေ့စပ်လာရတာပါ။ (ဒေါက်တာမောင်မောင်ကဆိုရင် သူ့စည်းကမ်းချက်နဲ့ အထက်စီးက စေ့စပ်ချင်တာပဲ။)

ကြုံလို့ရေးပါဦးမယ်။ အခုတလောမှာ 'မောင်မောင်ခေါ်တုန်းက ဗျာမထူးကောင်းလား' လို့ ရေးတာတွေ့ရတယ်။ ဒေါက်တာမောင်မောင်က ရှေ့ကထွက်ပြီး 'အပျော့ဆွဲ' ဆွဲနေချိန်မှာ နေဝင်းစစ်အုပ်စုက 'မျိုးဆက်သစ် စစ်အုပ်စု' ကို အာဏာသိမ်းပွဲအတု လုပ်ခိုင်းဖို့ ကြိတ်ပြီး ပြင်ဆင်နေတယ်ဆိုတာကို သူတို့ မသိကြလို့ရေးတာ ဖြစ်လိမ့်မယ်။ အဲဒီတုန်းက 'စစ်အုပ်ချုပ်ရေး' ရုပ်သိမ်းထားပြီး တပ်တွေကို စုစည်းထားတယ်။ 'အာဏာသိမ်းပွဲအတု' တခုလုပ်ဖို့ ပြင်နေတယ်။ ဒါကို အတွင်းသိတွေတချို့ရေးတာ (အခု) ရှိနေပါတယ်။ သူတို့ အခုတလော တင်နေတဲ့ website မှာ တွေ့နိုင်ပါတယ်။

(၃) **MCP ရဲ့ အဓိကတာဝန်။** အဟောင်းကို ဖြိုပြီးရင် အစားထိုးဖို့ပဲ။ အာဏာအဖွဲ့အစည်းတခု အဆင်သင့်ရှိနေဖို့ ပြင်ဆင်ရေးပဲ။

၈၈ တုန်းကနဲ့ မတူတဲ့ အခွင့်သာချက် မိမိတို့မှာ ရှိတယ်။

အဲဒါက '၉၀ ရွေးကောက်ပွဲ' မှာ ပြည်သူက အပ်နှင်းတဲ့ အခွင့်အာဏာ (mandate) ရထားတဲ့ NLD/CRPP ရှိနေတာ ဖြစ်တယ်။

၈၈ တုန်းကလို အဟောင်းက သွက်ချာပါဒလိုက်နေချိန်မှာကျမှ အစားထိုးစရာ ဖုတ်ပူမီးတိုက် ရှာနေရတဲ့အဖြစ်မျိုး အခုဖြစ်စရာ မရှိဘူး။ NLD/CRPP က 'ယာယီအစိုးရ' တာဝန် ဝင်ယူလိုက်ရုံပဲ။

သင့်တော်တဲ့ကာလမှာ အခွင့်အာဏာအသစ် (mandate အသစ်) ရရှိဖို့ လွတ်လပ်၊ မျှတ၊ ပွင့်လင်း၊ အားလုံး ပါဝင်ခွင့်ရတဲ့ 'အထွေထွေ ရွေးကောက်ပွဲ' လုပ်ပေးမယ်လို့ 'ယာယီအစိုးရ' က ကတိပေးရမယ်။ ရွေးကောက်ပွဲ တရားမျှတကြောင်းကို ပြည်တွင်းပြည်ပက မြင်တွေ့စေရမယ်။

သင့်တော်တဲ့ကာလလို့ ရေးရတာက 'ယာယီအစိုးရ' မှာ လုပ်စရာတွေ များလို့ပါ။

- ❖ မတရားသင်းကြေညာခံထားရတဲ့ ပါတီအဖွဲ့အစည်းများကို (သူတို့လိုလားတယ်ဆိုရင်) ဒီမိုကရေစီ အခွင့်အရေး ပြန်ပေးရဦးမယ်။ ဒီအလုပ်က လက်ဝင်လိမ့်မယ်။
- ❖ လက်နက်ကိုင်တိုက်ပွဲ တိုက်နေသူတွေကို 'ယာယီအစိုးရ' က စစ်ရပ်စဲပေးထားပြီး စေ့စပ်ဆွေးနွေးရမယ်။ ဒါလည်း မြန်မြန်ဖြစ်မှာ မဟုတ်ဘူး။
- ❖ စစ်ရပ်စဲထားပြီး လက်နက်ကိုင်ထားတဲ့ အဖွဲ့အစည်းတွေနဲ့ စေ့စပ်ဆွေးနွေးရဦးမယ်။ BGF ဖြေရှင်းနည်း က အလုပ်မဖြစ်ဘူးဆိုတာ ရှင်းတယ်။
- ❖ စစ်စစ်မှန်မှန် 'ပြည်တွင်းစစ်ရပ်စဲရေး' ရဖို့ လုပ်ရဦးမယ်။
- ❖ ဒီအလုပ်တွေ လုပ်ဖို့က 'သေနတ်အပေါ် အမိန့်ပေးနိုင်တဲ့အာဏာ' ရှိနေမှ ဖြစ်မယ်။ ဗိုလ်ချုပ် အောင်ဆန်းလို စစ်တပ်အပေါ် ဩဇာရှိနေဖို့ လိုတယ်။

လုပ်စရာတွေ များပါတယ်။ အဲဒီလုပ်စရာတွေပြီးမှ ရွေးကောက်ပွဲ လုပ်နိုင်မှာပါ။

'ယာယီအစိုးရ' ရဲ့ နိုင်ငံခြားရေးပေါ်လစီကိစ္စကိုတော့ MCP မှာ မရေးတော့ပါဘူး။ 'ယာယီအစိုးရ' လုပ်မယ့် NLD/CRPP ကိုပဲ တာဝန်လွှဲပေးထားရမှာပဲ။

'ယာယီအစိုးရ' ကို ဘယ်သူတွေနဲ့ ဖွဲ့မလဲဆိုတာကို NLD/CRPP ကပဲ စဉ်းစားရမှာပါ။ ဒီကိစ္စက အရေးကြီး ပါတယ်။ တပ်မတော်ကို ပြုပြင်လိုတဲ့ (RAM) အင်အားစုများကို အာဏာအသိုက်အဝန်းမှာ နေရာပေးရလိမ့်မယ်။ 'အာဏာဟောင်း' က ငြိမ်နေမှာ မဟုတ်ဘူးဆိုတာကို သတိပြုရလိမ့်မယ်။ သေနတ်ကို အမိန့်ပေးနိုင်တဲ့အာဏာ 'ယာယီ အစိုးရ' မှာရှိဖို့ အရေးကြီးတယ်။ အရေးအကြီးဆုံးလို့တောင် ပြောနိုင်တယ်။ NLD/CRPP က စစ်အာဏာရှင်စနစ်ရဲ့

ပင်မဖြစ်တဲ့ စစ်အုပ်စုနဲ့ 'စေ့စပ်ဆွေးနွေးရေး' ဟာ ကျွဲပါးစောင်းတီး ဖြစ်မှာပဲ။ (RAM) အင်အားစုသာလျှင် 'စေ့စပ်ဆွေးနွေးဘက်' ဖြစ်နိုင်တယ်။

(၄) 'ယာယီအစိုးရ' က အလုပ်သမား၊ တောင်သူလယ်သမား၊ ကျောင်းသား၊ မြို့နေဆင်းရဲအလတ်နဲ့ တိုင်းရင်းသားအရင်းရှင်များ၊ စာပေ အနုပညာရှင်များရဲ့ 'ပြည်လုံးကျွတ်နီးနှောဖလှယ်ပွဲ' တွေ သူတို့ဘာသာ လွတ်လွတ်လပ်လပ် ဆွေးနွေး – ဆုံးဖြတ်နိုင်ဖို့ ကူညီရမယ်။ 'တော်လှန်ရေး ကောင်စီ' ရဲ့ 'နီးနှောပွဲ' မျိုးလုပ်လို့ မဖြစ်ပါဘူး။

ကာယကံရှင်တွေက သူတို့ ဘာလိုချင်တယ်ဆိုတာကို ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပြောနိုင်စေဖို့ပဲ လမ်းဖွင့်ပေးရပါမယ်။ အစိုးရအာဏာနဲ့ဝင်ပြီး လမ်းညွှန်တာ မလုပ်ဖို့ လိုပါတယ်။ ဒီမိုကရေစီကို ဖွင့်ပေးတဲ့ တာဝန်ပဲ ယူရပါမယ်။ ငွေရေးကြေးရေးတာဝန်လည်း ယူရမှာပါပဲ။

**နိဂုံးစကား**

အနိမ့်ဆုံးလို့ ယူဆတာနဲ့ အားလုံးလက်ခံနိုင်ကောင်းရဲ့ဆိုပြီး ရေးတာပါ။ တိုအောင်လည်း ရေးပါတယ်။

လိုတိုးပိုလျှော့လုပ်ဖို့ အဆင်သင့်ပါ။

'MCP' အဆိုပြုချက်ကိုရေးတဲ့ အကြောင်းရင်းက 'အာဏာပြဿနာ' ကို မဖြေရှင်းဘဲ တခြားပြဿနာတွေကို ဖြေရှင်းရင် စစ်အာဏာရှင်စနစ်က ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး တည်ရှိနေမှာပဲဆိုတာကို တင်ပြချင်လို့ပဲ ဖြစ်တယ်။ ဒီကိစ္စမှာတော့ 'ဗကပ' က စွဲမြဲစွာ ရပ်တည်ပါတယ်။

MCP က '၂၀၁၀ ရွေးကောက်ပွဲ' လွန်ကာလမှာကျမှ လုပ်ရမှာ ဖြစ်တယ်။ 'ရွေးကောက်ပွဲ'က 'အဖြစ်မှန်ကို ပြလိမ့်မယ်။ အမြင်မှန်ကို ရကြစေလိမ့်မယ်' လို့ ဗကပ က ယုံကြည်ပါတယ်။

MCP က ဘယ်သူ့ကိုမှ ဝိုင်းပယ်မထားပါ။ တပ်မတော်ကိုပင် ဝိုင်းပယ်မထားပါ။ တကယ်ကျတော့ 'တပ်မတော်' က စစ်အုပ်စု လက်ကိုင်တုတ် ဖြစ်နေတာ ကြာပါပြီ။ တုတ်ချက်တိုင်းကလည်း ဗကပ ကျောပေါ် ကျပါတယ်။ ဒါပေမဲ့ (RAM) ကို ဝိုင်းမပယ်ဘဲ အာဏာအသိုင်းအဝန်းထဲ ပါစေဖို့ ရှေ့နေလိုက်ပေးခဲ့ပါတယ်။

ဒီလောက်ပါပဲ။

ဗကပ (ဗဟို)

(၁၈ – ၈ – ၂၀၁၀)

# မှန်ကန်တဲ့လမ်းစဉ်၊ မှန်ကန်တဲ့ခေါင်းဆောင်မှုမရှိဘဲ မအောင်မြင်နိုင်ပါ

(၁) လွတ်လပ်ရေးတိုက်ပွဲကာလက မိမိတို့တွင် ယေဘုယျလမ်းညွှန်ချက် ရှိသည်။ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးဟု ရှိသည်။ ယေဘုယျလမ်းကြောင်းကို ပြထားတာ ဖြစ်သည်။ လမ်းကြောင်းမှန်အတိုင်း မတိမ်းမစောင်းလမ်းညွှန်ဖို့ကျတော့ မှန်ကန်တဲ့လမ်းစဉ်နဲ့ ခေါင်းဆောင်မှု လိုသည်။ ယေဘုယျနဲ့မရ။ ခိုင်မာတိကျတဲ့လမ်းစဉ် လိုသည်။ လမ်းစဉ်ကို မှန်ကန်စွာ အကောင်အထည်ဖော်မည့်ခေါင်းဆောင် လိုသည်။ ဒီ (၂) ခု မရှိဘဲ အောင်ပွဲမရနိုင်။

ဒီ (၂) ခုကလည်း မိုးပေါ်က ကျလာမှာ မဟုတ်။ မိမိတို့ပဲ အားထုတ်ရမည်။

(၂) မှန်ကန်တဲ့လမ်းစဉ် အခြေခံအားဖြင့် ရှိခဲ့သဖြင့် ၁၉၄၈ က လွတ်လပ်ရေးရသည်။ ဒီထက်ပိုပြီး ရသင့်သည်။ ဒီလောက်နဲ့ ကျေနပ်သင့်ပြီဆိုတဲ့ အငြင်းအခုံတော့ ရှိသည်။ သို့သော် ရန်ဘက်ဖြစ်လောက်တဲ့အဆင့်အထိ မရောက်။

ရန်ဘက်အဆင့်အထိ ရောက်စေတာက ရှေ့ခရီးအတွက် လမ်းစဉ်မတူကြတာ ဖြစ်သည်။ လမ်းစဉ်မတူတော့ ခေါင်းဆောင်မှုလည်း မတူတော့။ အာဏာရနေသည့် ဖဆပလ (တကယ်တော့ ဆိုရှယ်လစ်ပါတီ) က သူ့ခေါင်းဆောင်မှုကို အားလုံးက ကျိုးကျိုးနွံနွံ နာခံစေချင်သည်။ တခြားအင်အားစုများက မနာခံနိုင်။ ဗကပ သာ မဟုတ်။ ပြည်သူ့ရဲဘော်၊ လူငယ်အစည်းအရုံး စတာတွေက လမ်းစဉ်မှားနေပြီဟု ယူဆသလို မနာခံနိုင်။ လမ်းစဉ်တိုက်ပွဲ ကြီးကြီးကျယ်ကျယ် ဖြစ်သည်။ နောက် ရန်ဘက်ဖြစ်ကြသည်။ ဒီလိုနဲ့ ပြည်တွင်းစစ် ဖြစ်သည်။

ဗမာချင်း တိုက်ကြတော့ အခါအခွင့်ကောင်းပေါ်ပြီဆိုပြီး လူမျိုးစုများကပါ ထကြွသည်။ ဒီလိုနဲ့ ပြည်တွင်းစစ်မီးက တဆင့်ပြီးတဆင့် ကျယ်ပြန့်သွားသည်။ ကျယ်ပြန့်စေသည့် အကြောင်းတွင် နိုင်ငံတကာ့အခြေအနေပြောင်းတာ ပါသည်။ သို့သော် အကျယ်မချဲ့တော့ပါ။ လမ်းစဉ်ကိစ္စကိုပဲ ပြောမည်။

လမ်းစဉ် (၂) ခုက (၃) ခု ဖြစ်လာသည်။ ဗကပ၊ ပြည်သူ့ရဲဘော်၊ အလံနီ၊ ဆိုရှယ်လစ်လက်ဝဲဂိုဏ်း၊ လူငယ်အဖွဲ့အစည်း စတာတွေက လွတ်လပ်ရေးတိုက်ပွဲဝင်ကာလက ချမှတ်ခဲ့သည့် 'ယေဘုယျလမ်းကြောင်း' ပေါ်တွင် ရပ်ခံသည်။ လူမျိုးစုများကတော့ 'တခြားလမ်းကြောင်း' အပေါ် ရပ်တည်သည်။

အာဏာရဘက်ယိမ်းတဲ့လမ်းစဉ်၊ အာဏာမဲ့တို့ဘက်ယိမ်းတဲ့ လမ်းစဉ်သမားတွေလည်း ရှိသေးသည်။

လမ်းစဉ်တိုက်ပွဲက ကြီးမားကျယ်ပြန့် နက်ရှိုင်းရှုပ်ထွေးလာခဲ့ပြီ။

(၃) နိုင်ငံတကာမှ ရဲဘော်များ၊ မိတ်ဆွေများက 'လက်ဝဲညီညွတ်ရေး' ကို စပြီးလုပ်ဖို့ အကြံပြုကြသည်။ ဗကပ လုပ်ကြည့်သည်။ မအောင်မြင်ပါ။ သခင်စိုး၏ စာတမ်းရှည်ကြီးတွေသာ တခုပြီးတခု ထွက်လာသည်။

ဗကပ က '၅၅' လမ်းစဉ် ချမှတ်တော့ 'လက်ဝဲညီညွတ်ရေး' ဇာတ်သိမ်းသွားသည်။ အလံနီက 'ကျွန်ပွဲစားကြီးသခင်သန်းထွန်း' စာတမ်း ချက်ချင်းထုတ်သည်။ ပြည်သူ့ရဲဘော်က အလံနီလေသံလိုက်ပြီး 'သခင်သန်းထွန်းတို့လူစုလက်နက်ချဖို့ပြင်ပြီ' စာတမ်း ထုတ်သည်။

ဗကပ ၏ ဒေသန္တရပါတီကော်မတီတချို့သည် '၅၅ လမ်းစဉ်' စာတမ်း မဖတ်ရခင်ကတည်းက အလံနီနဲ့ပြည်သူ့ရဲဘော် စာတမ်းတွေကို ရခဲ့သည်။ ရှမ်းပြည်နယ်ပါတီကော်မတီတွင်း ရောက်နေသော အလံနီ (ဟောင်း) များက 'ရှမ်းပြည်ကွန်မြူနစ်ပါတီ' တစင်ထောင် ခွဲထွက်သည်။ ၅၅ လမ်းစဉ်စာတမ်း မရသေးပေမယ့် အလံနီနဲ့ပြည်သူ့ရဲဘော်



**ဗိုလ်ထွန်းလင်း (ပြည်သူ့ရဲဘော်)၊ သခင်သန်းထွန်းနှင့် သခင်စိုး**

လေသံလိုက်ပြီး ၅၅ လမ်းစဉ်ကို ဆန့်ကျင်လို့ ခွဲထွက်တာလို့ ဆိုသည်။

ချုပ်လိုက်တော့ ပြည်သူ့ရဲဘော်လက်နက်ချ သွားပြီး ကိုသိန်းဖေနဲ့ တွဲမိသွားသည်။ နောက် မဆလ ဖြစ်သည်။ အလံနီကလည်း ဝသုံးလုံး ရပ်တည်ချက်နဲ့ တယောက်တည်းကျန်ပေစေ လက်နက်ကိုင်တိုက်ပွဲ ဆက်တိုက်မည်ဟုပြောပြီး တယောက်တည်း လက်နက်ချသွားသည်။ နောက် မဆလ ဖြစ်သည်။

ဇာတ်ပေါင်းလိုက်တော့ 'လက်နက်ချတော့မယ်' အပြောခံရတဲ့ ဗကပ က လက်နက်မချဘဲ တဗိုလ်ကျ တဗိုလ်တက် ဆက်လက်တိုက်ပွဲဝင်နေသည်။

'လက်နက်မချဘူး' ဆိုသူတွေက လက်နက်ချကြသည်။ ဒါက ၁၉၈၈ မတိုင်မီက သမိုင်းတကွေ့ ဖြစ်သည်။ လမ်းစဉ်အရှုပ်အထွေး လမ်းစဉ်တိုက်ပွဲ ဖြစ်သည်။

(၄) ၁၉၈၈ နောက်ပိုင်းကျတော့ စစ်နဲ့တော်လှန်ရေးခေတ် မျိုးဆက်ဟောင်းများရဲ့ခေတ် မဟုတ်တော့။ နိုင်ငံရေးဇာတ်ခုံပေါ်သို့ မျိုးဆက်သစ်များ တက်လာခဲ့ကြပြီ။ 'လွတ်လပ်ရေး – ဒီမိုကရေစီရေး – ဆိုရှယ်လစ်ရေး' ယေဘုယျလမ်းညွှန်ချက်ကို ပစ်ပယ်လိုက်ကြပြီ။

နိုင်ငံတကာ့အခြေအနေကလည်း ပြောင်းခဲ့ပြီ။ 'ဒီမိုကရေစီရေးနဲ့လွတ်လပ်မှု' က အားလုံးရဲ့ ယေဘုယျလမ်းညွှန်ချက် ဖြစ်လာသည်။

အဲဒီအခါကျမှ လမ်းစဉ်အရှုပ်အထွေးက ပိုပြီးကျယ်ပြန့်လာသည်။ လမ်းစဉ်တိုက်ပွဲတွေ ပြည်တွင်းပြည်ပမှာ တခြိမ်းခြိမ်း ဖြစ်သည်။ ပါတီတွေ၊ အဖွဲ့တွေ၊ အစုတွေကလည်း လျော့သွားတာ မရှိ။ တိုးလာသည်။

အာဏာရကလည်း 'ဒီမိုကရေစီ' အာဏာမဲ့တွေကလည်း 'ဒီမိုကရေစီ' ဗမာပြည်မှာ 'ဒီ' D မပါတဲ့ ပါတီအဖွဲ့အစည်း မရှိသလောက် ဖြစ်သည်။ ခြွင်းချက်တော့ ရှိသည်။ 'မဆလ' အမွေခံ တစည (NUP) မှာ (D) မပါ။ လမ်းစဉ်မှာတော့ ပါလိမ့်မည် ထင်သည်။ ၂၀၀၈ အခြေခံဥပဒေမှာ ပါတဲ့ "ဒီမိုကရေစီ" မျိုးပဲ ဖြစ်မည်။

(၅) ဗကပ က (၁၉၈၀) အထိ 'ပြည်သူ့ဒီမိုကရေစီ' ဟု ပြောသည်။ နောက်တော့ 'ပါတီစုံဒီမိုကရေစီ' ကို ဆော်ဩသည်။ လွတ်လပ်ရေးတိုက်ပွဲခေတ်က 'ယေဘုယျလမ်းညွှန်ချက်' ကို ပယ်လိုက်တာ မဟုတ်။ ဒီမိုကရေစီအဆင့်တွင် အဆင့်ခွဲရှိရမည်ဟု (ပြီးခဲ့သည့် အတွေ့အကြုံများအရ) မြင်သဖြင့် အဆင့်ခွဲတခု တိုးလိုက်တာ ဖြစ်သည်။

ဗကပ ရပ်ခံနေသည့် 'ဒီမိုကရေစီ' သည် စစ်အာဏာရှင်စနစ်ကို အကြွင်းမဲ့အကုန်အစင် ဖျက်သိမ်းရေး – အရင်းအမြစ်ကနေ ပြောင်းလဲရေး ရယ်ဒီကယ် (radical) လမ်းစဉ် ဖြစ်သည်။ အသင့်အတင့်ပြုပြင်ရေး လစ်ဘရယ် (liberal) မဟုတ်။ ရှင်းအောင် ထပ်ပြီးတင်ပြပါမည်။

စစ်အာဏာရှင်စနစ်သည် မိုးပေါ်ကကျလာတာ

မဟုတ်။ စစ်တပ်တွင်းမှာ သန္ဓေတည်လာသည့် ဆိုရှယ်လစ် စစ်အုပ်စုက စလာတာ ဖြစ်သည်။ ထိုသို့ သန္ဓေတည်နိုင်အောင် ကလည်း စစ်ဗျူရိုကရေစီယန္တရားကြီးကို ကြိုးကိုင်နိုင်လို့ ဖြစ်သည်။

ဆိုရှယ်လစ်စစ်အုပ်စုက ဗကပ အပြုတ်တိုက်ရေးမှာ ပြတ်သားသည်။ ၁၉၅၈ က ဦးနုကို အကျပ်ကိုင်ပြီး အာဏာ ရယူခဲ့သော ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေတို့သည် စစ်ရုံးချုပ်မှလူများ ဖြစ်သည်။ သူတို့ပြောတာက ရှေ့တန်းမှာ ဗကပ အပြုတ်တိုက်ချေမှုန်းရေး လုပ်နေကြတဲ့ တပ်တွေက ဦးနု မြေပေါ်ကွန်မြူနစ် (ပမညတ) နဲ့ပေါင်းပြီး အာဏာယူထားတာကို မကျေနပ်ဘူး။ (ထိုစဉ်တုန်းက အထက်ဗမာပြည်တိုင်းက ဆိုရှယ်လစ်စစ်အုပ်စု၏ နှုတ်မိန့်မှာ "တောထဲမှာ အရှင်မိတဲ့ 'ဗကပ' ကို လက်နက်ချမလား၊ မချဘူးလားမေးကြည့်။ မချဘူးဆိုရင် ရှင်းပစ်ခဲ့။ မြို့ပေါ်မှာ ကွန်မြူနစ် ရှားလို့ တောထဲသွားပင့်ခိုင်းတာ မဟုတ်ဘူး") အဲဒီလို ခြောက်လှန့်ပြီး ဦးနုဆီက အာဏာ'တောင်း'ခဲ့တာ ဖြစ်သည်။ ၁၉၆၂ ကျမှ အာဏာ'သိမ်း'တာ ဖြစ်သည်။ စစ်အာဏာရှင်စနစ် စစ်အစိုးရ ဖြစ်လာသည်။

(၆) စစ်အာဏာရှင်စနစ်၏ ဒီနေ့အဓိက ပစ်မှတ်မှာ NLD ဖြစ်သည်။ ဗကပ မဟုတ်။ ဗကပ လက်ကျန်နဲ့ ဗကပ မျိုးဆက်သစ်ကို သူတို့ အဓိကမထားပါ။ NLD ကိုပဲ အဓိကထားသည်။

ဒါကြောင့်ပဲ 'ဝံသာနု NLD''NDF' တို့ကို လွယ်လွယ်ကူကူ မှတ်ပုံတင်ခွင့်ပြုသည်။ စစ်အစိုးရဘက်က ရှေ့နေလိုက်နေသူတွေကိုလည်း ဂျာနယ်တချို့မှာ ရေးခွင့်ပေးသည်။ သူတို့ကလည်း NLD က ရယ်ဒီကယ်ဖြစ်လာတာကို 'မိုက်မဲမှု' ဟု ပြစ်တင်မောင်းမဲသည်။ တချို့က စကားလုံးကြမ်းကြမ်းသုံးသည်။ တချို့ကတော့ နားချတဲ့သဘောရေးသည်။ သဘောကတော့ အတူတူဖြစ်သည်။

NLD အခု ကြုံနေရတာကို ဗကပ က ကိုယ်ချင်းစာသည်။ ၁၉၄၈ က ဗကပ ကြုံရတာနဲ့ ဆင်နေလို့ဖြစ်သည်။ အကြံပြုချင်ပါသည်။

– ပြတ်သားတဲ့ ဒီမိုကရေစီလမ်းစဉ်ကို မှန်ကန်တက်ကြွတဲ့ ခေါင်းဆောင်မှုနဲ့ ပေါင်းစပ်ပေးဖို့ လိုပါသည်။

– ခေါင်းဆောင်မှုစဉ်ဆက်မပြတ်ရှိရေးသည် အရေးအကြီးဆုံး ဖြစ်သည်။ (ဗကပ ကတော့ သူ့အခြေအနေ အရ 'တောခို' တာ လုပ်ခဲ့သည်။ ဒါကြောင့် ခေါင်းဆောင်မှုစဉ်ဆက်မပြတ် ရှိခဲ့တာ ဖြစ်သည်။ NLD က ကိုယ့်အခြေအနေအရ ခေါင်းဆောင်မှု စဉ်ဆက်မပြတ်ဖို့ စဉ်းစားစီစဉ်ထားသင့်သည်။)

– စစ်အာဏာရှင်စနစ်က NLD အမြစ်ပြတ်ချေမှုန်းရေး လုပ်မှာကို တွက်သင့်သည်။ 'ရွေးကောက်ပွဲ' ပြီးလျှင် သူတို့က တဆင့်တက်လာနိုင်သည်။

– သူများအတွင်းရေး ဝင်စွက်သည်ဟု မထင်စေချင်ပါ။ '၈၈ အုံကြွမှု' ရဲ့ နောက်ဆုံးရတနာ NLD ကို ကာကွယ်ချင်တာ ဖြစ်သည်။ ကာကွယ်ရန်တာဝန်လည်း ရှိသည်ဟု ယူဆသည်။ မှန်ကန်တဲ့လမ်းစဉ်ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုက အကောင်အထည်ဖော်မှ အောင်ပွဲရမှာ ဖြစ်သည်။

– ဒီမိုကရေစီအရေးတော်ပုံက (၆၀) ကျော်ခဲ့ပြီ။ မှန်ကန်တဲ့လမ်းစဉ်နဲ့ အဲဒီလမ်းစဉ်ကို မှန်ကန်စွာ ရှေ့ဆောင်နိုင်မယ့် ခေါင်းဆောင်ရှိဖို့ အလောတကြီး လိုနေပါပြီ။

– ဗကပ ကတော့ အရေးတော်ပုံ မအောင်မြင်မချင်း တိုက်ပွဲဝင်ဖို့ ခိုင်မာတဲ့သန္နိဋ္ဌာန်ရှိသည်။

**NLD အခု ကြုံနေရတာကို ဗကပ က ကိုယ်ချင်းစာသည်။**
**၁၉၄၈ က ဗကပ ကြုံရတာနဲ့ ဆင်နေလို့ဖြစ်သည်။**



# ၆၅ နှစ် ခရီး

(၁) ရဲဘော်ဗဟိုန်းဦးစီးပြီး “ပြည်သူ့အာဏာ” စတင်ထုတ်ဝေစဉ်က အခြေအနေတွေနဲ့ ယနေ့အခြေအနေ အများကြီးကွာခြားပါတယ်။ မတူတော့ပါ။ ဟိုတုန်းက ဂျပန်လက်နက်ချပြီးတာ တလကျော်ကလေးပဲ ရှိတယ်။ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးကို တလျှောက်လုံးရပ်ခံပြီး ဇွဲနဲ့လုပ်ခဲ့တဲ့ ‘ဗကပ’ ရဲ့ ဂုဏ်သိက္ခာ တက်နေတယ်။ ပါတီရဲ့ အာဘော်အဖြစ်ထွက်လာတဲ့ ဂျာနယ်ဖြစ်လို့ လူတွေ စိတ်ဝင်စားတယ်။

အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးဖြစ်တဲ့ ‘ဖဆပလ’ ရဲ့ လုပ်ငန်းလမ်းစဉ်တွေကို ဝါဒဖြန့်သူ၊ စည်းရုံးသူဖြစ်လို့လည်း လူထုက စိတ်ဝင်စားတယ်။

တတိုင်းပြည်လုံးရှိ လူထုကြီးကလည်း စစ်ကြီးပြီးဆုံးသွားတာကြောင့် ရွှင်လန်းတက်ကြွနေချိန် ဖြစ်တယ်။ အောင်ပွဲခံလေထုနဲ့ပြည့်လျှမ်း – အောင်ပွဲခံစိတ်ဓာတ် မြင့်မားနေချိန်လည်း ဖြစ်တယ်။

(၂) ၆၅ နှစ်အတွင်းမှာ ‘ပြည်သူ့အာဏာ’ ဟာ ငုပ်လိုက်ပေါ်လိုက်နဲ့ ဖြတ်သန်းလာခဲ့ရင်း ၁၉၈၀ လွန်ခေတ်ကာလကျမှ အခါအားလျော်စွာ ထုတ်ဝေနိုင်ခဲ့တယ်။ အမှတ် (၃၂) အထိ ရောက်ခဲ့ပါတယ်။ ဒီလို ထုတ်ဝေနိုင်ခဲ့တာဟာ ဗကပ ဗဟိုကိုယ်တိုင်က မြေအောက်ပါတီ (ယူ/ဂျီ) ဖြစ်နေလို့ပါပဲ။ စစ်ရေးစစ်ရာတာဝန်တွေ ပိမနေလို့ပဲ။

ဒါပေမဲ့ အခြေအနေတွေက အပြောင်းအလဲကြီး ပြောင်းလဲခဲ့ပါပြီ။ ဘာတွေပြောင်းလဲသလဲ။ ဒါကို အခုဆောင်းပါးက အထူးပြုတင်ပြမှာပါ။

(၃) နိုင်ငံတကာ့အခြေအနေအပြောင်းအလဲ။

- ဆိုဗီယက်ယူနီယံ ကျဆုံးသွားပြီး တကမ္ဘာလုံး နိုင်ငံကြီးကြီးငယ်ငယ် အားလုံး (အားလုံး) က အရင်းရှင်စနစ်ကို ကျင့်သုံးလာကြတယ်။

- အရင်းရှင်စနစ်ကလွဲပြီး ကျန်တဲ့စနစ်တွေ နိဂုံးချုပ်သွားပြီဆိုတဲ့ အတွေးအခေါ်က လွှမ်းမိုးလာတယ်။ အတွေးအခေါ်စစ်မျက်နှာမှာလည်း အရင်းရှင်အတွေးအခေါ်ကပဲ အနိုင်ရလိုက်ပြီး မာ့က်စ်ဝါဒအတွေးအခေါ် ကျဆုံးသွားပြီလို့ ဆိုကြတယ်။

- ကမ္ဘာမှာ စူပါပါဝါတခုပဲ ရှိတယ်ဆိုတဲ့ အယူအဆက အသံကျယ်လာတယ်။

ပြည်တွင်းအပြောင်းအလဲ။

- အမျိုးသားညီညွတ်ရေး ပြိုကွဲမှုက အထွတ်အထိပ် ရောက်လာတယ်။ (၁၉၄၈) က စလိုက်တဲ့ ပြိုကွဲမှုဟာ ရပ်မသွားရုံမက ပိုပြီး တိုးပွားလာတယ်။ မတရားသင်း ကြေညာခံရတဲ့ စာရင်းကိုကြည့်။ လျော့မသွားဘူး၊ တိုးလာတယ်။

- ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး မရှိဘူး။ အကျိုးဆက်က မဖွံ့ဖြိုး မတိုးတက်ဘူး။ ပြည်တွင်းလာပြီး ရင်းနှီးမြှုပ်နှံသူတွေက အမြတ်ထုတ်သွေးစုပ်တာ ခံရရုံမက ပြည်သူတွေ သန်းနဲ့ချီပြီး ပြည်ပထွက် အလုပ်လုပ်နေကြရပြီ။ ဆန္ဒအလျောက် ပြည်ပထွက်ကျွန်ခံရသူ က များသထက် များလာတယ်။



သခင်ဗဟိန်း

- စစ်အာဏာရှင်စနစ်က ပိုပြီးကျယ်ပြန့်လာနေတယ်။ 'အာဏာပိုင်အဖွဲ့အစည်း' 'အာဏာပိုင်' ဆိုတဲ့ စကားလုံးက ရပ်ကွက်ကျေးရွာအထိ ပြန့်နေပြီး ဂျပန်ခေတ် အုပ်ချုပ်ရေးနဲ့ ဘာမှမထူးသလို ဖြစ်နေပြီ။ "နိုင်ငံတော်" ဆိုတာနဲ့ 'စစ်အုပ်စု' တထပ်တည်း ဖြစ်နေပြီ။ ဒီမိုကရေစီစည်းဝိုင်းဆိုတာက ကြာလေကျဉ်းလေ ဖြစ်နေတယ်။ '၂၀၀၈ အခြေခံဥပဒေ' အောက်မှာ 'လုပ်ကွက်ကလေး' ရှိကောင်းရဲ့ ပြောခဲ့သူတွေလည်း 'လုပ်ကွက်' က မလူးသာ မလွန့်သာ ဖြစ်နေတာကို ခံစားနေရကြပြီ။

(၄) ပြည်တွင်းပြည်ပ အခြေအနေတွေက ဆက်ပြီးပြောင်းနေတယ်။ ၂၁ ရာစုရဲ့ ပထမဆုံး 'ဆယ်စုနှစ်' ကုန်ခါနီးမှာ အပြောင်းအလဲက ထင်ရှားလာတယ်။ 'နိဂုံးချုပ်ပြီ' ဆိုတာတွေက နိဂုံးမချုပ်ဘူး။ မာ့က်စ်ဝါဒအတွေးအခေါ်က မကျဆုံးဘူး။ 'စူပါပါဝါ' မှာလည်း 'စူပါစွမ်းအား' မရှိဘူး။ အရင်းရှင်စနစ်ကလည်း မဖြောင့်ဖြူးဘူးဆိုတာတွေ ထင်ရှားလာတယ်။

အဲဒီလို အခြေအနေမှာ 'ပြည်သူ့အာဏာ' က "၆၅ နှစ်မြောက်မွေးနေ့" ကို အထိမ်းအမှတ်ပြုနေတာပါ။

ရှေ့လာမယ့် '၅' နှစ်ခရီးမှာ 'ပြည်သူ့အာဏာ' က ပိုမိုကောင်းမွန်တဲ့ အကျိုးပြုမှုလုပ်ဖို့ သန္နိဋ္ဌာန်ရှိပါတယ်။

"ရွေးကောက်ပွဲ" ဆိုတာကြီး ပြီးတဲ့နောက်မှာ ပြည်သူကို စည်းရုံးတဲ့အလုပ် ပိုပြီးလုပ်နိုင်ဖို့ စဉ်းစားထားပါတယ်။ 'ပြည်သူ့အာဏာ' ကို သဘောတရားရေးဂျာနယ်အဖြစ် ထုတ်ဝေပြီး လတ်တလောနိုင်ငံရေးကိစ္စများကို ဗကပ ရဲ့ အာဘော်အဖြစ် ဖော်ပြနိုင်တဲ့ **'အရေးတော်ပုံဂျာနယ်'** ထုတ်ဖို့ စီစဉ်နေပါကြောင်း။

စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်။

ဒီမိုကရေစီအရေးတော်ပုံ အောင်ရမည်။

# အမေရိကန်နဲ့တရုတ်ရဲ့ ဗမာပြည်က ‘ပါဝါပျော့လွန်ပွဲ’

‘ပါဝါ’ ဆိုတာ ‘အာဏာ’။ ပျော့ပျော့မာမာ အာဏာက အခရာပဲ။ တုတ်ကိုင်ထားပြီး ချော့တာနဲ့ခြောက်တာ ဖြစ်တယ်။ (သန်းရွှေစစ်အုပ်စုက ‘ရွေးကောက်ပွဲ’ လုပ်ပေးမယ်ဆိုတာ ‘အာဏာပျော့’ ကျင့်သုံးတာလို့ ပြောလို့ရတယ်။)

အိုဘားမားအစိုးရ တက်လာတော့ အပြောင်းအလဲရှိမယ် ထင်ခဲ့ကြတယ်။ အခြေခံကနေပြောင်းတာ ဘာတခုမှ မရှိပါဘူး။ အပြောအဆို ပြောင်းတာပဲ ရှိတယ်။ ဘုရှ်လို အပြောမကြမ်းဘူး။ ‘ငါ့ဘက် မပါရင် ဟိုဘက်ကပဲ’ ဆိုတဲ့အပြောမျိုး မပြောဘူး။ စစ်ဝတ်စုံဝတ်ပြီး စစ်သင်္ဘောပေါ်မှာ ‘တာဝန်အောင်မြင်ပြီ’ လို့ မကြွားဘူး။ ဒါပေမဲ့ ဘာမှတော့ မပြောင်းဘူး။ စစ်တွေဆက်တိုက်တယ်။ စစ်ရေးအင်အားနံပါတ်ဝမ်းနေရာကို ဆက်ပြီးထိန်းတယ်။ အစ္စရေးလ်ကိုပဲ ညာတာထောက်ထားအားပေးတယ်။ ထူးထူးခြားခြား သူလုပ်တာကတော့ သံတမန်ရေးကစားပွဲကို ပိုပြီးလုပ်တယ်။ နိုင်ငံခြားရေးဝန်ကြီးနဲ့ သူ့ဌာနကလူတွေ အလုပ်ရှုပ်ကြတယ်။ ဗမာပြည်ကို လာတာတောင် (၂) ခါ (၃) ခါ ရှိပြီ။ နောက်ကို လာနိုင်ဖို့လည်း စကားကို ချင့်ချင့်ချိန်ချိန် ပြောတယ်။ ဒါက ‘ပါဝါပျော့လွန်ပွဲ’ တရုတ်နဲ့ ဆွဲနေရလို့ပဲ။

❖ တရုတ်နဲ့ ‘ပါဝါပျော့လွန်ပွဲ’ လုပ်နေပြီ။ ဘုရှ်လက်ထက်က နအဖ ကို တရုတ်ဘက် တွန်းပို့သလို လုပ်ခဲ့တာကို ပြင်ချင်တာပဲ၊

❖ တရုတ်ကလည်း ‘ပါဝါပျော့လွန်ပွဲ’ ဆွဲရတာကို ကျေနပ်တယ်။ သူက တပန်းသာတယ်လို့ ယူဆတယ်။ သူက စစ်အစိုးရကို ‘စိုင်ရှင်’ မလုပ်ဘူး။ အမေရိကန်က ‘စိုင်ရှင်’ လုပ်လေ ‘ငါးက သူ့ပိုက်ထဲချည်း ဝင်တိုးလေ’ ဖြစ်နေတာကြောင့်ပဲ။

❖ အိုဘားမား ‘စိုင်ရှင်’ ရုပ်သိမ်းဖို့ကလည်း မလွယ်ဘူး။ ကမ္ဘာပေါ်မှာ ဖြစ်ပျက်သမျှကိစ္စတိုင်းမှာ သူတို့ အမေရိကန်လွှတ်တော်က ဝင်ပါရမယ်လို့ ယူဆထားလို့ပဲ။ အုပ်ချုပ်ရေးအာဏာရထားတဲ့ သမ္မတလို ‘အပျော့ဆွဲ’ သိပ်



တာဝန် အောင်မြင်ပြီ

မလုပ်ချင်ဘူး။ ခပ်မာမာပဲ။ အမေရိကန်နိုင်ငံရေးစနစ်နဲ့ လုပ်ဟန်ကလည်း နိုင်ငံရေး ပါတီတွေကို အမြဲတမ်း 'မဲဆွယ်' နေစေတဲ့စနစ်ဖြစ်တော့ လွှတ်တော်မှာ အပြောင်းအလဲကြီးရှိဖို့ မလွယ်ဘူး။

ပါဝါက ပျော့ပျော့မာမာ နိုင်ငံရေး အာဏာ (ပါဝါ) က အဓိကပါ။ နောက်ခံအမာရှိမှ အပျော့လုပ်လို့ ရတာပဲ။ နောက်ခံမရှိဘဲ ပျော့နေရင် ပိုပြီးတောင် အထင်သေးခံရပြီး ခေါင်းကိုတက်နင်းတာ ခံရမှာပဲ။

ဗမာပြည်မှာ အမေရိကန်နဲ့တရုတ် ပါဝါပျော့လွန်ပွဲက အခုမှ စကာရှိသေးတယ်။ ပါဝါပျော့ချင်း ပြိုင်ကြရင်း ဗမာပြည်ရဲ့ပြဿနာက တစတစပျောက်သွားတာနဲ့ ပြည်သူက မျက်စေ့လည်ကျန်ရစ်မှာ စိုးပါတယ်။

ဗမာပြည်ပြဿနာက ကိုယ့်ဘာသာ ဖြေရှင်းရမှာပါ။ နိုင်ငံရေးအင်အားစုတွေက ပြည်သူလူထုကိုပဲ အားကိုးရမှာပဲ။

ပါဝါပျော့လွန်ပွဲက တော်တော်နဲ့ ပြီးမှာမဟုတ်။ ဂျပန်၊ အိန္ဒိယ၊ အာဆီယံ ပါလာရင် ပိုပြီးပွဲစည်လိမ့်မယ်။ နတ်ကရာ ကြည့်မောနေလို့ မဖြစ်ပါ။

> 'ပါဝါ' ဆိုတာ 'အာဏာ'။
> ပျော့ပျော့ မာမာ
> အာဏာက အခရာပဲ။

# G20 ထိပ်သီးအစည်းအဝေးကို နိုင်ငံရေးဘက်က ချဉ်းကပ်ကြည့်ခြင်း

(၁) **G20** ထိပ်သီးအစည်းအဝေးတွေ ခဏခဏလုပ်တယ်။ စတုတ္ထအကြိမ် ပြီးသွားပြန်ပြီ။ မျှော်လင့်ထားတဲ့အတိုင်း ထုတ်ပြန်ချက်ရဲ့ ရှေ့ပိုင်းမှာ ကိုယ်ကျိုးစီးပွားကာကွယ်ရေး မလုပ်ဖို့ ကတိပေးတယ်ဆိုတာ ပါလာတယ်။

၁၉၃၀ တုန်းက အမေရိကန်မှာဖြစ်တဲ့ စီးပွားရေးကပ်တုန်းက ကိုယ်ကျိုးစီးပွားကာကွယ်ရေး လုပ်ခဲ့လို့ တကမ္ဘာလုံး ပြောင်းဆန်သွားတယ်။ ဖျာမဏီနာဇီတွေ အာဏာရလာတယ်။ ဂျပန်စစ်ဝါဒနဲ့ အီတလီဖက်ဆစ်တွေ အတင့်ရဲလာတယ်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခဲ့တယ်။ ဒါကို သင်ခန်းစာယူပြီး "ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ မလုပ်ကြေး" ကို ခဏခဏ ပြောနေကြတာပဲ။ အမေရိကန်ကို ရည်ရွယ်ပြီး ပြောတာပါ။

ဘာကြောင့်လဲဆိုတော့ အမေရိကန်မှာက 'အရင်ကနဲ့ တို့ကမတူဘူး။ အခု ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ လုပ်နိုင်တယ်။ လုပ်ရမယ်။ ကမ္ဘာမှာ တို့က နံပါတ်ဝမ်းပဲ။ စစ်အင်အားမှာကတော့ စူပါ့စူပါပဲ' လို့ ပြောနေတဲ့ နိုင်ငံရေးအင်အားစုတွေ ရှိတယ်။ အိုဘားမားရဲ့ နိုင်ငံရေးစန်းက နိမ့်ဆင်းနေချိန်ဖြစ်လို့ ပိုပြီးအသံကျယ်လာတယ်။ အခုအတိုင်း လုပ်နေရင် သူများက အမီလိုက်လာပြီး ကျော်တက်လိမ့်မယ်လို့ ပြောကြဟောကြတယ်။

စီးပွားရေးဘက်ကလည်း နိုဘယ်ဆုရှင် ခရပ်ဂ်မင်း **(Krugman)** က ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒလုပ်ဖို့ ဖြောင်ပြောလာတယ်။ သူက တရုတ်သွင်းကုန်တွေအပေါ်မှာ အခွန်အပိုကြေး ၂၅% ပိုကောက်ရမယ်လို့ ရေးတယ်။ အဲဒီလို လုပ်ရင် တရုတ်က အလျှော့ပေးလာလိမ့်မယ်လို့ ရေးတယ်။ အမေရိကန်အများစုကလည်း စီးပွားရေးကပ်က ကြာလာလေ ကမ္ဘာလွှမ်းရေး **(globalization)** က သူတို့အတွက် အကျိုးမရှိဘူးလို့ ထင်လာတယ်။ အမေရိကန်က ပြင်ပက သွင်းကုန်အပေါ် မှီခိုနေရတာ မဟုတ်ဘူး။ ကိုယ့်ဘာသာ ဖူလုံတယ်။ ဒါကြောင့် အကောက်ခွန်တံတိုင်းမြင့်မြင့် ထားရှိတာကို လိုလားကြတယ်။ အလုပ်လက်မဲ့ များလာလေလေ အဲဒီစိတ်ထားမြင့်မားလာလေ ဖြစ်နေတယ်။ လွှတ်တော်ထဲမှာလည်း တရုတ်ရဲ့ ယွမ်ငွေကိစ္စကိုပြောပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒလုပ်ဖို့ ပြောလာကြတယ်။ တရုတ်ကို 'ငွေကြေးကစားသူ' လို့ တံဆိပ်ကပ်ပေးဖို့ အမေရိကန်အစိုးရကို တွန်းဆော်နေတယ်။

တချို့ကလည်း တရုတ်၊ ဂျပန်၊ အရှေ့အလယ်ပိုင်းက ကုန်သွယ်ရေးပိုငွေ မတန်တဆ ရနေတယ်။ ၂၀၀၅ ခုနှစ်က ဒေါ်လာဘီလျံ (၂၀၀) လောက်ပဲရှိတာ အခု ဘီလျံ (၁၀၀၀) ရှိနေပြီ။ ဒါကြောင့် ကုန်သွယ်ရေးစစ် ဆင်နွှဲရမယ်လို့ ပြောတယ်။ တကယ်လည်း ဆင်နွှဲနေပြီ။




ဂျီ ၂၀ ထိပ်သီးအစည်းအဝေးကို ဆန့်ကျင်ဆန္ဒပြနေသူများ

(၂) တရုတ်ကို ရည်ရွယ်ပြီးပြောတဲ့ အပိုဒ်လည်း ရှိတယ်။ ပို့ကုန်ကို အားထားရာက ပြည်တွင်းစားသုံးမှုကို မြှင့်ပေးဖို့ဆိုတဲ့ ခပ်ပျော့ပျော့ဝေါဟာရ သုံးထားတယ်။ တရုတ်တွေ ပြည်တွင်းမှာ ပိုပြီးသုံးကြဖြုန်းကြဖို့ကို သွယ်ဝိုက်ပြောပုံပါပဲ။ 'အပိုအလျှံရှိ စီးပွားရေး' များကလို့ပဲ သုံးတယ်။ အမေရိကန်ကိုလည်း လိုငွေပြနေတဲ့ ရှေ့တန်းရောက်တိုင်းပြည်လို့ သုံးတယ်။

ဒါက ထိပ်သီးအစည်းအဝေးတို့ရဲ့ထုံးစံပါ။ အပေးအယူ လုပ်ကြတာပါပဲ။ စစ်ကြီးတခုအတွက် ပြင်ကြပြီဆိုရင်တော့ အခုလိုလည်း မတွေ့ကြဘူး။ အခုလိုလည်း မထုတ်ပြန်ပါဘူး။ သူတို့ချင်း ရန်ဖြစ်မှာ စိုးရိမ်စရာမရှိ။ စိုးရိမ်ရမှာက ဗမာပြည်လို တိုင်းပြည်တွေမှာ 'အာဏာပျော့လွန်ပွဲ' ဆွဲကြမှာကိုပဲ။ အသံလွှင့်ဌာနတွေ လေသံပြောင်းနေတာကိုပဲ ကြည့်ပါ။

(၃) အခု ထိပ်သီးအစည်းအဝေးပွဲမှာ ဗမာပြည်နဲ့ တိုက်ရိုက်ပတ်သက်တဲ့ ဆုံးဖြတ်ချက်တခု ပါတယ်။ အမှတ်စဉ် (၄၅) မှာ ဒီလို ရေးထားတယ်။

၂၀၁၀ စက်တင်ဘာလမှာလုပ်မယ့် အဆင့်မြင့်စုံညီအစည်းအဝေးမှာ "ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်များ **(MDG)** ကို '၂၀၁၅' ခုနှစ်မှာ ရရှိဖို့ဆိုရင် 'ဖွံ့ဖြိုးမှုအနည်းဆုံးတိုင်းပြည်များ' **(LDC)** တွေကို တက်ကြွတဲ့ အဖွဲ့ဝင်တွေဖြစ်စေဖို့နဲ့ ကမ္ဘာ့စီးပွားရေး စနစ်ကနေ အကျိုးခံစားခွင့် ရှိသူတွေဖြစ်စေဖို့ လိုတယ်။ စတုတ္ထအကြိမ်မြောက် **LDC** များရဲ့ကွန်ဖရင့် တူရကီမှာ ၂၀၁၁ ခုနှစ် ဇွန်လမှာ ကျင်းပမယ်" လို့ ဆိုတယ်။

**LDC** ကွန်ဖရင့်က ပထမ၊ ဒုတိယ၊ တတိယ ကျင်းပပြီးခဲ့ပြီတဲ့။ ဘယ်မှာ ဘယ်တုန်းက ကျင်းပသလဲ မသိပါ။ ဗမာပြည်က တက်ခဲ့သလားဆိုတာလည်း မသိပါ။ တက်လိမ့်မယ် ထင်ပါတယ်။ ရက်စရာကိစ္စဖြစ်လို့ ဖုံးဖိထားတာ ဖြစ်မှာပါ။ အဆင့်မြင့်အစည်းအဝေးဆိုတော့ ညွန့်မှူးချုပ်လောက် (ညွန့်မှူးလောက်ဖြစ်ဖို့များတယ်) သွားတက်တာ ဖြစ်လိမ့်မယ်။

မဖြစ်မနေ ထည့်ပေးနေကြရတဲ့ 'တို့အရေး' 'သဘောထား' 'ဦးတည်ချက်' တွေမှာ ဘယ်တော့များ 'ဘုံရန်သူ' ဆိုတာ ပျောက်သွားမလဲ။ '**LDC** က လွတ်ရေး တို့အရေး' ဆိုတာ ပါလာမလဲ စောင့်ကြည့်နေပါတယ်။ ၂၀၁၁ ခု

ဖွန်လမှာလုပ်မယ့် LDC ကွန်ဖရင့်ကို နောက်တက်လာမယ့် အစိုးရက ဘယ်သူ့ကို ကိုယ်စားလှယ်လွှတ်တယ်၊ ဘာတွေတင်ပြဆွေးနွေးတယ်၊ ဘာတွေဆုံးဖြတ်တယ်ဆိုတာ တွေ့ရကောင်းရဲ့ မျှော်လင့်စောင့်စားနေပါတယ်။

နောက်ပြီးတော့ တရုတ်က ယွမ်ငွေဈေးနှုန်းမြှင့်တာကြောင့် ခြံစည်းရိုးပဲခြားတဲ့ နယ်စပ်ကုန်သွယ်ရေးပဲ အားကိုးနေရတဲ့ ဗမာပြည်က ဘယ်လိုထိခိုက်တယ်၊ ဘယ်လိုအကျိုးရှိတယ်ဆိုတာလည်း သိချင်ပါတယ်။ (တရားဝင်သိချင်တာကို ပြောတာပါ။) တာဝန်ရှိအစိုးရရဲ့ ဖွင့်ဟဝန်ခံချက်ကို ထုတ်ပြန်စေချင်တယ်။

(စာကြွင်း) G20 ထိပ်သီးစည်းဝေးပွဲတွေ အမေရိကား၊ ဥရောပ၊ ကနေဒါတို့မှာ လုပ်နေတာကနေ အာရှဘက် တောင်ကိုးရီးယားကို ရွှေ့လာတာဟာ မှတ်သားစရာပါ။

**G20 အဖွဲ့ဝင်များစာရင်း**

၁။ အာဂျင်တီးနား
၂။ ဩစတြေးလျ
၃။ ကနေဒါ
၄။ တရုတ်
၅။ ပြင်သစ်
၆။ ဂျာမဏီ
၇။ အိန္ဒိယ
၈။ အီတလီ
၉။ အင်ဒိုနီးရှား
၁၀။ ဘရာဇီးလ်
၁၁။ ဂျပန်
၁၂။ မက္ကဆီကို
၁၃။ ရုရှား
၁၄။ ဆော်ဒီအာရေဗျ
၁၅။ တောင်အာဖရိက
၁၆။ တောင်ကိုးရီးယား
၁၇။ တူရကီ
၁၈။ ဗြိတိသျှ
၁၉။ အမေရိကန်
၂၀။ ဥရောပသမဂ္ဂ

လေ့လာရေး

# စူပါပါဝါကျဆုံးပုံများကို စူးစမ်းလေ့လာခြ (ဆွေးနွေးခန်း)

(၁) အင်္ဂလိပ်ဟာ 'စူပါပါဝါ' စစ်စစ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ခေတ်ကတော့ သူများထက် ခေါင်းတလုံးသာတာ အမှန်ပဲ။ 'နေမဝင်အင်ပါယာ' ရှိရုံမက "ပင်လယ်ပြင်ကိုစိုးမိုးသူ" ပါ။ ဒါကြောင့် သူ့ကျဆုံးပုံကို လေ့လာသင့်တယ်။

တချို့က အိန္ဒိယကို လွတ်လပ်ရေးပေးလိုက်ရတဲ့ (၁၉၄၇) မှာ သူ့အဆင့်အတန်းကျတာလို့ ပြောတယ်။ တချို့ကတော့ စူးအက်တူးမြောင်းစစ်ပွဲ (၁၉၅၆) မှာ အမေရိကန် – ဆိုဗီယက် ဖိအားနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တို့ကြောင့် နောက်ဆုတ်ပေးလိုက်ရတဲ့ အချိန်မှာ အဆင့်အတန်းကျတာလို့ ပြောတယ်။

ဒုတိယ ပြောဆိုချက်ကို သဘောတူပါတယ်။ အိန္ဒိယကို လွတ်လပ်ရေး ပေးလိုက်ရတာက အိန္ဒိယပြည်သူတွေကို စေ့စပ်အလျှော့ပေးရတာပဲ။ တခြားပါဝါတခုက အမိန့်ပေးလို့ နောက်ဆုတ်ရတာ မဟုတ်ဘူး။ ပြီးတော့လည်း ဓနသဟာယထဲမှာ အိန္ဒိယ၊ ပါကစ္စတန်ကို သွတ်သွင်းထားနိုင်တယ်။ စိတ်ဓာတ်ရေးရာအရ ပြောရရင်လည်း အရှက်တကွဲ ဆုတ်ရတာ မဟုတ်ဘူး။ သိက္ခာတောင် တက်သေးတယ်။

စူးအက်ကိစ္စမှာ ဆုတ်ရတာကတော့ အရှက်တကွဲ ဆုတ်ရတာပဲ။ အမေရိကန်နဲ့ဆိုဗီယက်ပေါင်းပြီး ချပစ်လိုက်တာပဲ။ ကုလ/လုံခြုံရေးကောင်စီ (UNSC) မှာ တင်ရင် အင်္ဂလိပ်၊ ပြင်သစ်တို့က ဗီတိုနဲ့ပယ်မှာပဲဆိုတာသိလို့ ကုလသမဂ္ဂအထွေထွေ အစည်းအဝေးကြီး (GA) မှာတင်တာ ဖြစ်တယ်။ (၆၄) မဲက ထောက်ခံပြီး ကန့်ကွက်သူ (၅) မဲပဲ ရှိတယ်။ ဒါကြောင့် အင်္ဂလိပ်၊ ပြင်သစ်တို့ စစ်ရပ်ပေးပြီး ဆုတ်ကြရတယ်။

တပါတည်း ဆက်ပြီးပြောရမှာက ဆိုဗီယက် ခရုရှက်ဖ် ... အဲဒီကစပြီး ဆောင့်ကြွားကြွားဖြစ်တာပဲ။

အမေရိကန်က အင်္ဂလိပ်၊ ပြင်သစ်ကို ဖျောင့်ဖျနားချတာပဲလုပ်ပြီး စစ်ရပ်ခိုင်းနေတာပါ။ ခရုရှက်ဖ်ကတော့ 'ရပ်ရင်ရပ် မရပ်ရင် ဒုံးပျံနဲ့ပစ်မယ်' လို့ ခြိမ်းခြောက်တာ ဖြစ်တယ်။ စပွတ်နစ် လွှတ်ဖို့ ဆိုဗီယက်မှာ အသင့်ဖြစ်နေချိန်ဖြစ်လို့ 'ဒုံးပျံ' စကား စပြောတာပါ။ အီဂျစ်နဲ့အရှေ့အလယ်ပိုင်း အာရပ်လောကက သူ့ကို သူရဲကောင်းလို့ အထင်ကြီးသွားစေတယ်။

တကယ်ကတော့ အမေရိကန်နဲ့ ပေါင်းမိလို့ သူ့ခြိမ်းခြောက်မှုက အလုပ်ဖြစ်တာပါ။

အမေရိကန်ကလည်း သိတယ်။ ဒါကြောင့် အဲဒီကိစ္စ ပြီးပြီးချင်းမှာပဲ 'ဘဂ္ဂဒက်စာချုပ်' ကို ပါကစ္စတန်၊ တူရကီ၊ အီရတ်၊ အီရန်တို့နဲ့ ချုပ်ဆိုလိုက်တယ်။ (၁၉၅၇) မှာ 'အိုက်ဆင်ဟောင်ဝါဝါဒ' ဆိုတာ ထုတ်ပြန်တယ်။ အဲဒီထဲမှာပါတဲ့ အဓိကအချက်က တကမ္ဘာလုံးမှာ အမေရိကန်ရဲ့ အကျိုးစီးပွား ရှိတယ်။ 'လွတ်လပ်တဲ့ကမ္ဘာ' က တိုင်းပြည်တွေရဲ့ အကျိုးစီးပွားနဲ့ တညီတညွတ်တည်း ရှိတယ်လို့ ပါတယ်။ ဒါက ကွန်မြူနစ်ဆန့်ကျင်ရေး စစ်အေးတိုက်ပွဲအရှိန် မြှင့်လိုက်တာပဲ။

စူးအက်တူးမြောင်းစစ် ပြီးကတည်းက ကမ္ဘာမှာ စူပါပါဝါ (၂) ဦးပဲ ရှိခဲ့တယ်။ အင်္ဂလိပ်ကလည်း သူ့အခြေအနေမှန်ကိုသိပြီး နောက်ဆုတ်တယ်။ 'ဂျူနီယာပါတနာ' ကိုပဲ လက်ခံလိုက်တယ်။

ဒါပေမဲ့ သတိပြုဖို့က ဆင်ပိန်ရင် ကျွဲအဆင့်တော့ ရှိတာချည်းပဲ။ ကုလသမဂ္ဂရဲ့ ကြီး '၅' ကြီးထဲက ကုတ်နဲ့ကော်ပြီး ထုတ်ပစ်လို့ မရပါဘူး။

[တဆက်တည်းပဲ (ကြားဖောက်ပြီး) ဆွေးနွေးပါမယ်။ ချန်ကေရှိတ်ဟာ အမေရိကန်ကျေးဇူးကြောင့် တရုတ်ပြည်ကို ကြီး (၅) ကြီးထဲ ပါအောင် လုပ်နိုင်ခဲ့တယ်။ ဒါကို အသိ

အမှတ်ပြုဖို့ပါ။ ချန်ကေရှိတ်ဟာ ထိုင်ဝမ်ပြေးနေရပေမယ့် ကြီး (၅) ကြီး ထိုင်ခုံကို လက်မလွှတ်ဘူး။ ၁၉၇၀ အလွန်အထိ ထိန်းထားနိုင်ခဲ့တာပဲ။ သူပြေးရတဲ့နှစ်က စတွက်ရင် နှစ်ပေါင်း '၂၀' (UNSC) မှာ ဗီတိုပါဝါကိုင်ပြီး ထိုင်နေတာပဲ။ ကိုးရီးယားစစ်ပွဲမှာ တရုတ်ကွန်မြူနစ်အစိုးရ ဝင်တိုက်ရတာကလည်း ဒီကိစ္စနဲ့ ဆက်နွယ်နေတယ်။ ဝင်မတိုက်ရင် ချန်ကေရှိတ် KMT တပ်က တရုတ်ပြည်အရှေ့မြောက်ကို အမေရိကန်အကူအညီနဲ့ ဝင်လာတော့မှာပဲ။ ဗမာပြည်က KMT တရုတ်ဖြူတပ်တွေ သွေးကြွတာလည်း အဲဒီအချိန်ကပဲ။]

(၂) ဆိုဗီယက်စူပါပါဝါရဲ့ ကျဆုံးခန်းကတော့ ကျွန်တော်တို့ မျက်စေ့အောက်မှာ ဖြစ်ခဲ့တာပါ။

သူ့ကျဆုံးခန်းအစက 'စူပါပါဝါ' အဆင့်ရလာပြီးကတည်းကလို့ ဆိုရမယ်။ သွေးကြွပြီး စူပါပါဝါကျင့်ကျင့်လာတော့ ရဲဘော်တွေက သူ့ကို ဝေဖန်တယ်။ မိတ်ဆွေတွေ (ကိုလိုနီတိုင်းပြည်တွေ) က သူ့ကို ခွာတယ်။ အဲဒီလိုနဲ့ အထီးကျန် ဖြစ်တယ်။ မိဘအမွေကို ထိုင်ပြီးဖြုန်းပစ်တဲ့သူလို ကျင့်ကြံလို့ ဇာတ်သိမ်းမလှတာပဲ။ ခရုရှက်ဖ်ကျသွားပြီး ဘရက်ဇှနက် တက်လာတော့ ငါတကောကောတဲ့ စစ်ပွဲတချို့ တိုက်တယ်။ အာဖဂန်စစ်ပွဲမှာ ဗွက်နစ်တော့တာပဲ။ နောက်တော့ သေခါနီးကြီးတွေ တယောက်ပြီးတယောက် ခေါင်းဆောင် တက်လုပ်ကြတယ်။ လမ်းစဉ်မှားပြင်ဖို့ မလုပ်ကြဘူး။ နောက်ဆုံးတော့ ဆိုဗီယက်ဆိုရှယ်လစ် လမ်းကြောင်းကို မြေမြှုပ်ပစ်မယ့် ဂေါ်ဘာချော့ဖ် တက်လာပြီး ဇာတ်သိမ်းမလှ ဖြစ်ရတာပဲ။

စူပါပါဝါက ကျဆုံးတော့ ယဲ့လ်ဆင်က ရုရှားကို ခေါင်းဆောင်တယ်။ သူက စစ်ရှုံးသူလို ကျင့်တယ်။ ပူတင် တက်လာတော့မှ 'ပါဝါ' အနေအထားကို ပြန်ယူတယ်။ 'စူပါပါဝါ' ဖြစ်ဖို့တော့ မလွယ်တော့ဘူး။ ဆင်ပိန်ကျွဲအဆင့် ထိန်းထားတယ်။

(၃) အခုတော့ 'စူပါပါဝါလက်ကျန်' အမေရိကန်အလှည့် ရောက်နေချိန် ဖြစ်တယ်။ ဆိုဗီယက်က 'အောင်မြင်မှုနဲ့ ယစ်မူး' (မိဘအမွေနဲ့ ဗာရာဏသီကုဋေကြွယ်သူဌေးသားလို လုပ်ခဲ့တဲ့) ဆိုဗီယက်လမ်းကို သူလည်း လိုက်နေပုံပေါ်တယ်။ ဒုတိယကမ္ဘာစစ်မှာ စုဆောင်းမိတဲ့ ကြွယ်ဝမှုနဲ့ သြဇာအာဏာကို သုံးဖြုန်းပစ်ခဲ့လို့ သူလည်း ကျရိပ်ပြနေပြီ။

ဒုတိယကမ္ဘာစစ်မှာ သူများတွေ ပြာပုံဖြစ်နေချိန် စည်းစိမ်ပြုတ်နေချိန်မှာ အမေရိကန်က ဗုံးတလုံးအကြွဲမခံရဘူး။ စည်းစိမ်ဥစ္စာ တက်တယ်။ စစ်အတွင်းမှာ အကျအဆုံးက သူအနည်းဆုံးပဲ။ စစ်သည်အကျအဆုံး (၃) သိန်းနီးပါးပဲ ရှိတယ်။ ဆိုဗီယက်က ၆ သန်း ၁ သိန်း ရှိတယ်။ အင်္ဂလိပ်ကတောင် (၃) သိန်း (၅) သောင်း ရှိတယ်။

စစ်အတွင်းမှာ အလုပ်လက်မဲ့ မရှိ။ အလုပ်လုပ်နိုင်သူတိုင်း အလုပ်ရတယ်။ စက်ရုံတွေ တရုံပြီးတရုံ တည်နိုင်တယ်။ အမျိုးသမီးတွေ အလုပ်သမားတပ်ဖွဲ့ထဲ အလုံးအရင်းနဲ့ ပါလာတယ်။ စစ်တိုက်နေတဲ့ တိုင်းပြည်တွေကို အကြွေးရောင်းတယ်။ အရင်းအနှီးနည်းနည်းပေးပြီး အမြတ်အများဆုံးရတာ အမေရိကန်ပဲ။ တဦးတည်းသောအနုမြူလက်နက် ပိုင်ဆိုင်သူလည်း ဖြစ်လာတယ်။ ကုလသမဂ္ဂတို့ ကမ္ဘာ့ဘဏ်တို့ IMF တို့ဆိုတာကလည်း သူ့လက်သူ့ခြေပဲ။

အခြေခံသိပ်တောင့်တော့ သူက အတော်ကြာကြာတောင့်ခံနိုင်မှာပါ။ ဒါပေမဲ့ ဘုရှ်အငယ်လို ငါတကောကောသူ သမ္မတတွေများရင်တော့ တအိအိကျမှာပဲ။ အခြေခံမတောင့်တဲ့ ဆိုဗီယက်လိုတော့ အကျမြန်မှာ မဟုတ်ပါဘူး။

စူပါပါဝါအဆင့်ကို သူတို့ဆက်လက်ထိန်းသိမ်းနိုင်မှာပါ။ တရုတ်က မီလာတယ်ဆိုတာက ဒဏ္ဍာရီပါ။ 'စစ်အေးခေတ်' တကျော့ပြန်ချင်သူများရဲ့ အာဘော်လွှင့်မှုပဲ။

တရုတ်က စစ်အေးလွန်ခေတ်မှာ အကျိုးကျေးဇူး အများကြီးရတာ မှန်တယ်။ (၁၉၇၀) ကတည်းက မော်စီတုန်း၊ ချိုအင်လိုင်းတို့က ဆိုဗီယက်ကို ခွာ၊ အမေရိကန်နဲ့စေ့စပ်လုပ်ခဲ့တာပဲ။ ဒီ့အရင်ကလည်း တရုတ်က COMECON (ဆိုဗီယက်စီးပွားရေးအုပ်စု) ထဲ မပါဘူး။ WARSAW (ဆိုဗီယက်စစ်အုပ်စု) ထဲ မပါဘူး။ ဆိုရှယ်လစ်ဂိုဏ်းကြီးဆိုတာ ပုံပြင်ပါ။ ဒါကို အနီးကပ်လေ့လာသူများ သိပါတယ်။ ဘယ်တော့မှ ကျွန်ဝယ်ရာအဆစ်ပါမယ့်အလုပ် တရုတ်ကလုပ်လေ့မရှိပါဘူး။ သူ့အကျိုးကျေးဇူး ဘာလဲဆိုတာ သိပါတယ်။ ဆိုဗီယက်က တရုတ်ပြည်ကို (တောင်မြောက်ကိုးရီးယား ခွဲသလို) လုပ်ဖို့ (၁၉၄၈) လောက်က ကြံစည်တာကို သူက လက်မခံခဲ့ပါဘူး။ တောင်မြောက် ကိုးရီးယားကို ၃၈° မျဉ်းပြိုင်မှာ ခွဲသလို တရုတ်ကိုလည်း ယန်စီမြစ်ကို အခြေပြုပြီးခွဲဖို့ လုပ်ခဲ့တာကို လက်မခံခဲ့ပါဘူး။




တိုင်းပြည် (၂) ခြမ်းကွဲရင် ဘယ်လိုဖြစ်တတ်သလဲဆိုတာ ဗီယက်နမ်၊ ကိုးရီးယားတို့ကိုကြည့်ရင် ရှင်းပါတယ်။ ဗီယက်နမ်မှာ ပြန်ပြီးတပေါင်းတစည်း တည်းဖြစ်ဖို့ စစ်တိုက်ခဲ့ရတယ်။ (၂၅) နှစ် ကြာတယ်။ ကိုးရီးယားကတော့ တွေ့ကြတဲ့အတိုင်းပဲ။

တရုတ်ပြည်သာ (၂) ခြမ်းခွဲခံရရင် မပြီးနိုင်တဲ့ ပြည်တွင်းစစ်ကို တိုက်နေရမှာပဲ။

တရုတ်ခေါင်းဆောင်တွေက အမြော်အမြင်ရှိခဲ့လို့ပဲ တောင်မြောက်မကွဲတာပဲ။ ဒါတောင် 'ထိုင်ဝမ်ပြဿနာ' က တန်းလန်းဖြစ်နေတုန်းပါ။

တရုတ်က 'စူပါပါဝါ' အဆင့်ကို တော်တော်နဲ့ မရနိုင်ဘူးဆိုတာ သိရုံမက အဲဒီတိမ်းညွတ်မှုကိုလည်း လက်မခံပါဘူး။ ဒါကြောင့်ပဲ သူ့ရဲ့ ကွန်ဂရက်အစီရင်ခံစာတွေမှာ "မျက်မှောက်ကာလဟာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကို အဓိကဦးတည်လုပ်ရမယ့်ခေတ်" လို့ ကြေညာနေတာပဲ။ တဆက်တည်းမှာ 'တရုတ်လက္ခဏာရှိတဲ့ ဆိုရှယ်လစ်တည်ဆောက်မှုကို ရာစုနှစ်တွေချီပြီး လုပ်မှရမယ်' လို့ ပြောနေပါတယ်။

အခါအခွင့်ပေါ်တုန်း များများကုန်သွယ်ကြဖို့၊ ဈေးကွက်ကျယ်ကျယ်ဖွင့်ဖို့လည်း ပြောနေတာပဲ။ တိန့်ရှောင်ဖင်ဟာ ရဲရဲပြတ်ပြတ်ပဲ ပြောတယ်။ ခေါင်းဆောင်တယ်။ စစ်အေးလွန်ကာလမှာ WTO ထဲပစ်ပြီး ဝင်လိုက်တယ်။ "မိတ်အင်ချိုင်းနား (Made in China)" နဲ့ 'ကမ္ဘာ့ ၁၂ ပွဲဈေးသည်' လုပ်တယ်။ တရုတ်ခနရှင်လူတန်းစားကို လွှတ်ပေးတယ်။ တောင်အာဖရိက၊ ကမ္ဘာ့ဘောလုံးပိုလ်လုပွဲမှာ မှုတ်ကြတဲ့ 'ဗူဗူဇီလာ' အော်လံတွေက သူတို့လုပ်ရောင်းတာပဲ။ ကုန်သေးကုန်မွှားအားလုံး ရောင်းတယ်။ အခုတော့ အိတ်ကပ်ဖောင်းနေပြီ။

အမေရိကန်စူပါပါဝါ ဗိုက်နာတော့ သူကဝင်ပြီး ကယ်တာပဲ။ ဒိုမီနိုဖဲချပ်က ဥရောပကိုပဲ တိုက်လှဲတော့လည်း သူပဲဝင်ပြီး ကယ်ပြန်တာပဲ။ G20 ကို အမေရိကန်၊ ဥရောပက အလေးထားလာရအောင်ပဲ လုပ်နေတယ်။ IMF မှာ သူက မဲပေးခွင့် နည်းနည်းတိုးပေးရင်ပဲ ကျေနပ်နေပြီ။

တရုတ်ကွန်မြူနစ်က ရေရှည်အမြင်နဲ့ပဲ လုပ်လေ့ရှိတယ်။ 'ပြိုင်ဘက်စူပါပါဝါအဆင့်' ကို တပ်မက်ပုံမပြဘူး။ ပြိုင်ဘက်မဟုတ် 'အကျိုးတူ တွဲဖော်တွဲဘက်' နေရာပဲ မှန်းနေတယ်။

ဒါကြောင့် 'စစ်အေးခေတ်' တကျော့ပြန်တော့ ဖြစ်လာမယ်လို့ မယူဆပါဘူး။ သူ့ရဲ့ 'နယ်မြေတည်တံ့ခိုင်မြဲမှု (Territorial Integrity)' ကို မထိသမျှ အပေးအယူလုပ် စေ့စပ်နေမှာပါ။

သူ့အဆင့်အတန်းက အမေရိကန်နဲ့ ယှဉ်နိုင်တဲ့ အဆင့်အတန်းမဟုတ်တာ သူသိပ်သိပါတယ်။

'ပါဝါအပျော့လွန်ပွဲ' ကတော့ မုချလုပ်မှာပါ။ ပါဝါအမာချင်း ထိပ်တိုက်တွေ့ဖို့တော့ မမြင်ပါဘူး။

အချုပ်သဘောပြောရရင် အမေရိကန်ဟာ စူပါပါဝါ လက်ကျန်အဖြစ် အတော်ကြာကြာ တည်ရှိနေမှာပါ။ ပြိုင်နိုင်သူ မပေါ်သေးပါဘူး။

စူပါပါဝါ (၂) ခု ပြိုင်တဲ့ စစ်အေးခေတ်ပုံစံပေါင်း ပြန်မပေါ် နိုင်ပါ။ ပါဝါပျော့လွန်ပွဲပဲ ရေရှည်ဆွဲနေဦးမယ်လို့ ယူဆပါတယ်။

နိဂုံးစကား

ဘုရှ် (အငယ်) တကိုယ်တော်ထွက်ပြီး ငါတကောကောတုန်းက တချို့က အတွက်မှားပြီး 'ကြွက်မနိုင် ကျီမီးရှို့' ပေါ်လစီကို စဉ်းစားကြတယ်။ အခုလည်း 'စစ်အေးခေတ် တကျော့ ပြန်' ပြီထင်ပြီး စဉ်းစားမိကြမှာစိုးလို့ ရေးပါတယ်။ 'ပါဝါပျော့လွန်ပွဲ' ဟာ 'စစ်အေးတိုက်ပွဲ' မဟုတ်ပါဘူး။ ကိုယ့် အားကိုယ်တည်ဆောက် 'ပြည်သူ့ အင်အား' စုဆောင်းပြီး ကိုယ့်ဘာသာ တိုက်ပွဲဝင်ကြရမှာပါ။

# ဒီနေ့ အခါမှာ ကြားနေကြသတဲ့လား

ခုတလော ဗမာပြည်နိုင်ငံရေးအကြောင်းပြောကြတယ်ဆိုရင် “တတိယအင်အားစု”ဆိုတဲ့ဝေါဟာရကို အတော်လေး ကြားနေရတယ်။ ပြည်တွင်းရောပြည်ပမှာပါလို့ ဆိုရမယ်။

“တတိယအင်အား”လို့ဆိုလိုက်တော့ သူတို့ဟာဘက်မလိုက်သူလိုလို၊ ပါတီစွဲကင်းသလိုလို။ သူတို့ဟာ နအဖ အစိုးရ ဘက်သားလည်း မဟုတ်ဘူး၊ ဒီချုပ်နဲ့လည်း မတူဘူးလို့ ဆိုချင်သလိုလို။ သူတို့ကပဲ “နင်တန် – နင်တန် ပန်းကန်ကွဲ” လုပ်လို့ရတော့မှာလိုလို။

ဒီအသုံးအနှုန်းဟာ ကမ္ဘာအနှံ့မှာသုံးနေတာ ကြာခဲ့ပြီပဲ။ ဘာဖြစ်လို့အခုမှ ထူးထူးခြားခြားတင်နေရတာလဲလို့ မေး ကောင်း မေးကြမယ်။ အရင်တုန်းကလည်း ကြားနေတယ်၊ ကြားနေအင်အားဆိုတာ ရှိတယ်မဟုတ်လားလို့လည်း ထောက်ပြ ကောင်းပြကြမယ်။

ဟုတ်တယ်၊ ကြားနေနိုင်ငံဆိုတာ ရှိတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာကိုပဲ ဆွစ်ဇာလန်၊ ဆွီဒင်၊ အိုင်ယာလန်စတဲ့ နိုင်ငံတွေဟာ ကြားနေခဲ့တယ် မဟုတ်လား။ နောက်ပြီး စစ်အေးခေတ်မှာ ခေတ်စားခဲ့တဲ့တတိယကမ္ဘာဆိုတဲ့ အသုံးအနှုန်း။ ဥပမာအနေနဲ့ ထောက်ပြစရာတွေ အများကြီးရှိတယ်။ ဗမာပြည်သမိုင်းမှာရော၊ နိုင်ငံတကာသမိုင်းမှာပါအများကြီးလို့ ပြောနိုင်တယ်။

တချိန်က တတိယကမ္ဘာ၊ တတိယအင်အားစုဆိုတာတွေ တကယ်ပဲ ရှိခဲ့တယ်၊ အခုလည်း ရှိဆဲဖြစ်တယ်။ ဒါပေမဲ့ ပြဿနာက အဲဒါတွေဟာ ဘယ်နိုင်ငံရေးခွင်မှာပေါ်တာလဲ ဆိုတဲ့အချက်ပဲ။ ဗမာပြည်မှာ ပါလီမန်ခေတ်တုန်းက တသီးပုဂ္ဂလ အမတ်ဆိုတာတို့၊ လွှတ်တော်ထဲမှာ ကြားနေတယ်ဆိုတာတို့ရှိခဲ့တယ်။ ရွေးကောက်ပွဲ မဲပုံးတွေမှာ ဖဆပလ က အနီရောင်၊ ပမညတ က အပြာနုရောင်၊ ဟော တသီးပုဂ္ဂလကအစိမ်းရောင်။ သတ်မှတ်ထားတာလိုပဲ။ ဒါပေမဲ့ ဒီနေ့ဗမာပြည်ရဲ့ လက်ရှိ နိုင်ငံရေးခွင်မှာ အဲဒါမျိုးတွေ ရှိသလား။ ဘယ်လိုအခြေအနေရှိလဲဆိုတာကို လက်တွေ့အခြေအနေအပေါ် မူတည်ပြီး ဆုံးဖြတ် ရမယ်။ ဘယ်နိုင်ငံမှာ၊ ဘယ်တုန်းကရှိခဲ့လို့ ဗမာပြည်မှာလည်း ဒီနေ့ရှိကိုရှိရမယ်လို့ ပြောမဖြစ်ဘူး။ နိုင်ငံရေးမှာ ပုံတူဆွဲယူ ကိုးကားတာကို အထူးသတိပြုရှောင်ရှားရတယ်။

ကနေ့ဗမာပြည်မှာက အာဏာရှင် နအဖ စစ်အုပ်စုနဲ့ ပြည်သူလူထုဆိုပြီး ဘက်နှစ်ဘက် သိသိသာသာ ထင်ထင် ရှားရှားကြီး တည်ရှိနေတယ်။ နအဖ ဗိုလ်ချုပ်တွေလုပ်ထားလို့ စေ့စပ်လို့မရတဲ့အခြေအနေကိုရောက်နေတယ်။ ဒီလိုတင်းမာ၊ ပြင်းထန်နေတဲ့အချိန်မှာ နိုင်ငံရေးလုပ်သူတွေဟာ တဖက်ဖက်မှာ အတိအကျပါဝင်နေရတယ်။ အထူးသဖြင့် အခုလိုအချိန်မျိုးမှာ။ ဒါဟာ သာမန်နိုင်ငံရေးနဲ့ မပတ်သက်တဲ့လူတွေအတွက် ဆိုလိုတာမဟုတ်ဘူး။ သူတို့ကတော့ ဘယ်ဘက်မှ မလိုက်ဘဲ သီးခြားနေနိုင်တယ်။ ဒါပေမဲ့ နိုင်ငံရေးလုပ်သူတွေကတော့ သီးခြားနေလို့မရဘူး။ ရွေးချယ်စရာ များများစားစားမရှိဘူး။ နှစ်ဘက်ထဲက တဖက်ပဲ။

ပိုတိကျအောင်ပြောရင် နအဖက – ဖိနှိပ်တဲ့အုပ်စိုးသူက– အဲဒီလို ကြားနေခွင့်မပြုဘူး။ အမေရိကန်နိုင်ငံက ကမ္ဘာ့ ကုန်သွယ်ရေး စင်တာကြီးကို လေယာဉ်ပျံနဲ့ ဝင်တိုက်ဖျက်ဆီးခဲ့တဲ့ ‘၉၁၁–အရေးအခင်း’အပြီးမှာ အဲဒီတုန်းက အမေရိကန်သမ္မတ ဘွတ်ရှ်အငယ်က မိုက်မိုက်ရိုင်းရိုင်းပြောခဲ့တဲ့ ကမ္ဘာကျော်သွားတဲ့ အပြောတခု ရှိခဲ့တယ်။ အဲဒါက “ကျုပ်တို့ ဘက်မှာ ပါရင်ပါ၊ မပါရင်တခြားတဖက်မှာ ပါတာပဲ”ဆိုတာပဲ။ ဒါဟာအင်အားကြီးတဲ့ လူမိုက်တွေ ပြောလေ့ရှိတဲ့ အပြောမျိုး ဖြစ်တယ်။ မာဖီးယားဂိုဏ်းနှစ်ခု အကြားမှာ ပဋိပက္ခကြီးလာတယ်ဆိုရင် သူတို့နဲ့ပတ်သက်တဲ့လူတွေအားလုံး ဘက်မရွေးဘဲ နေလို့ မရသလိုပဲ။ တဂိုဏ်းဂိုဏ်းကို ပါရတော့တာပဲ။ အခုလည်း နအဖ ဟာ အပြတ်မေးတာပဲ။ နိုင်ငံရေးနဲ့ ပတ်သက်သူတွေ ဘယ်သူမှနှာစေးနေလို့မရအောင်လုပ်တာ။

ဒါနဲ့ပတ်သက်လို့ ဗမာပြည်ရဲ့မဝေးလှတဲ့အတိတ်က အဖြစ်အပျက်ကိုထောက်ပြရမယ်။ ဖဆပလ ကွဲတော့ ပမညတ ဟာ တည်မြဲနဲ့သန့်ရှင်းဆိုတဲ့ ဖဆပလ နှစ်ခြမ်းမှာ ဘယ်ဘက်မှမပါဘဲ ကြားပဲနေခဲ့တယ်။ ဒါပေမဲ့ ဒါဟာ ဘယ်လောက်မှ မကြာဘူး။ လွှတ်တော်ထဲမှာ မဲခွဲရတဲ့ အဖြစ် ရောက်တော့ ပမညတ ကြားနေလို့ မရတော့ဘူး။ တဖက်ဖက်ကို ပြတ်ပြတ်သားသား ထောက်ခံရ တော့တယ်။ ဒီဟာကဖော်ပြနေတဲ့ တရားတခုကတော့ ကြားနေတယ် ဆိုတာဟာ ယာယီကိစ္စသာဖြစ်တယ်။ ထာဝရကိစ္စမဟုတ်ဘူး ဆိုတာပဲ။

ဒီဟာနဲ့ပြောင်းပြန် နောက်ဥပမာတခုကိုလည်း ထောက်ပြသင့်သေးတယ်။ ပါလီမန်ခေတ်တုန်းက ဗိုလ်နေဝင်းရဲ့ စစ်တပ်က သူတို့ဟာ ဘယ်ဘက်မှမပါဘူး။ ကြားနေတယ်လို့ အမြဲပြောလေ့ရှိတယ်။ ဒါပေမဲ့ တကယ်က ဘယ်ဟုတ်လို့လဲ။ ဖဆပလ–ဆိုရှယ်လစ်တွေအတွက် နောက်ကွယ်က အကုန်လုပ်ပေးနေတာပဲ။ တရားပွဲဖျက်တာ၊ မဲခိုးတာကအစ အတိုက်အခံတွေကို သတ်ပေးတာအထိ လုပ်ပေးနေတာပဲမဟုတ်လား။ ဒီလိုနဲ့ သူတို့ထောက်ခံနေတဲ့ တည်မြဲလုံးဝရှုံးနိမ့်သွားတော့ သူတို့ကိုယ်တိုင် အာဏာတက် သိမ်းတော့တာပဲ။ တကယ်လို့သာ သန့်ရှင်း–တည်မြဲအကွဲမှာ တည်မြဲနိုင်ခဲ့ရင်၊ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲမှာ ဖဆပလ အနိုင်ရခဲ့ရင် ၁၉၅၈ နဲ့ ၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲတွေ ဖြစ်ချင်မှဖြစ်မှာ။ ၁၉၅၈ ခုနှစ် အာဏာသိမ်းမှု ဖြစ်လာမှာ မဟုတ်ဘူးလို့တောင်ပြောနိုင်တယ်။

မဆလ ခေတ်ကိုလည်း ပြန်တွေးကြည့်ပါ။ ၂၆ နှစ်ကျော်ကာလအတွင်းမှာ တောထဲကအင်အားစုတွေနဲ့ မဆလ အစိုးရ ဆိုတဲ့ ဘက်နှစ်ဘက်သာ ရှိခဲ့တယ်။ တတိယအင်အား၊ ကြားအင်အားရယ်လို့ ဘယ်မှာခေါင်းထောင်နိုင်လို့လဲ။ ကျန်တဲ့ နိုင်ငံရေးနဲ့ ပတ်သက်သူတွေဟာ မြေအောက်လုပ်ငန်းတွေနဲ့ဆက်ရင်ဆက်၊ မဆက်ရင် အားလုံးပုနေရတာ မဟုတ်ဘူးလား။ ဒါဟာ စစ်အာဏာရှင်တွေရဲ့ လုပ်ရိုးလုပ်စဉ်နည်းလမ်းတခု ဖြစ်တယ်။

ဗမာပြည်ရဲ့အနီးခေတ်သမိုင်းမှာ စစ်တပ်ဟာဘယ်တုန်းကမှကြားမနေခဲ့ဘူး။ အကြောင်းက ဗမာပြည်မှာ ရှိနေတဲ့စစ်တပ်ဟာ စစ်အုပ်စုတခုကိုအမတော်ပြုပြီး တည်ရှိနေတာဖြစ်လို့ပဲ။ စစ်အုပ်စုရယ်လို့တည်ရှိနေသရွေ့၊ သူတို့က နိုင်ငံ့အာဏာကို ချုပ်ကိုင်ထားသရွေ့ သူတို့ကိုယ်တိုင်ရော၊ သူတို့ကကိုင်ထားတဲ့စစ်တပ်ရောဟာ သူတို့အကျိုးစီးပွားအပေါ် မူတည်ပြီး ဘက်လိုက်တာ လုပ်နေမှာပဲ။

ဒီနေ့ပြည်တွင်းကမီဒီယာတွေမှာ တချို့လူတွေဟာ ပြည်တွင်းစစ်ဖြစ်ခဲ့ရတာမှာ ဖဆပလရဲ့အမှားလည်းပါတယ်၊ ဗကပ ရဲ့ အမှားလည်းပါတယ်ဆိုတာမျိုး (ကိုယ်ကကြားလူပေါ့) ရေးကြသလို မျက်မှောက်ဗမာပြည်နိုင်ငံရေး အခြေအနေကို ပြောရာမှာလည်း နအဖ လည်း မှားတယ်။ ဒီချုပ်လည်း လွန်တယ်ဆိုတာမျိုးနဲ့ အမှတ်ယူနေ၊ ကြားသမားလုပ်နေကြတယ်။ သာမန်ကြည့်လိုက်ရင်တော့ ဟုတ်သလိုလိုပဲ။ ဒါပေမဲ့ ဒီနေ့ဗမာပြည်ရဲ့တကယ့်နိုင်ငံရေးစံနဲ့ တိုင်းတာလိုက်တော့ အဲဒီလူတွေဟာ ဘက်မလိုက်တာမဟုတ်ဘူးဆိုတာ အရှင်းသားပေါ်လာတယ်။

အဲဒီစံဟာဘာလဲ။

ဖွဲ့စည်းအုပ်ချုပ်ပုံဟာ စံပဲ။ နအဖ စိတ်ကြိုက်ရေးဆွဲထားတဲ့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံကို အသိအမှတ်ပြုမပြုဆိုတာ စံပဲ။ ရှင်းရှင်းပြောရရင် ဒီနေ့ အနောက်နိုင်ငံတွေလုပ်သလို ဒီဖွဲ့စည်းပုံဥပဒေအကြောင်း ဘာမှမပြော၊ လာမယ့်ရွေးကောက်ပွဲကို အပြစ်မဆို၊ နှုတ်ပိတ်ရေငုံနေတာဟာ ဘက်လိုက်တာပဲ။ အခုပြည်တွင်းက ကြားသမားဆိုသူတွေ၊ တတိယအင်အား ဆိုသူတွေဟာ အဲဒါနှစ်ခုကို ထောက်ခံအသိအမှတ်ပြုနေလို့သာ နအဖအစိုးရက သူတို့ကို ဒီစကားတွေကို ပြောခွင့်ပေးထားတယ်ဆိုတာ မမေ့သင့်ဘူး။ နအဖ ဟာ သူတို့ရဲ့ဖွဲ့စည်းပုံကိစ္စနဲ့ ပတ်သက်လာရင် သူတို့အတွက် တလျှောက်လုံး ဝါဒဖြန့်နေတဲ့ "တတိယအင်အားစု" ဆိုတာတခုရဲ့ ဂျာနယ်ကိုတောင်မှ နည်းနည်းကလေးအရေးမှားတာနဲ့ မှတ်လောက်သားလောက်အောင် ပညာပေးခဲ့တယ်။ ဒါနဲ့ ပတ်သက်လာရင် သူတို့မကျေနပ်တာလေး မဖြစ်စလောက်ပါရင်ပဲ အူနုချိုနဲ့ ခတ်ခံရသလို နာတယ်။ ဒါကိုဗမာပြည်နိုင်ငံရေးအကြောင်း နားလည်သူတိုင်း သဘောပေါက်ကြတယ်။ အခုကိုယ့်ကိုယ်ကိုကြားလို့ ပြောနေကြသူတွေလည်း သဘောပေါက်တယ်။

ဒါပေမဲ့ တချို့ဟာ ကြားသမားဆိုရင် ရွေးကောက်ပွဲမှာမဲရမယ်လို့ တွက်နေကြသလားမသိဘူး။ တချို့ကတော့လည်း ကြားစကားပြောလိုက်တာနဲ့ အင်န်ဂျီအိုတွေ၊ သံရုံးတွေနဲ့အဆက်ရကုန်ကြ၊ စားလမ်းသောက်လမ်းတွေ ပွင့်ကုန်ကြတယ်။ တဖက်ကတော့လည်း သူတို့ဟာ အကြောင်းသုံးပါးမရွေးတဲ့ နအဖ မျက်စောင်းကို အမြဲကြည့်နေရတယ်။ သူတို့ဘဝဟာ ဓားသွားပေါ်က ပျားရည်ကိုလျက်ရတာထက် မပိုပါဘူး။ ဒွါအပြင် သူတို့ကို နအဖ က ပျောက်စေဆိုရင်လည်း တမဟုတ်ချင်းပဲ ပျောက်မှာ။ ။

# တရားဝင်မှု နဲ့ လက်ဦးမှု

တရားဝင်မှု **legitimacy** ဆိုတာ အခွင့်အရေးရှိမှု **right** ကိုဆိုလိုတာဖြစ်တယ်။ အခွင့်အရေးရှိကြောင်း ပြသဖို့ အတွက် ဥပဒေပြဌာန်းရတယ်။ ဥပဒေကို လွှတ်တော် သို့ မဟုတ် ရွေးကောက်ပွဲ၊ ပြည်သူ့ညီလာခံ သို့မဟုတ် ဆန္ဒခံယူပွဲတို့ဖြင့် ပြဌာန်းတယ်။ အဓိပ္ပာယ်က ပြည်သူ့ဆန္ဒဖြင့် အုပ်ချုပ်ကြောင်း ပြသချင်လို့ပဲ။

နအဖ စစ်အစိုးရက သူတို့ရဲ့တရားဝင်မှုကို ရဖို့ အတွက် ၂၂ နှစ်(၁၉၈၈–၂၀၁၀) အချိန်ယူခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၉၀ ရွေးကောက်ပွဲမှာ **NLD** ပြတ်ပြတ်သားသား အနိုင်ရပြီး၊ မဆလ အသွင်ပြောင်း တစည ခွက်ခွက်လန် ရှုံးနိမ့်သွားလို့ပဲ။ ဒီကစပြီး စစ်အစိုးရ (နိုင်ငံရေး) လက်ဦးမှုမဲ့သွားတယ်။ လက်ဦးမှုဆိုတာ အသာစီးရမှု **advantage** ကို ဆိုလိုတာဖြစ်တယ်။ စစ်သဘောအရဆိုရင် ကိုယ်က အချက်အချာနေရာ (တောင်ကုန်းစသဖြင့်) စီးမိထားတာ၊ အင်အားသာတာ၊ လှုပ်သာရှားသာရှိတာ စသဖြင့် ဖြစ်တယ်။ နိုင်ငံရေးအရ ဆိုရင် လူထုထောက်ခံမှုရတာ၊ လူထုကြီးနိုင်ငံရေးနိုးကြားနေတာ၊ တရားဝင်တာ၊ ဆက်လက်ဖြစ်ပေါ်တိုးပွားဖို့ အခွင့်အလမ်းပေါ်ပေါက်တာ စသဖြင့် ဖြစ်တယ်။

ဒါကြောင့်နိုင်ငံရေး လက်ဦးမှုဆိုတာ သိပ်အရေးကြီးပါတယ်။ လက်ဦးမှုကိုထိန်းသိမ်းရမယ်၊ တိုးချဲ့ရမယ်။ လက်ဦးမှုရှိရင် တရားဝင်မှုလည်းရနိုင်တယ်။ နောက်ဆုံးမှာ အာဏာဟောင်းကိုဖြိုချပြီး အာဏာသစ်ကို ထူထောင်နိုင်တယ်။ လက်ဦးမှုတော့ရပါရဲ့ မထိန်းသိမ်းဘူး မတိုးချဲ့ဘူး အဟောင်းကိုမဖြိုချဘူး အသစ်ကိုမတည် ဆောက်ဘူးဆိုရင် လက်ဦးမှုဆုံးရှုံးသွားမှာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ လက်ဦးမှုကို တဖက်ကလည်း အမြဲတမ်းပြန်လုဖို့ ကြိုးစားနေလို့ ဖြစ်တယ်။ ဒါကြောင့် လက်ဦးမှုရသူဟာ နည်းနည်းမှ မတွေဝေဖို့ လိုတယ်။ ပန်းတိုင်ရောက်ခါနီးလေ အားကုန်သုတ်ရလေ ဆိုသလိုပဲ ဖြစ်ပါတယ်။

တော်လှန်ရေးဆိုတာ အဟောင်းကိုဖယ်ရှားပြီး အသစ်နဲ့ အစားထိုးတာဖြစ်တယ် (အသစ်ကို ဖယ်ရှားပြီး အဟောင်းနဲ့ ပြန်အစားထိုးတာဆိုရင် တန်ပြန်တော်လှန်ရေးပဲ ဖြစ်မှာပေါ့)။ အဟောင်းကိုဖယ်ရှားရတာဟာ လွယ်လွယ်နဲ့ ရတာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဖယ်ရှားခံရတဲ့ အင်အားစုဟာ လက်ထဲမှာ အာဏာယန္တရားကို ဆုပ်ကိုင်ထားရုံတင်မက အကျောက်အကန် ရုံးကန်တုံ့ပြန်တတ်လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် တော်လှန်ရေးဆိုတာ ဇာထိုးပန်းထိုး လုပ်တာ မဟုတ်ဘူး၊ ပျော်ပွဲစားထွက်တာမဟုတ်ဘူး၊ ဥပုသ်စောင့်တာမဟုတ်ဘူး လို့ ပြောတာဖြစ်ပါတယ်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးတုန်းက လက်နက်ကိုင်တိုက်ခဲ့ရတယ်။ ဗြိတိသျှနယ်ချဲ့ကို လွတ်လပ်ရေးအတွက် ရရင်ရ မရရင်ချဖို့ လူထုကို လှုံ့ဆော်ပြီးတိုက်ခဲ့ရတယ်။ ၈၈ မှာလည်း သွေးမြေကျခံပြီး တိုက်ခဲ့ရတာပဲဖြစ်တယ်။

၉၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးလက်ဦးမှုမဲ့သွားတဲ့ အခါ စစ်အစိုးရက အချိန်ဆွဲတယ်။ ကိုယ်ကမတိုးချဲ့နိုင်တဲ့အခါ အကြမ်းဖက်ဖိနှိပ်လာတယ်။ ဒီပဲယင်း ရွှေဝါရောင်တို့မှာ ဖိနှိပ်မှု ပြင်းထန်တယ်။ အမျိုးသားညီလာခံ ၂၀၀၈ ဆန္ဒခံယူပွဲတွေဟာ လက်ဦးမှုကိုပြန်လုဖို့ ကြိုးစားတာဖြစ်တယ်။ ၂၀၁၀ ဟာ လက်ဦးမှုတင်မက တရားဝင်မှုကိုပါ လုတာဖြစ်တယ်။

နိုင်ငံရေးလက်ဦးမှုကို လူထုထောက်ခံမှုနဲ့သာ ရနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ လူထုဟာ တရားနည်းလမ်း ကျတာကိုသာ ထောက်ခံလို့ပဲ။ တရားနည်းလမ်းကျတယ်ဆိုတာ လူထုအကျိုးစီးပွားနဲ့ ကိုက်ညီတာကို ပြောတာ ဖြစ်တယ်။ လူထုအကျိုးစီးပွား နဲ့ ကိုက်ညီမညီဆိုတာကို လူထုဟာ ဘဝအရကို သိတယ်။ လူထုဟာ နလပိန်းတုံးတွေ မဟုတ်ဘူး။

၇ ဇူလိုင်အစ ၈၈ အရေး တော်ပုံအလယ် ၂၀၀၇ ရွှေဝါရောင် အဆုံး သမိုင်းကို အမှောင်ချလိုပေမယ့် ဒါဟာ စစ်အစိုးရအဖို့ သေရာပါလက်ဦး မှုမဲ့ခြင်းပဲ ဖြစ်ပါတယ်။ စစ်အစိုးရဟာ လက်ဦးမှုပြန်ရဖို့အတွက် သမိုင်းကို ဖုံးကွယ်ရတယ်၊ အချိန် ဆွဲရတယ်၊ လူထုကို လိမ်ညာမှိုင်းတိုက်ရတယ်၊ ချော့တခါ ခြောက်တလှည့် ကြမ်းတခါပျော့တလှည့် နည်းပရိယာယ်သုံးရတယ်။ သူတို့လက်ထဲမှာ ဖိနှိပ်ရေးကိရိယာ အာဏာယန္တရား ရှိတယ်။ လူထုကြီး နိုးကြားထကြွမလာအောင် နိုင်ငံရေးအသိမမြင့်အောင် မစုစည်းမိအောင်

လုပ်ဆောင်ရာမှာ၊ ဖိနှိပ်ချုပ်ချယ်တဲ့နည်းဟာ အဓိကနည်းနာဖြစ်ပြီး ချော့မြူတဲ့နည်း သွေးခွဲသပ်လျိုတဲ့နည်းဟာ လက်အောက်ခံနည်းနာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်အစိုးရက ၂၀၁၀ မှာ သူတို့လက်ဦးမှုပြန်ရဖို့ တရားဝင်မှု ထူထောင်ဖို့ (တစုံတရာ) ချော့လာပျော့လာတဲ့အပေါ် မတွေဝေမိဖို့ အရေးကြီးပါတယ်။

မတွေဝေဖို့ဆိုတာ လူထုအမြင်နက်ရှိုင်းမှ လူထုရပ်တည်ချက် ကြံ့ခိုင်မှသာ ဖြစ်နိုင်တယ်။ လူထုလို့ဆိုရာမှာ ယေဘုယျလူထုကိုပြောတာ မဟုတ်ဘူး။ အဖိနှိပ်ခံပြည်သူလူထုကြီးကို ပြောတာ ဖြစ်တယ်။ အလုပ်သမား၊ လယ်သမား အခြေခံလူတန်းစားနဲ့ မြို့နေဆင်းရဲသားအလွှာဟာ အဖိနှိပ်ခံရဆုံးဖြစ်ပြီး၊ အတတ်ပညာရှင် အသိပညာရှင်၊ လုပ်ငန်းရှင်ကလေးများနဲ့ အမျိုးသားခနရှင်လူတန်းစားဟာလဲ ဖိနှိပ်ခံနေရတာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ စစ်ဗျူရိုကရက်လက်ဝါးကြီးအုပ်အရင်းရဲ့ တိုက်ရိုက်သွေးစုပ်မှု ခံနေရလို့ဖြစ်တယ်။ သူတို့ဟာ ဗမာပြည်ရဲ့ လူဦးရေအများစုကြီးဖြစ်ပြီး သူတို့မှာ ကိုယ်စီမကျေနပ်မှုတွေရှိတယ်။

လူထုရဲ့ဘဝအသိကို နိုင်ငံရေးအသိအဖြစ် မြှင့်တင်ပေးရမယ်။ လူထုနိုင်ငံရေးအသိ မြင့်မားလာတာနဲ့အမျှ ဖြိုဖျက်လို့မရတဲ့ အင်အားတွေ ပေါ်ပေါက်လာမှာဖြစ်တယ်။ လူထုနိုင်ငံရေးအသိ မြင့်မားနေဖို့ဆိုရင် လွဲမှားတဲ့အတွေးအခေါ်တွေ မှားယွင်းတဲ့ မျှော်လင့်ချက်တွေ မပေးမိဖို့လိုတယ်။ ကယ်တင်ရှင်မျှော်တဲ့ အတွေးအခေါ်တွေ၊ အလိုအလျောက်ဖြစ်ပျက်မှုကို စောင့်စားတဲ့ အတွေးအခေါ်တွေ၊ အလျှော့ပေး အရှုံးပေးတဲ့ အတွေးအခေါ်တွေ မပေးမိဖို့လိုတယ်။

**NLD** ရွှေဂုံတိုင် ရပ်တည်ချက်ဟာ နိုင်ငံရေးလက်ဦးမှုကို ထိန်းသိမ်းတာ ဖြစ်တယ်။ ၂၀၁၀ ကိုသပိတ်မှောက်တာဟာ လက်ဦးမှုကို မြဲမြဲဆုပ်ကိုင်တာ ဖြစ်တယ်။ ဒါဟာ နိုင်ငံရေးရပ်တည်ချက်ကြံ့ခိုင်တာ ဖြစ်တယ်။ ၂၀၁၀ မှာ နအဖစစ်အစိုးရ လုပ်ချင်တိုင်းလုပ်လို့မရဘူးဆိုတာကို ဖော်ပြလိုက်ခြင်းလည်း ဖြစ်ပါတယ်။

**NLD-CRPP** သာခေါင်းလျှိုဝင်လိုက်ရင် စစ်အစိုးရအတွက် ၂၀၁၀ ဟာ ချောမွေ့သွား(နိုင်) ရုံတင်မက ကျန်နိုင်ငံရေးအင်အားစုများကိုပါ ဖိနင်းလာမှာဖြစ်တယ်။ စစ်အစိုးရဟာ တွေဝေ (ပျော့ပျောင်း) နေမှာ မဟုတ်ဘူး။ ခေါင်းလျှိုဝင်လိုက်ရင် အရေခွံခွာခံရမှာ ဖြစ်တယ်။ ဗမာပြည်နိုင်ငံရေးသမိုင်းမှာ အရေခွံခွာခံရသူတွေ တွေ့ဖူးပေါင်းများပြီ။ စဉ်းစားနည်းမမှားဖို့ လိုပါတယ်။

ရှေ့လျှောက် နအဖစစ်အစိုးရဘာခြေလှမ်းလာမလဲဆိုတာ တွက်လို့ရပါတယ်။ လှမ်းသမျှခြေလှမ်းတိုင်း အမှားပါမှာပဲ။ ၂၀၁၀ ဟာ ကြာလေပွင့်ကျလေဖြစ်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံအကျိုးစီးပွားအရ စစ်အစိုးရနဲ့လူထုအကြား ပဋိပက္ခပြင်းထန်နေလို့ပဲ။ ၂၀၁၀ မှာ စစ်ဗျူရိုကရက်လူတန်းစားက သရဖူဆောင်းမှာကို ဘယ်လူထု အစိတ်အပိုင်းကမှ လက်ခံနိုင်မှာမဟုတ်ဘူး။ စစ်အစိုးရဟာ နိုင်ငံရေးလောဘ စီးပွားရေးလောဘ ကြီးလွန်းတယ်။ ဒီတကြိမ်သူမျိုမဲ့အစာဟာ အလုပ်ကြီးတယ်။ မုချစားပိုးနင့်လိမ့်မယ်။

စစ်အစိုးရဟာ လက်ဦးမှုနဲ့ တရားဝင်မှုကို လုနေရချိန် ဖြစ်တာကြောင့် ဥပဒေစကားပြောနေရတယ်။ ပျော့ပျောင်းသယောင် တရားဥပဒေကိုလေးစားသယောင် ဆောင်နေရတယ်။ လူထုထောက်ခံမှု (အတု) တွေရအောင်ကြိုးစားနေရတယ်။ လူထုက ၂၀၁၀ ရွေးကောက်ပွဲကို စိတ်ဝင်စားတာမဟုတ်ဘူး။ သူတို့အကျိုးစီးပွားမပါတဲ့ ဘယ်အရာကိုမှ လူထုက စိတ်ဝင်စားမှာမဟုတ်ဘူး။ ကြံ့ဖွံ့ကိုထောက်ခံမဲထည့်ဖို့ အကျပ်ကိုင်ခံနေရတဲ့အတွက် ၂၀၁၀ နဲ့မပတ်သက်လို့မရ ဖြစ်နေတယ်။ ၂၀၁၀ ကို ပျက်ပြားသွားအောင် ယတိပြတ်တိုက်လို့မရပေမယ့် ပွင့်ကျသထက်ပွင့်ကျအောင် ဘက်စုံထောင့်စုံကနေတိုက်လို့ ရပါတယ်။ စစ်အစိုးရရဲ့ အတုအယောင်မှန်သမျှ ဖွင့်ချပြခြင်းဖြင့်လူထုကို ဆန့်ကျင်ဘက်က ပညာပေးခြင်း ဖြစ်ပါလိမ့်မယ်။

ဒီအချိန်ဟာ ကိုယ့်ဘက်က အတ္တဘာဝအင်အားတွေ ကြီးထွားအောင်ဖြည့်ဆည်းဖို့ အချိန်အခါကောင်းပဲ။ ပြန့်ကြဲနေတဲ့ ဒီမိုကရေစီအင်အားစုတွေ တယောက်တပေါက်လိုဖြစ်နေတဲ့ ဒီမိုကရေစီအင်အားစုတွေ စုစုစည်းစည်းဖြစ်ဖို့ နည်းလမ်းရှာ ညှိနှိုင်းဖို့လည်း လိုပါတယ်။ စုစုစည်းစည်းနဲ့ တိုက်တာဟာ အပေါင်းလက္ခဏာတင်မက အမြှောက်လက္ခဏာ ဆောင်ပါလိမ့်မယ်။ စစ်သဘောနဲ့ပြောရရင် သူကထိုးစစ် ကိုယ်ကခံစစ်။ တက်ကြွတဲ့ခံစစ်က ခြေမှုန်းရေးလက္ခဏာပါတယ်။ တက်ကြွတဲ့ခံစစ်က မတက်ကြွတဲ့ထိုးစစ်ထက် သာတယ်။ ဘယ်ထိုးစစ်မှ အကန့်အသတ်မဲ့ ထိုးစစ်ဆင်နိုင်တယ်ရယ်လို့မရှိဘူး။ ၂၀၁၀ ထိုးစစ်ဟာ စစ်မျက်နှာကျယ်သလောက် သူ့တပ်သူလုံတာမဟုတ်ဘူး။ စစ်အစိုးရရဲ့ ယာယီတည်ငြိမ်မှု သို့မဟုတ် ယာယီအသာစီးရမှုဟာ ကြာလေပျက်ပြားလေဖြစ်မယ်။ ထင်ယောင်မှားမှု မဖြစ်ဖို့လိုတယ်။ မတော်မတရားမှုကို ခုခံအန်တုနိုင်တဲ့အင်အားဟာ လူထုထံမှာပဲ ရှိတယ်။



# လီနင်ရဲ့ ၁၄၀ မြောက် မွေးနေ့ကို အထိမ်းအမှတ်ပြုခြင်း

ဒီနှစ် ဧပြီ ၂၂ ရက်နေ့ဟာ လီနင်ရဲ့ နှစ် ၁၄၀ မွေးနေ့ ဖြစ်ပါတယ်။ လီနင်အား ကြည်ညိုလေးစားတဲ့စိတ်ခံတတ်ကို ရင်မှာပိုက်ကာ သူရဲ့ မဟာဂုဏ်ကျေးဇူးများကို တမ်းတသတိရရင်း သူ့ရဲ့ ၁၄၀ မြောက် မွေးနှစ်ကို အထိမ်းအမှတ် ပြုလိုက်ပါတယ်။

လီနင်ဟာကြီးမြတ်တဲ့ မာ့က်စ်ဝါဒသဘောတရားဆရာအဖြစ်နဲ့ မာ့က်စ်ဝါဒအပေါ် စွဲမြဲကြံ့ခိုင်ပြီး ဖွံ့ဖြိုးတိုးတက်စေခဲ့တဲ့ စံနမူနာပြဖြစ်တယ်။ ၁၉ ရာစုနှောင်းပိုင်း ၂၀ ရာစုအစပိုင်း အရင်းရှင်စနစ်ဟာ နယ်ချဲ့စနစ်သို့ ဖြစ်ထွန်းသွားတဲ့ အဆင့်ကာလ။ အရင်းရှင်နိုင်ငံအသီးသီးမှာ လူမှုပဋိပက္ခတွေ ယခင်ဘယ်တုန်းကနဲ့မှ မတူအောင် ပြင်းထန်လာပြီး ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေးနဲ့ ကိုလိုနီ ကိုလိုနီတပိုင်းနိုင်ငံတွေက အမျိုးသားဒီမိုကရေစီတော်လှန်ရေး လှုပ်ရှားမှုဟာ တနေ့တခြား မြင့်တက်လာနေတဲ့ သမိုင်းအခြေအနေသစ်အောက်မှာ လီနင်ဟာ မာ့က်စ်ဝါဒ အခြေခံမူတွေကို ရုရှားနိုင်ငံရဲ့ တော်လှန်ရေး တိုက်ပွဲလက်တွေ့နဲ့ အပြန်အလှန်ပေါင်းစပ်ခဲ့တယ်။ နိုင်ငံတကာ အလုပ်သမားလှုပ်ရှားမှုကို အဖိနှိပ်ခံအမျိုးသားများရဲ့ လှုပ်ရှားမှုများနဲ့လည်း အပြန်အလှန်ပေါင်းစပ်ခဲ့ပါတယ်။ ဒုတိယအင်တာ နေရှင်နယ်အတွင်းရှိ အချောင်ဝါဒ၊ ပြန်ပြင်ရေးဝါဒနဲ့ မှားယွင်းတဲ့ အတွေးအခေါ်ရေစီးကြောင်း အမျိုးမျိုးတို့နဲ့ တိုက်ပွဲဆင်ရင်း တစီတတန်းကြီးသော အတွေးအခေါ်သစ်တွေ၊ မူသစ်တွေကို တင်ပြခဲ့ပြီး မာ့က်စ်ဝါဒ သဘောတရား ဘဏ္ဍာတိုက်ကို ကြွယ်ဝစေခဲ့တယ်။

လီနင်ဟာ ရုရှားပြည်သူတွေကို ခေါင်းဆောင်ပြီး ဒီမိုကရေစီတော်လှန်ရေးနဲ့ ဆိုရှယ်လစ်တော်လှန်ရေးတိုက်ပွဲဆင်နွှဲမှုအတွင်း ရုရှားနိုင်ငံရဲ့ ပါတီတွင်း တိုက်ပွဲအတွေ့အကြုံနဲ့ ဥရောပနိုင်ငံများက တော်လှန်ရေးလှုပ်ရှားမှု အတွေ့အကြုံများကို နိဂုံးချုပ်ကာ ပုံစံသစ်ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီ တည်ဆောက်ရေးသဘောတရားသစ်ကို ရေးဆွဲခဲ့တယ်။ မာ့က်စ်ဝါဒ နိုင်ငံရေးပါတီရဲ့ သဘောတရားကို ကြွယ်ဝစေပြီး ဖွံ့ဖြိုးတိုးတက်စေခဲ့တယ်။ လီနင်ဟာ ရုရှားတော်လှန်ရေး လက်တွေ့ အတွေ့အကြုံအရ ဒီမိုကရေစီတော်လှန်ရေးကို ဆိုရှယ်လစ်တော်လှန်ရေးအဖြစ် ပြောင်းလဲရေးသဘောတရားနဲ့ ပေါ်လစီများကို ချမှတ်ကာ မာ့က်စ်ဝါဒကို အဆက်မပြတ်တော်လှန်ရေး အတွေးအခေါ်များဖြင့် ဖွံ့ဖြိုးတိုးတက်စေပါတယ်။ လီနင်ဟာ ၁၉ ရာစုနှောင်းပိုင်း ၂၀ ရာစု အစောပိုင်းမှာ အဓိကကျတဲ့ အရင်းရှင်နိုင်ငံအသီးသီးရဲ့ စီးပွားရေးနဲ့ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြင်းအရာသစ်နဲ့ အခြေအနေသစ်တွေကို စူးစမ်း လေ့လာကာ အရင်းရှင်စနစ်ကို သစ်လွင်တဲ့သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာမှုတွေ လုပ်ဆောင်ပြီး နယ်ချဲ့စနစ်နဲ့ ပတ်သက်တဲ့ သဘောတရားကို ထူထောင်ခဲ့တယ်။ နယ်ချဲ့စနစ်ကာလမှာ အရင်းရှင်စနစ်ရဲ့ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မညီညာတဲ့တရားတွေကို တွေ့ရှိခဲ့ပြီး ဒီတရားတွေအရ ဆိုရှယ်လစ်စနစ်ဟာ နိုင်ငံအနည်းစု ဒါမှမဟုတ် အရင်းရှင် နိုင်ငံတနိုင်တည်းမှာလည်း ဦးစွာအားဖြင့် အောင်ပွဲရနိုင်တယ်ဆိုတဲ့ အရေးကြီးတဲ့

**ဒီလိုတီထွင်ကြံဆ လုပ်ကိုင်မှုအသစ်တွေဟာ မာ့က်စ်ဝါဒကို လီနင်ဝါဒဆိုတဲ့ အဆင့်သစ်တရပ်သို့ တွန်းတင်ပေးခဲ့တယ်။**

ကောက်ချက်ကို ဖော်ထုတ်လိုက်တယ်။ လီနင်ဟာ ကိုလိုနီခေတ်ကာလရဲ့ အမျိုးသားကိုလိုနီပြဿနာကို စစ်ဆေးစူးစမ်းလေ့လာကာ ကိုလိုနီ၊ ကိုလိုနီတပိုင်းနိုင်ငံတွေရဲ့ အမျိုးသားဒီမိုကရေစီလှုပ်ရှားမှု အတွေ့အကြုံများကို နိဂုံးချုပ်ပြီး အဖိနှိပ်ခံအမျိုးသားတွေရဲ့ လွတ်မြောက်ရေးတိုက်ပွဲနဲ့ ပစ္စည်းမဲ့လူတန်းစား ဆိုရှယ်လစ်တော်လှန်ရေးရဲ့ ဆက်စပ်မှုတို့ကို ရှင်းပြခဲ့တယ်။ အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲနဲ့ ပတ်သက်တဲ့ ပစ္စည်းမဲ့လူတန်းစားနဲ့ ၎င်းရဲ့ နိုင်ငံရေးပါတီရဲ့ နည်းပရိယာယ်နဲ့ လုပ်ငန်းစဉ်တို့ကို ရေးဆွဲခဲ့တယ်။ ဒီလိုနည်းအားဖြင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု ပြဿနာနဲ့ဆိုင်တဲ့ သဘောတရားကို ကြွယ်ဝဖွံ့ဖြိုးတိုးတက်စေခဲ့တယ်။ လီနင်ဟာ ဒုတိယအင်တာနေရှင်နယ်အတွင်းမှ အချောင်ဝါဒ၊ ပြန်ပြင်ရေးဝါဒတို့နဲ့ တိုက်ပွဲများအတွင်း ရုရှားပြည်သူများရဲ့ တော်လှန်ရေးတိုက်ပွဲများကို ခေါင်းဆောင်ရင်း မာ့က်စ်ဝါဒရဲ့ ပစ္စည်းမဲ့လူတန်း စားတော်လှန်ရေးနဲ့ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်နဲ့ ပတ်သက်တဲ့ သဘောတရားများကို ကာကွယ်ပြီး ဖွံ့ဖြိုးတိုးတက်စေခဲ့တယ်။ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ရဲ့ အနှစ်သာရနဲ့ တာဝန်ကို ရှင်းလင်းပြခဲ့တယ်။ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်နဲ့ ပစ္စည်းမဲ့လူတန်းစား ဒီမိုကရေစီရဲ့ ဆက်စပ်မှု၊ ပစ္စည်းမဲ့လူတန်းစား ဒီမိုကရေစီရဲ့ အနှစ်သာရနဲ့ ကြွန်အင်လက္ခဏာများကို သုံးသပ်တင်ပြလိုက်တယ်။ လီနင်ဟာ အရင်းရှင်စနစ်ရဲ့ ပြောင်းလဲမှုအသစ်များနဲ့ အခြေအနေသစ်တွေအရ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒသဘောတရားကို အကျိုးသင့်အကြောင်းသင့် ရှင်းပြပြီး အထူးသဖြင့် အောက်တိုဘာတော်လှန်ရေး အောင်ပွဲခံပြီးနောက် နှိုင်းယှဉ်ခြင်းအရ စီးပွားရေးနဲ့ ယဉ်ကျေးမှု ခေတ်နောက်ကျတဲ့ ရုရှားနိုင်ငံမှာ ဆိုရှယ်လစ်စနစ်ကို ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ စဉ်းစားချက်အသစ်ကို တင်ပြလိုက်တယ်။ လီနင်ရဲ့ ဒီလိုတီထွင်ကြံဆ လုပ်ကိုင်မှုအသစ်တွေဟာ မာ့က်စ်ဝါဒကို လီနင်ဝါဒဆိုတဲ့ အဆင့်သစ်တရပ်သို့ တွန်းတင်ပေးခဲ့တယ်။

လီနင်ဟာ ကြီးမြတ်တဲ့ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးသမားအဖြစ် မာ့က်စ်ဝါဒကို ရုရှားတော်လှန်ရေး လက်တွေ့အတွင်း တီထွင်ဖန်တီးမှုရှိစွာ အသုံးချခဲ့တယ်။ ရုရှားပြည်သူတို့ကို ခေါင်းဆောင်ပြီး အောက်တိုဘာတော်လှန်ရေး မဟာအောင်ပွဲကို အရယူခဲ့တယ်။ ဆိုရှယ်လစ်ဝါဒကို သဘောတရားမှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖြစ် ပြောင်းလဲစေလိုက်တယ်။ ပထမဆုံးဖြစ်တဲ့ ဆိုရှယ်လစ် ရုရှားနိုင်ငံတော်ကို ထူထောင်ရာမှာ တကမ္ဘာလုံး အရင်းရှင်စနစ် တပေါင်းတစည်းတည်းရှိနေတဲ့ အခြေအနေကို ဖျက်ဆီးပစ်လိုက်ပြီး လူသားသမိုင်းရဲ့ ခေတ်သစ်ကို ဖွင့်လှစ်လိုက်တယ်။ အောက်တိုဘာတော်လှန်ရေး အောင်ပွဲရပြီးနောက် လီနင်ဟာ ရုရှားပြည်သူလူထု ကို ခေါင်းဆောင်ပြီး အသစ်မွေးဖွားလာတဲ့ ဆိုဗီယက်အာဏာကို ထိန်းသိမ်းကာကွယ်ရေးအတွက် သူမတူအောင် အဆင်းရဲအပင်ပန်းခံကာ တိုက်ပွဲဝင်ပြီး နယ်ချဲ့နိုင်ငံများရဲ့ လက်နက်ကိုင် ကျူးကျော်မှုနဲ့ ပြည်တွင်းမှ တန်ပြန်တော် လှန်ရေးအင်အားစုတွေရဲ့ ပုန်ကန်သောင်းကျန်းမှုများကို ချေမှုန်းခဲ့ရတယ်။ စစ်ပွဲရဲ့ ဒဏ်ရာများကို ကုသရေးအတွက် အမျိုးသားစီးပွားရေး ပြန်လည်ရှင်သန်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လီနင်ဟာ တီထွင်ဖန်တီးမှုရှိစွာ စူးစမ်းလေ့လာပြီး အသစ်ပေါ်ထွန်းလာတဲ့ ဆိုရှယ်လစ်စနစ်ကို ထူထောင်ပေးပြီး ခိုင်မာလာနိုင်စေခဲ့တယ်။ လီနင်ထူထောင်လိုက်တဲ့ ဆိုရှယ်လစ်နိုင်ငံတော်ဟာ နိုင်ငံအသီးသီးက ပြည်သူတွေကို အလွန်ကြီးမားတဲ့ အားပေးမှုတွေ ဖြစ်ပေါ်စေပြီး ကမ္ဘာ့အဖိနှိပ်ခံ ဆင်းရဲသားလုပ်သားထုအတွက် လျောက်လှမ်းရန် ပန်းတိုင်နဲ့ အတုယူရန် စံနမူနာ ဖြစ်လာခဲ့တယ်။

၂၀ ရာစု ၈၀ ခုနှစ်များနှောင်းပိုင်းနဲ့ ၉၀ ခုနှစ်များ အစပိုင်းမှာ ဆိုဗီယက်ပြည်ထောင်စုနဲ့ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများ အသွေးအရောင်ပြောင်းသွားတဲ့ အဖြစ်ဆိုးတရပ် ဖြစ်ပွားခဲ့တယ်။ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ ပြင်းထန်ဆိုးဝါးတဲ့ ရှုံးနိမ့်မှုနဲ့ ကြုံတွေ့ရင်ဆိုင်လိုက်ရတယ်။ ဆိုဗီယက်နဲ့ အရှေ့ဥရောပရဲ့ အဖြစ်ဆိုးကြောင့် လီနင်ကို ပစ်ပယ်မှုတွေ၊

လီနင်ကို ထိုးနှက်တိုက်ခိုက်မှုတွေ လီနင်ရဲ့ အတွေးအခေါ်များ အပေါ် တလွဲတချော် အဓိပ္ပာယ်ကောက်ယူ ရေးသားပြောဆိုမှုတွေ ဆူဆူညံညံ ပေါ်ထွက်လာတယ်။ ဒါပေမဲ့ မာ့က်စ်ဝါဒ သဘောတရား ဘဏ္ဍာတိုက်အတွင်းရှိ အရေးပါတဲ့အစိတ်အပိုင်းတွေဖြစ်တဲ့ လီနင်ဝါဒဟာ ဒီဆူဆူညံညံတွေကြောင့် ထွန်းလင်းတောက်ပြောင်မှုတွေ ကွယ်ပျောက်သွားမှာ မဟုတ်ပါဘူး။ မာ့က်စ်လီနင်ဝါဒဟာ အလုပ်သမားလူတန်းစားနဲ့ ၎င်းရဲ့ နိုင်ငံရေးပါတီရဲ့ သိမြင်မှုနယ်ပယ်မှာ ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲတဲ့ သဘောတရားလက်နက် ဖြစ်မြဲဖြစ်နေမှာပါ။ လီနင် ဖွင့်လှစ်ထူထောင်ထားခဲ့တဲ့ ဆိုရှယ်လစ်စနစ်ဟာလည်း ခေတ်ရှင်လူတန်းစား ကြီးတင်နိမိတ်ဖတ်သူတွေ ပြောခဲ့တဲ့အတိုင်း "ဇီဝိန် ချုပ်သွားတာ" မဟုတ်သလို၊ နိုင်ငံတချို့မှာ ဆိုရှယ်လစ်စနစ်အလံဟာ တလူလူလွင့်ပျံမြဲ လွင့်ပျံနေတာပါ။ ဆိုရှယ်လစ်စနစ် လမ်းကြောင်းကို ကြံ့ကြံ့ခိုင်ခိုင် ဆုပ်ကိုင်ထားတဲ့ နိုင်ငံတွေဟာ ဆိုရှယ်လစ်လှုပ်ရှားမှုရဲ့ အမှန်နဲ့အမှား ဘက် ၂ ဘက်က အတွေ့အကြုံများကို နိဂုံးချုပ်တဲ့ အခြေခံပေါ်မှာ ဆိုရှယ်လစ်စနစ်ကို အဆက်မပြတ် ပြည့်စုံကောင်းမွန်စေပြီး တွန်းဆော်ပေးနေပါတယ်။ အထူးသဖြင့် လူဦးရေ သန်း ၁,၃၀၀ ရှိတဲ့ တရုတ်ပြည်ဟာ ပြုပြင်ပြောင်းလဲရေး၊ တံခါးဖွင့်ရေးမှတဆင့် ဆိုရှယ်လစ်စနစ်သို့ ချီတက်နေတာကို နိုင်ငံအသီးသီးက စောင့်ကြည့်နေကြပါတယ်။ ဖြေရှင်းစရာပြဿနာ တချို့ ရှိနေသေးပေမယ့် အခုအထိ သူတို့ အောင်မြင်နေကြတယ်။ သူတို့ဖောက်တဲ့လမ်း ပေါက်သွားရင်တော့ ကမ္ဘာကြီးရဲ့ သွင်ပြင်ဟာ ပြောင်းလဲသွားနိုင်ပါတယ်။

ကျွန်တော်တို့ဟာ လီနင်ရဲ့ အနှစ် ၁၄၀ ပြည့်နှစ်ကို အထိမ်းအမှတ်ပြုတဲ့အနေနဲ့ လီနင်ရဲ့ အတွေးအခေါ်တွေနဲ့ သဘောတရားတွေကို ဂရုတစိုက်လေ့လာသွားပြီး လီနင်စတင်ထူထောင်ခဲ့တဲ့ ဆိုရှယ်လစ်စနစ်လမ်းကြောင်း အတိုင်း စွဲစွဲမြဲမြဲ လျှောက်လှမ်းသွားရပါမယ်။ အောက်တိုဘာတော်လှန်ရေးရဲ့ အော်ရိုရာအမြောက်သံဟာ ဗမာပြည်သို့ မာ့က်စ်ဝါဒကို သယ်ဆောင်လာပါတယ်။ ၁၉၃၉ ခု ဩဂုတ်လ ၁၅ ရက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီကို ထူထောင်လိုက်ပါတယ်။ ကျွန်တော်တို့ ပါတီဟာ ပါတီစတင်ထူထောင်လိုက်တဲ့ အချိန်ကတည်းက မာ့က်စ်ဝါဒ လီနင်ဝါဒကို ပါတီရဲ့ လမ်းညွှန်အတွေးအခေါ်အဖြစ် ချမှတ်ခဲ့တာပါ။ လီနင်အတွေးအခေါ် လေ့လာရေးနဲ့ စူးစမ်းရေးများကို တလျှောက်လုံး အလေးထားခဲ့ပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့ တော်လှန်ရေးတိုက်ပွဲကာလဖြစ်ဖြစ် မြေအောက်ကာလမှာဖြစ်ဖြစ် ပါတီဗဟိုဟာ တပါတီလုံးက ရဲဘော်တွေကို လီနင်ရဲ့ ဂန္ထဝင်ကျမ်းများအား ဂရုတစိုက် စူးစမ်းလေ့လာ ဖတ်ရှုကြဖို့ တောင်းဆိုခဲ့တယ်။ ဦးနှောက်ကို မာ့က်စ်လီနင်ဝါဒ လက်နက်တပ်ဆင်အသုံးချသွားဖို့ တောင်းဆိုခဲ့တယ်။ မာ့က်စ်ဝါဒ ရပ်တည်ချက်၊ အမြင်၊ နည်းနာတို့ရဲ့ ရှေ့ဆောင်လမ်းညွှန်မှုအရ တော်လှန်ရေး တိုက်ပွဲကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တောင်းဆိုခဲ့တယ်။

ယခုအခါ မာ့က်စ်ဝါဒ သဘောတရား လေ့လာစူးစမ်း သုတေသနပြုရာမှာ အခြေခံစာတမ်းတွေ ပံ့ပိုးနိုင်ရေးအတွက် တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုဘာသာပြန်နဲ့ တည်းဖြတ်ရေးဌာနဟာ ၅ နှစ်ကျော် ကြိုးပမ်းအားထုတ်ပြီးနောက် "မာ့က်စ်အိန်ဂယ်ညွှန့်ပေါင်းကျမ်း"များနဲ့ "လီနင် အထူးအကြောင်းအရာ ညွှန့်ပေါင်းကျမ်း"များကို ပုံနှိပ်ထုတ်ဝေတာ တွေ့ရတယ်။

အဲဒီ "လီနင် အထူးအကြောင်းအရာ ညွှန့်ပေါင်းကျမ်း" များ အကြောင်း မိတ်ဆက်တင်ပြထားချက်များကို ထုတ်နုတ်ပြလိုပါတယ်။

"လီနင် အထူးအကြောင်းအရာ ညွှန့်ပေါင်းကျမ်း" များဟာ လီနင်ရဲ့ အတွေးအခေါ်ကို သဘောတရား လေ့လာရေးနဲ့ စူးစမ်းသုတေသနပြုရေးအတွက် အခြေခံစာတမ်းသစ်များကို ပံ့ပိုးပေးခဲ့တယ်။ ဒီညွှန့်ပေါင်းကျမ်းဟာ သစ်လွင်တဲ့ တည်းဖြတ်ရေး အတွေးအခေါ်လမ်းကြောင်းကို အသုံးချခဲ့တယ်။ အထူးအကြောင်းအရာ ၅ ခုနဲ့ ဖွဲ့စည်းထားတယ်။ အဲဒါတွေကတော့ "မာ့က်စ်ဝါဒဆိုင်ရာ သဘောတရား" "အနုပဋိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒဆိုင်ရာ သဘောတရား" "အရင်းရှင်စနစ်ဆိုင်ရာ သဘောတရား" "ဆိုရှယ်လစ်ဝါဒဆိုင်ရာ သဘောတရား" နဲ့ "ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီဆိုင်ရာ သဘောတရား" ဆိုတဲ့ ကျမ်းစာအုပ် ၅ မျိုးဖြစ်တယ်။ ဒီညွှန့်ပေါင်းကျမ်းတွေကို လီနင်ကျမ်းပေါင်းချုပ် ၆၀ မှ သက်ဆိုင်ရာ ဆောင်းပါး ၁၁၅ ပုဒ်ကို (တခုလုံး ဒါမှမဟုတ် ကောက်နုတ်) လက်ရွေးစင်အဖြစ် ရွေးထုတ်ခဲ့တယ်။ အထူးအကြောင်းအရာ အသီးသီးနဲ့ သက်ဆိုင်တဲ့ အရေးကြီးတဲ့ ဆွေးနွေးသုံးသပ်မှုများကို (အရေးကြီးတဲ့ ရေးသားချက်များ ကောက်နုတ်စုစည်းချက်များအဖြစ်) ကောက်နုတ်ရွေးထုတ် တည်းဖြတ်ကာ အထူးအကြောင်းအရာ အသီးသီးအတွက် မော်ကွန်းဝင်စာတမ်းများအဖြစ် ဖြည့်စွက်ပေးထားခဲ့တယ်။ စာဖတ်သူများကို အထောက်အကူပြုရေးအတွက် ဆောင်းပါးတိုင်းရဲ့ သဘောတရား ကောက်နုတ်ချက်များ ဆုပ်ကိုင်နိုင်ရေးအတွက် တည်းဖြတ်သူက ဆောင်းပါးတိုင်းအတွက် တိုတိုနဲ့ လိုရင်းရောက်တဲ့ အနက်ဖွင့်ချက်များကိုလည်း ဖော်ပြထားသေးတယ်။

(၁) “မာ့က်စ်ဝါဒဆိုင်ရာ သဘောတရားကျမ်း” စာအုပ်ထဲမှာ လီနင်က မာ့က်စ်ဝါဒဆိုတာ ဘာလဲနဲ့ မာ့က်စ်ဝါဒကို ဘယ်လိုသဘောထားမလဲ ဆိုတာတို့ကို အချက်ကျကျ ထိထိမိမိ သုံးသပ်ဆွေးနွေးပြထားတယ်။ သူက မာ့က်စ်နဲ့ အိန်ဂယ်ကို သိပ္ပံနည်းကျမာ့က်စ်ဝါဒသဘောတရား ထူထောင်ခဲ့သူများအဖြစ်နဲ့ရော ပစ္စည်းမဲ့လူတန်းစားလွတ်မြောက်ရေး အရေးတော်ပုံအတွက် ကြိုးပမ်းအားထုတ်ခဲ့တဲ့ ကြီးမြတ်တဲ့ တသက်တာကိုပါ မြင့်မြင့်မားမား တန်ဖိုးထားခဲ့တယ်။ မာ့က်စ်ဝါဒ အဘိဓမ္မာ၊ နိုင်ငံရေးဘောဂဗေဒနဲ့ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒရဲ့ အခြေခံမူများကို စနစ်တကျ ရှင်းလင်းဖွင့်ဆိုခဲ့တယ်။ မာ့က်စ်ဝါဒဟာ စုံလင်ပြည့်စုံပြီး သိပ်သည်းကျစ်လျစ်တဲ့ ကမ္ဘာ့အမြင်ဖြစ်တယ်ဆိုတာကို အလေးထားခဲ့တယ်။ ပစ္စည်းမဲ့လူတန်းစားက ကမ္ဘာလောကကြီးကို သိမြင်နားလည်မှုနဲ့ ကမ္ဘာလောကကြီးကို ပြုပြင်ပြောင်းလဲပစ်ရေး သဘောတရားလက်နက်ဖြစ်တယ်။ မာ့က်စ်ဝါဒရဲ့ အင်အားကောင်းလှတဲ့ သက်ရှိစွမ်းအားဟာ တင်းကျပ်တဲ့ သိပ္ပံနည်းကျလက္ခဏာနဲ့ တော်လှန်ရေးလက္ခဏာတို့ အတူတကွ ပေါင်းစည်းထားမှုဖြစ်တယ်။ မာ့က်စ်ဝါဒဟာ လူသားယဉ်ကျေးမှုလမ်းကြောင်းကြီးမှ ခွဲထွက်ကာ ရှေ့သို့ မတက်လှမ်းဘဲ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ အထင်နဲ့ ကျေနပ်နေတဲ့ ပြောင်းလဲလို့မရတဲ့ မာတောင့်နေတဲ့ သဘောတရား မဟုတ်ဘူး။ လူသားများရဲ့ ယဉ်ကျေးမှုအတွင်းက ကောင်းမွန်တဲ့အသီးအပွင့်များကို စုပ်ယူတဲ့ အခြေခံပေါ်မှာ အလုပ်သမားလှုပ်ရှားမှုနဲ့ နီးနီးကပ်ကပ်ပေါင်းစပ်ရင်း အမျိုးမျိုးသောမှားယွင်းသော အတွေးအခေါ်များနဲ့ တိုက်ပွဲဆင်မှုအတွင်းမှ အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာတဲ့ သဘောတရား ဖြစ်တယ်လို့ ရှင်းရှင်းလင်းလင်းညွှန်ပြခဲ့တယ်။ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီဟာ မာ့က်စ်ဝါဒကို လမ်းညွှန်အဖြစ်ထားရမယ်။ တော်လှန်တဲ့သဘောတရားမရှိရင် ကြံ့ခိုင်တဲ့ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီ မဟုတ်ဘူးဆိုတာကို လီနင်က အလေးထား ဖော်ပြတယ်။ လီနင်က အချောင်ဝါဒ၊ ပြန်ပြင်ရေးဝါဒတို့ကို ရှင်းရှင်းလင်းလင်း ဝေဖန်ပြီး တရားသေဝါဒကို ဆန့်ကျင်ကာ မာ့က်စ်ဝါဒဟာ သိပ္ပံနည်းကျသဘောတရားဖြစ်တယ်။ သူ့ရဲ့အခြေခံမူတွေကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားရမယ်လို့ ညွှန်ပြခဲ့တယ်။ မာ့က်စ်ဝါဒဟာ မာတောင့်အသက်ကင်းမဲ့နေတဲ့ လှေနံဓားထစ် တရားသေမဟုတ်ဘဲ လှုပ်ရှားမှုရဲ့ အလုပ်လမ်းညွှန်ဖြစ်တယ်။ မာ့က်စ်ဝါဒ အခြေခံမူများကို လက်တွေ့နဲ့ အပြန်အလှန်ပေါင်းစပ်ခြင်းအားဖြင့် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်မှုအတွင်း အဆက်မပြတ် ကြွယ်ဝဖွံ့ ဖြိုးတိုးတက်စေရမယ်။ အခိုင်အမာ အခြေအနေကို အခိုင်အမာ ခွဲခြမ်းစိတ်ဖြာခြင်းဟာ မာ့က်စ်ဝါဒရဲ့ ရှင်သန်နေတဲ့ ဝိညာဉ်ဖြစ်တယ်ဆိုတာကို အဲဒီကျမ်းမှာ ဖွင့်ဆိုထားပါတယ်။

(၂) “အနုပဋိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒဆိုင်ရာ သဘောတရားကျမ်း”အတွင်း လီနင်ဟာ မာ့က်စ်ဝါဒရဲ့ သိပ္ပံနည်းကျ ကမ္ဘာ့အမြင်ကို စနစ်တကျ ရှင်းလင်းဖွင့်ဆိုပြတယ်။ လီနင်ဟာ စိတ်ဝါဒအဘိဓမ္မာဂိုဏ်းကို ဝေဖန်တဲ့ တိုက်ပွဲအတွင်း အနုပဋိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒတို့ဟာ သိပ္ပံနည်းကျ ကမ္ဘာ့အမြင်ဖြစ်တယ်၊ တခုလုံးအရ ခွဲပစ်လို့ မဖြစ်ဘူးလို့ ရှင်းပြလိုက်တယ်။ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေး တိုက်ပွဲအတွေ့အကြုံများနဲ့ သဘာဝသိပ္ပံပညာရဲ့ အောင်မြင်ချက်များကို နိဂုံးချုပ်ထားတဲ့ အခြေခံပေါ်မှာ မာ့က်စ်ဝါဒ အဘိဓမ္မာရဲ့ အခြေခံမူများ အထူးသဖြင့် အနုပဋိလောမ သိမြင်မှုတရားရဲ့ အခြေခံမူကို ရှင်းလင်းဖွင့်ဆိုပြပါတယ်။ လူတွေရဲ့ သိမြင်မှုဟာ နှိုင်းယှဉ်ချက်အရ အမှန်တရားမှ အကြွင်းမဲ့အမှန်တရားသို့ အနုပဋိလောမနည်းကျစွာ ဖြစ်ထွန်းတိုးတက်သွားတဲ့ဖြစ်စဉ်နဲ့ သိမြင်မှုအတွင်းမှ လက်တွေ့ဆောင်ရွက်မှုရဲ့ အခန်းကဏ္ဍနဲ့ အဆင့်နေရာကို ရှင်းလင်းပြပါတယ်။ လီနင်ဟာ အနုပဋိလောမရုပ်ဝါဒကို နက်နက်ရှိုင်းရှိုင်း စူးစမ်းလေ့လာပါတယ်။ အနုပဋိလောမရုပ်ဝါဒရဲ့ သိပ္ပံနည်းကျစနစ်၊ အခြေခံတရားတွေနဲ့ အဓိက အဝန်းအဝိုင်းကို ရှင်းလင်းဖွင့်ဆိုခဲ့တယ်။ အနုပဋိလောမရုပ်ဝါဒရဲ့ အနှစ်သာရတွေကို ထုတ်ဖော်တင်ပြခဲ့တယ်။ အနုပဋိလောမရုပ်ဝါဒအရ ဖွံ့ဖြိုးတိုးတက်မှုအမြင်နဲ့ တက္ကဗေဒအရ ဖွံ့ဖြိုးတိုးတက်မှုအမြင်တို့ရဲ့ အရင်းခံကွဲပြားမှုတွေနဲ့ စိတ်ဝါဒအရ သိမြင်မှုရေသောက်မြစ်နဲ့ လူတန်းစားရေသောက်မြစ်တို့ကို ခွဲခြမ်းစိတ်ဖြာပြပါတယ်။ လီနင်က ကွန်မြူနစ်တွေဟာ အနုပဋိလောမရုပ်ဝါဒ သိမြင်နားလည်မှုအရနဲ့ ခွဲခြမ်းစိတ်ဖြာမှုအရ အရာကိစ္စတွေကို အကောင်အထည် ဖော်တတ်ရမယ်။ အရာကိစ္စတွေကို အကောင်အထည် ဖော်ဆောင်ရွက်တဲ့အခါ စူးစမ်းလေ့လာမှုမှတဆင့် အနုပဋိလောမရုပ်ဝါဒရဲ့ စိတ်ဓာတ်နဲ့ အနှစ်သာရတွေကို ရှင်းလင်းဖွင့်ဆိုပြတယ်။ ကွန်မြူနစ်တွေဟာ အနုပဋိလောမရုပ်ဝါဒကိုတလျှောက်လုံး စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားရမယ်။ စိတ်ဝါဒနဲ့ တက္ကဗေဒကို ဆန့်ကျင်သွားရမယ်လို့ ရှင်းပြထားပါ တယ်။

(၃) “အရင်းရှင်စနစ်နဲ့ သက်ဆိုင်တဲ့ သဘောတရားကျမ်း”မှာ လီနင်ဟာ သမိုင်းရုပ်ဝါဒအမြင်နဲ့ မာ့က်စ်ရဲ့ ဘောဂဗေဒသဘောတရားတို့ကို အသုံးချပြီး အရင်းရှင်စနစ်ရဲ့ ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်နဲ့ သမိုင်းတိုးတက်မှု အခန်းတို့ ဖြစ်ပွားလာမှုအပေါ် အကဲဖြတ်ဖော်ပြခဲ့တယ်။

အရင်းရှင်စနစ်ဟာ မိမိဘာသာ မွေးရာပါပဋိပက္ခတွေ ရှိနေတာနဲ့အမျှ ကျဆုံးသွားရမယ့် သမိုင်းရဲ့ မုချလက္ခဏာကို ဖွင့်လှစ်ပြလိုက်တယ်။ အရင်းရှင်စနစ်ရဲ့ စီးပွားရေး အကျပ်အတည်းများ ပေါ်ပေါက်ရခြင်းရဲ့ အကြောင်းရင်းများနဲ့ နောက်ဆက်တွဲရလဒ်တွေကို ခွဲခြမ်းစိတ်ဖြာပြခဲ့တယ်။ လီနင်ဟာ ၁၉ ရာစုနှောင်းပိုင်းနဲ့ ၂၀ ရာစု အစောပိုင်း အရင်းရှင်စနစ်ရဲ့ ပြောင်းလဲမှုအသစ်များကို စနစ်တကျ စူးစမ်းလေ့လာပြီး နယ်ချဲ့စနစ်နဲ့ပတ်သက်တဲ့ သဘောတရားကို ထူထောင်လိုက်တယ်။ နယ်ချဲ့စနစ်ဟာ လက်ဝါးကြီးအုပ် အဖွဲ့အစည်းများအဖြစ်သို့ ဖွံ့ဖြိုးတိုးတက်သွားပြီး ဘဏ္ဍာအရင်းကြီးစိုးလွှမ်းမိုးမှုကို ထူထောင်ကာ အရင်းတင်ပို့မှုဟာ ထူးခြားတဲ့ အဓိပ္ပာယ်သဘောဆောင်လာတယ်၊ နိုင်ငံတကာ့ ထရပ်စ်ဟာ ကမ္ဘာကြီးကို စတင်ခွဲဝေခဲ့ပြီး၊ အကြီးဆုံး အရင်းရှင်နိုင်ငံကြီးတချို့ဟာ ကမ္ဘာကြီးရဲ့ နယ်မြေအားလုံးကို ခွဲဝေပြီးသွားတဲ့ အဆင့်ကာလရှိ အရင်းရှင်စနစ်ဖြစ်တယ်လို့ လီနင်က ညွှန်ပြခဲ့တယ်။ နယ်ချဲ့စနစ်ဟာ မွှားလို သွေးစုပ်တဲ့၊ ပုပ်သိုးဆွေးမြေ့နေတဲ့၊ သေပန်းပွင့်နေတဲ့ အရင်းရှင်စနစ်ဖြစ်တယ်။ နယ်ချဲ့စနစ်အဆင့်ကာလမှာ အရင်းရှင်စနစ်ရဲ့ ပုပ်သိုးဆွေးမြေ့မှုအခြေအနေနဲ့ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ အတူတကွ တည်ရှိနေတယ်။ ပုပ်သိုးဆွေးမြေ့မှု အခြေအနေဟာ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ဖယ်ထုတ်မပစ်နိုင်ပါဘူး။ ဒါပေမဲ့ ဖွံ့ဖြိုးတိုးတက်မှုကတော့ ပိုပြီးမညီမညာ ဖြစ်လာတယ်။ နယ်ချဲ့စနစ်ကာလရဲ့ စီးပွားရေးနဲ့ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှု မညီမညာဖြစ်နေတဲ့ တရားဥပဒေတွေကို လီနင်က ဖော်ထုတ်တင်ပြပြီး နယ်ချဲ့စနစ်ဟာ ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေးရဲ့ အကြိုကာလ ဖြစ်တယ်လို့ ထောက်ပြလိုက်တယ်။ အရင်းရှင်စနစ်ရဲ့ နိုင်ငံရေးစနစ်ကို စူးစမ်းလေ့လာပြီး အရင်းရှင်လူတန်းစား ဒီမိုကရေစီရဲ့ အနှစ်သာရနဲ့ ၎င်းရဲ့ သမိုင်းအကန့်အသတ် ရှိနေမှုကို လီနင်က ဖော်ထုတ်ဖွင့်ချခဲ့တယ်။ လီနင်ဟာ နယ်ချဲ့စနစ်ကာလ အတွင်း ကိုလိုနီ ကိုလိုနီတပိုင်း နိုင်ငံတွေရဲ့ အမျိုးသားဒီမိုကရေစီ လှုပ်ရှားမှုများကို နီးနီးကပ်ကပ် ဂရုတစိုက် လေ့လာပြီး အမျိုးသားနဲ့ ကိုလိုနီပြဿနာ ဖြေရှင်းရေးရဲ့ အခြေခံမူနဲ့ လုပ်ငန်းစဉ်များကို ရှင်းလင်းဖွင့်ဆိုခဲ့တယ်။

(၄) "ဆိုရှယ်လစ်ဝါဒဆိုင်ရာ သဘောတရားကျမ်း" မှာ လီနင်က နယ်ချဲ့စနစ်ကာလရှိ အရင်းရှင်စနစ်ရဲ့ စီးပွားရေးနဲ့ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှု မညီညာတဲ့ တရားဥပဒေတွေအရ ဆိုရှယ်လစ်စနစ်ဟာ နိုင်ငံအချို့ ဒါမှမဟုတ် နိုင်ငံတနိုင်ငံတည်းမှာပင် အောင်ပွဲရနိုင်တယ်ဆိုတဲ့ သိပ္ပံနည်းကျ ကောက်ချက်ကို တင်ပြလိုက်တယ်။ လီနင်ဟာ



မာ့က်စ်ရဲ့ အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရေးကာလနဲ့ ကွန်မြူနစ်စနစ် လူ့အဖွဲ့အစည်းသို့ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကာလရှိ သဘောတရားများနဲ့ ပတ်သက်ပြီး ကျိုးကြောင်းဆက်စပ်ရှင်းပြကာ ရုရှားနိုင်ငံရဲ့ ဒီမိုကရေစီတော်လှန်ရေးမှ ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းရေး သဘောတရားနဲ့ လက်တွေ့ပြဿနာများကို အဖြေပေးခဲ့တယ်။ ဆိုဗီယက်အာဏာ ထူထောင်စကာလကို နိဂုံးချုပ်ကာ ဆိုရှယ်လစ်စနစ်လမ်းကြောင်းရဲ့ အတွေ့အကြုံနဲ့ သင်ခန်းစာများကို စူးစမ်းလေ့လာပြီး စီးပွားရေး၊ ယဉ်ကျေးမှု ခေတ်နောက်ကျတဲ့ ရုရှားနိုင်ငံမှာ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးဆိုင်ရာ အတွေးအခေါ်သစ် တစီတတန်းကြီးကို တင်ပြလိုက်တယ်။ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးအာဏာ သိမ်းပိုက်ရရှိပြီးနောက် အဓိကအင်အားတွေကို စီးပွားရေး တည်ဆောက်ရေးဘက်သို့ လှည့်ပြောင်းပစ်ရေး၊ လူ့အဖွဲ့အစည်းတရပ်လုံး လုပ်အားထုတ်လုပ်မှုနှုန်း မြင့်တင်ရေး လုံးပန်းအားထုတ်ရေးကို လီနင်ဟာ အလေးထားတယ်။ ပါတီနဲ့ နိုင်ငံတော်ရဲ့ အဆင့်အသီးသီးခေါင်းဆောင်ဌာနတွေနဲ့ ကေဒါတွေ စီးပွားရေးလုပ်ငန်းတွေ လေ့လာတတ်မြောက်ရေးကိုလည်း အလေးထားတယ်။ လယ်သမားလေးစီးပွားရေး အားသာမှုရှိနေတဲ့ ရုရှားပြည်မှာ စီးပွားရေးပေါ်လစီသစ်ကို ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရေးကာလရဲ့ စီးပွားရေး

ပေါ်လစီအဖြစ် ကျင့်သုံးဆောင်ရွက်တယ်။ လူ့အဖွဲ့အစည်း ကုန်ထုတ်စွမ်းအားစု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းရှင်စနစ်ရဲ့ အလုပ်ဖွဲ့စည်းမှုဘက်က တန်ဖိုးရှိတဲ့ အသီးအပွင့်တွေနဲ့ အရင်းရှင်စနစ်ရဲ့ ရှေ့တန်းရောက်အတတ်ပညာအားလုံးကို မှီငြမ်းစရာအဖြစ်နဲ့ အသုံးချသွားရမယ်။ ကျွမ်းကျင်သူတွေရဲ့အခန်းကို ဖြစ်ထွန်းစေရမယ်။ ပစ္စည်းမဲ့အာဏာရှင်စနစ် အဆက်မပြတ် ခိုင်မာစေပြီး အလုပ်သမား လယ်သမားသမဂ္ဂများကို အားဖြည့်သွားကာ လယ်သမားများအား ဆိုရှယ်လစ် လမ်းကြောင်းအတိုင်း ချီတက်ရေးကို တက်တက်ကြွကြွ ရှေ့ဆောင်လမ်းပြသွားရမယ်။ လီနင်က သမဝါယမဆိုင်ရာ မှုတွေဟာ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးရဲ့ အရေးကြီးတဲ့ အဓိပ္ပာယ်ဆောင်ကြောင်း ရှင်းလင်းဖွင့်ဆိုပြခဲ့သေးတယ်။

(၅) "ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီဆိုင်ရာ သဘောတရားကျမ်း"အတွင်းမှာ လီနင်က ပုံစံသစ် ပစ္စည်းမဲ့ လူတန်းစား နိုင်ငံရေးပါတီ တည်ဆောက်ရေး သဘောတရားကို သိပ္ပံနည်းကျ ရှင်းလင်းဖွင့်ဆိုပြခဲ့တယ်။ ပစ္စည်းမဲ့ လူတန်းစား နိုင်ငံရေးပါတီဟာ ပစ္စည်းမဲ့လူတန်းစားနဲ့ လုပ်သားပြည်သူများကို ခေါင်းဆောင်သူနဲ့ စည်းရုံးသူဖြစ်တယ်။ ဒီမိုကရေစီတော်လှန်ရေးမှာဖြစ်ဖြစ် ဆိုရှယ်လစ်တော်လှန်ရေးနဲ့ ဆိုရှယ်လစ်တည်ဆောက်ရေးမှာဖြစ်ဖြစ် ပါတီရဲ့ ခေါင်းဆောင်မှုကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားရမယ်။ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီဟာ မာ့က်စ်ဝါဒကို လမ်းညွှန်အဖြစ် ထားရမယ်။ ပါတီဝင်တွေရဲ့ ဦးနှောက်ကို မာ့က်စ်ဝါဒဖြင့် လက်နက်တပ်ဆင်ရမယ်။ တိုးတက်တဲ့ သဘောတရားကို လမ်းညွှန်အဖြစ် ထားရှိတဲ့ ပါတီမှသာ ရှေ့တန်းရောက်တဲ့တပ်ဦးအဖွဲ့ဝင်များရဲ့ အခန်းကို ဖော်ထုတ်နိုင်ပါလိမ့်မယ်။ ပါတီဟာ ကွန်မြူနစ်ဝါဒကို လုံးပန်း တိုက်ခိုက်ရမယ့် ပန်းတိုင်အဖြစ်ထားပြီး နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်မှုနဲ့ လက်ငင်းအဆင့်ရဲ့ တာဝန်တို့ဟာ တညီတညွတ်တည်း ရှိရမယ်။ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီဟာ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုစနစ်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်သွားရမယ်။ ပါတီတွင်း ဒီမိုကရေစီ ထွန်းကားအောင် ဆောင်ရွက်ရေးကို သတိထားပြီး ပါတီဝင်များပါဝင်တဲ့ ပါတီတွင်းကိစ္စရပ်များကို ဆုံးဖြတ်ခြင်းဆိုတဲ့ အခွင့်အရေးကို လေးစားရမယ်။ ပါတီဟာ တင်းကျပ်တဲ့ စည်းကမ်းများကို ကျင့်သုံးဆောင်ရွက်ပြီး နိုင်ငံရေးအရ၊ အတွေးအခေါ်အရနဲ့ စည်းရုံးရေးအရ တညီတညွတ်တည်း ဖြစ်ရေးကို အာမခံရမယ်။ ပါတီတွင်း စည်းလုံးညီညွတ်မှုကို ကာကွယ်ရေးနဲ့ ခိုင်မာရေးအတွက် ပါတီဟာ ပါတီတွင်း ပဋိပက္ခများကို လျော်ကန်သင့်မြတ်စွာ ဖြေရှင်းသွားရမယ်။ ပါတီဟာ လူထုနဲ့ နီးနီးကပ်ကပ် ဆက်သွယ်ရမယ်။ လူထုရဲ့ အသံကို ဂရုစိုက် နားထောင်ရမယ်။ စိတ်ထားနှိမ့်ချစွာ လူထုထံက လေ့လာသင်ယူရမယ်။ လီနင်ဟာ အာဏာရပါတီကို အားဖြည့်တည်ဆောက်တဲ့ အခိုင်အမာနည်းလမ်း တချို့ကိုလည်း တင်ပြခဲ့တယ်။

ဒီညွှန့်ပေါင်းကျမ်း ၅ တွဲဟာ လီနင်ရဲ့ကျမ်း အမြောက်အမြားရှိတဲ့အထဲက အနည်းအကျဉ်း ထုတ်နုတ်ဖော်ပြချက်မျှသာ ဖြစ်ပါတယ်။ ဒါပေမဲ့ အတွင်းသဘောကတော့ အလွန်ကြွယ်ဝပါတယ်။ မာ့က်စ်ဝါဒကို လီနင်က ကြံ့ကြံ့ခိုင်ခိုင်ဆုပ်ကိုင်ပြီး မာ့က်စ်ဝါဒအား ဖွံ့ဖြိုးတိုးတက်စေခဲ့တဲ့ အဓိကကျတဲ့ သဘောတရားအသီးအပွင့်များကို စုစည်းထားမှုဖြစ်သလို လီနင်ခေါင်းဆောင်တဲ့ ဆိုရှယ်လစ်တော်လှန်ရေးနဲ့ ဆိုရှယ်လစ်တည်ဆောက်ရေးရဲ့ အဓိကအတွေ့အကြုံတွေကို စုစည်းထားမှုလည်း ဖြစ်တယ်။

ဒီညွှန့်ပေါင်းကျမ်းများကို လေ့လာခြင်းဖြင့် ပစ္စည်းမဲ့လူတန်းစားပါတီရဲ့ အတွေးအခေါ် သဘောတရား တည်ဆောက်ရေး အားဖြည့်ရေးအတွက် လေးနက်တဲ့ အဓိပ္ပာယ် ဆောင်ပါလိမ့်မယ်။ ဒီကျမ်းများကို လေ့လာခြင်းအားဖြင့် မာ့က်စ်ဝါဒရဲ့ အခြေခံမှုများနဲ့ မာ့က်စ်ဝါဒရဲ့ ရပ်တည်ချက်၊ အမြင်၊ နည်းနာတို့ကို စနစ်တကျ ဆုပ်ကိုင်နိုင်စေပါလိမ့်မယ်။ မာ့က်စ်ဝါဒရဲ့ ခေတ်နဲ့အညီ ဖြစ်ထွန်းလာမှုနဲ့ ၎င်းရဲ့ အားကောင်းတဲ့ သက်ရှိစွမ်းအားတွေကို နက်နက်ရှိုင်းရှိုင်း သိမြင်နားလည်နိုင်ပါတယ်။ အဲဒီကတဆင့် ကျွန်တော်တို့ရဲ့ မာ့က်စ်ဝါဒ ယုံကြည်စိတ်ကို ပိုမိုခိုင်မာပြတ်သားလာစေနိုင်ပါလိမ့်မယ်လို့ မိတ်ဆက်သူများက တင်ပြထားပါတယ်။

လီနင်ဝါဒ အဓွန့်ရှည်ပါစေ။

ကိုးကား။ ။ မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒ ဂျာနယ်။ ၂၀၀၉ အမှတ် ၂။

# တောင်အာဖရိက ရှုထောင့်မှ ကမ္ဘာ့ရေးရာ ကြည့်မြင်ချက်တချို့

(**မိတ်ဆက်ချက်။** ။ ဒီနှစ်ထဲ တောင်အာဖရိကမှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး အောင်အောင်မြင်မြင် ကျင်းပ ပြီးစီးသွားခဲ့ပြီ။ တချိန်က သူတို့နိုင်ငံဟာ အသည်းအသန် တိုက်ပွဲများနှင့် အသေအလဲ ရုန်းကန်ခဲ့ရသည်၊ လူဖြူအစိုးရ၏ အသားအရောင်ခွဲခြားရေး ကျင့်သုံးမှုကို တိုက်ခဲ့ရသည်။ အသွင်အမျိုးမျိုးသော ကိုလိုနီစနစ်၏ မတရားဖိနှိပ်အုပ်စိုးမှုကို တိုက်ခဲ့ရသည်။ တိုက်ပွဲပေါင်းများစွာ၊ အခက်အခဲတွေ ဒုက္ခတွေ များစွာ၊ စွန့်လွှတ်ပေးဆက်မှုတွေ များစွာ၊ သွေးချွေး အရင်းအနှီးပေါင်း များစွာ။

အခုတော့ တစုံတရာ အောင်မြင်မှုတွေကြောင့် သူတို့ ပျော်ကြသည်။ ဒါက သဘာဝကျသည်။ ကမ္ဘာ့ပြည်သူတွေကလည်း သူတို့အတွက် မုဒိတာ ပွားသည်။

ဗမာပြည်နိုင်ငံရေးသမားတွေသည်ပင်လျှင် တောင်အာဖရိကကို စိတ်ဝင်စားကြသည်။ ဗမာပြည်တော်လှန်ရေးအတွက် တောင်အာဖရိက တော်လှန်ရေးအတွေ့အကြုံနှင့် နှိုင်းယှဉ်လေ့လာကြသည်။ တောင်အာဖရိက၏ အခြေအနေတွေက ဗမာပြည်ရဲ့အခြေအနေနဲ့ (အတိတ်မှာပဲဖြစ်ဖြစ်၊ ပစ္စုပ္ပန်မှာပဲ ဖြစ်ဖြစ်) လုံးဝတူညီနေတာမဟုတ်။ ဒါကြောင့် သူတို့အတွေ့အကြုံကို အခြေအနေချင်း ထပ်တူပြုသဘောမျိုးဖြင့် မကြည့်မြင်သင့်။ သို့ရာတွင် လေ့လာသည်ကတော့ လုပ်သင့်သည်။ သူတို့အတွေ့အကြုံတွေသာမက တောင်အာဖရိကမှ တော်လှန်တိုးတက်သော အင်အားစုများ၏ အကြည့်အမြင် အယူအဆများကိုပါ လေ့လာသင့်သည်။

သူတို့သည် ကမ္ဘာကြီးထဲက နိုင်ငံတနိုင်ငံသာ ဖြစ်သည်။ သူတို့နိုင်ငံ၏ ပြင်ပတွင် ကမ္ဘာကြီး ရှိသည်။ ကမ္ဘာ့နိုင်ငံတွေ ရှိသည်။ ဒီအထဲမှာ ကိုယ်ကျိုးအတွက် ကမ္ဘာတလွှား လွှမ်းမိုးချယ်လှယ်ဖို့ အားစိုက်နေသော အင်အားကြီး နိုင်ငံကြီးတွေ ရှိနေသည်။ အမြတ်အစွန်းတွေ နင့်နေအောင် ယူဖို့ ကမ္ဘာ့စီးပွားရေးကို အစဉ်တစိုက် ချယ်လှယ်နေသည့် နယ်ကျော် နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေ ရှိသည်။ ပုံစံပြောင်း ကျင့်သုံးနေသော နယ်ချဲ့စနစ် ရှိသည်။ လက်တွေ့ဖြစ်ရပ်တွင် အမြီးအမောက် မတည့်မှုတွေ တင်းကျမ်းပြည့်နေသော ကမ္ဘာလွှမ်းခြုံရေး (Globalisation) စနစ်ကြီး ရှိသည်။ ဤအခြေအနေများ ထဲတွင် တောင်အာဖရိကသည် ဆင်းရဲတွင်းမှ မလွတ်မြောက်နိုင်သေး။ ဝိုင်းပယ်ခံရသည်။ အနှိမ်ခံရသည်။ အမြတ် ထုတ်ခံရသည်။ စီးပွားရေးအရ လုယက်တာ ခံရသည်။ ချုပ်လိုက်လျှင် နိုင်ငံတကာစနစ်နှင့် အစီအစဉ်သစ်များထဲတွင် သူတို့သည် ဆက်လက်ရုန်းကန် တိုက်ပွဲဝင်နေရဆဲ။

သူတို့ ရင်ဆိုင်နေရသော ဤနိုင်ငံတကာ့ အခြေအနေများနှင့်ပတ်သက်၍ ကြည့်မြင်ချက်တချို့ကို တောင်အာဖရိက ကွန်မြူနစ်ပါတီ (SACP) က တင်ပြခဲ့သည်၊ "ပြည်သူ့အာဏာကို ယခုပင် တည်ဆောက်ကြ၊ ဆိုရှယ်လစ်စနစ်ကို ယခုပင် တည်ဆောက်ကြ" ဆိုသည့် ပါတီတွင်း ဆွေးနွေးသည့် စာတမ်းတစောင်တွင် တင်ပြခဲ့ခြင်း ဖြစ်သည်။ ဤစာတမ်းကို ၁၉၉၈ ဇူလိုင် ၁ ရက်မှ ၅ ရက်နေ့ အတွင်း ကျင်းပသော SACP ၏ ၁၀ ကြိမ်မြောက် ကွန်ဂရက်တွင် တင်သွင်းခဲ့ခြင်းဖြစ်သဖြင့် အချိန်တခု ကြာခဲ့ပြီ။ ထိုစဉ်က

အမေရိကားမှာ စစ်ရေးတိုက်ပွဲလွန်ခေတ်တွင် အောင်မြင်မှုနှင့် ယစ်မူးနေချိန်ဖြစ်သည်။ နောက်ပြီး G-20 ဆိုတာပင်လျှင် မပေါ်သေး။ အမေရိကားမှာ အိမ်ရာမြေဈေးကွက်မှ အစပြုပြီး စီးပွားရေးကပ်ဆိုက်မှု ဖြစ်လာတဲ့အချိန်ထက် ၁၀ နှစ်လောက်စောပြီး ပေါ်ထွက်ခဲ့တဲ့ စာတမ်း တစောင် ဖြစ်သည်။ SACP က အလွန်မှန်ကန်တဲ့ "ရှေ့ဖြစ်ဟောစာတမ်း" ထုတ်တာလို့ ခံစားမိသည်။ လေ့လာဆွေးနွေးသင့်သည့် အကြောင်းအချက်များ ပါဝင်နေသဖြင့် သူ့ဆိုလိုရင်းကို ကောက်နုတ်တင်ပြလိုက်ပါသည်။)

**နိဒါန်း။**

တောင်အာဖရိက ကွန်မြူနစ်ပါတီသည် ၁၉၂၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ထိုစဉ်ကတည်းက နိုင်ငံတကာ့အမြင်ကို သူ စိုက်ထူလာခဲ့သည်။

တောင်အာဖရိကနိုင်ငံအတွက် မျက်မှောက်ခေတ် နိုင်ငံတကာ့အင်အားစုများအခြေအနေကို ဗျူဟာမြောက် သိမြင်နားလည်ရေးသည် အဓိက ကျသည်။ ဤသိမြင်နားလည်ရေးကို ကောင်းကောင်းမွန်မွန် မကြိုးစားနိုင်ခဲ့လျှင် ထင်ယောင်မှားမှုများနှင့် လက်တွေ့အမှားများကို ရင်ဆိုင်ရပေလိမ့်မည်။

အသားအရောင် ခွဲခြားအုပ်စိုးမှု အဆုံးသတ်သွားသည်မှာ မှန်သည်။ သို့ရာတွင် တောင်အာဖရိကသည် ကမ္ဘာ့စနစ် အစီအစဉ်များနှင့် ကင်းကွာနေရသည်မဟုတ်။ ကမ္ဘာတွင် စိုးမိုးချယ်လှယ်နေသော ဗိုလ်ကျလွှမ်းမိုးသောစနစ် အစီအစဉ်များ ရှိနေသေးသည်။

အမှန်က လူဖြူအစိုးရ အုပ်ချုပ်ရေးသည်ပင်လျှင် ကမ္ဘာကြီးနှင့် ကင်းကွာတည်ရှိခဲ့ခြင်း မဟုတ်။ ပြောင်းပြန်ပင် ၎င်းသည် ပိုမိုကျယ်ပြန့်သော ပြင်ပကမ္ဘာ့စနစ်ကြီး၏ ခွဲခြားမရသော အစိတ်အပိုင်းတရပ် ဖြစ်ခဲ့သည်။ SACP နှင့်တကွ ပိုမိုကျယ်ပြန့် သော ANC ပါတီ ဦးဆောင်သည့် လွတ်မြောက်ရေး အရေးတော်ပုံကြီးက သူတို့တိုင်းပြည်တွင် အုပ်စိုးသွားခဲ့သည့် လူဖြူလူနည်းစု အစိုးရ အုပ်ချုပ်ရေးကို ကိုလိုနီစနစ် ပုံစံတမျိုးဟူ၍ ကြည့်မြင်ခဲ့သည် မဟုတ်ပါလား။

**အသွင်အမျိုးမျိုးသော**

**ကိုလိုနီစနစ်များ။**

ဤအသွင်တမျိုးသော ကိုလိုနီ စနစ်ပုံစံဆိုသည်မှာ အထူးအမျိုးအစားဖြစ်သော ကိုလိုနီစနစ်ကို ဆိုလိုခြင်း ဖြစ်သည်။ ဤသည်မှာ ခေတ်သစ်တောင်အာဖရိကမှာ သည့်အရင်က ကြုံခဲ့ရသည့် စက်မှုနယ်ချဲ့စနစ်၏ ကိုလိုနီစနစ်မျိုးကို ဆိုလိုခြင်း မဟုတ်။ ၎င်းက ရည်ညွှန်းသည်မှာ တောင်အာဖရိကတွင် အရင်းစုပုံမှုလုပ်လာသော အထူးလမ်းကြောင်းကို ဆိုလိုခြင်း ဖြစ်သည်။ ၎င်း အထူးလမ်းကြောင်းကို ဗြိတိသျှနယ်ချဲ့စနစ်က တက်တက်ကြွကြွ ကျောထောက်နောက်ခံပြုပေးခဲ့သည်။ တောင်အာဖရိကကို စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့ဖြင့် ယင်းကဲ့သို့ ကိုလိုနီပြုခြင်းသည် ကမ္ဘာ့နယ်ချဲ့စနစ်ဘောင် အတွင်းမှာ ဖြစ်ပျက်ခဲ့ခြင်းဟု ဆိုနိုင်သည်။ ကမ္ဘာ့နယ်ချဲ့စနစ်၏ တစိတ်တပိုင်းအဖြစ် ဆက်စပ်နေသည်။

၁၉၇၀ ခုနှစ်များ အနှောင်းပိုင်းကျတော့ နောက်ထပ်ရောက်လာသည့် အမေရိကန်ပြည်ထောင်စု အစိုးရက တောင်အာဖရိကမှာ လူဖြူလူနည်းစု အစိုးရအုပ်ချုပ်ရေး အသက်ပြန်သွင်းဖို့ သေနင်္ဂဗျူဟာ ဆုံးဖြတ်ချက်တရပ်ကို အသေအချာလုပ်လာသည်။ တောင်အာဖရိကမှာ စစ်အေးတိုက်ပွဲ အရှိန်အဟုန်ပြင်းနေသည့် အခြေအနေမှာ လုပ်ခဲ့ခြင်း ဖြစ်သည်။ အသားအရောင်ခွဲခြားရေးစနစ် ကျင့်သုံးသည့် လူနည်းစု လူဖြူအစိုးရသည် နယ်ချဲ့အုပ်စု၏ တစိတ်တဒေသ ဖြစ်သည်။ နယ်ချဲ့အုပ်စု၏ အရေးပါသော ဒေသဆိုင်ရာ ခပ်ကြမ်းကြမ်း ကိုင်တွယ်သည့် စစ်ပုလိပ်ပုံစံ အုပ်ချုပ်ရေးတမျိုးလည်း ဖြစ်သည်။

လူဖြူအစိုးရ အုပ်ချုပ်ရေးကို အဓိက နယ်ချဲ့အင်အားကြီးနိုင်ငံများက အရေးယူမှုနှင့် ပြစ်ဒဏ်ခတ်မှု တစိတ်တပိုင်းတော့ လုပ်ခဲ့ကြသည်။ သို့သော် စိတ်မပါ လက်မပါ တွန့်ဆုတ်တွန့်ဆုတ်နှင့် မရှောင်မလွှဲသာလို့ လုပ်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတကာ့ ပြည်သူများက ဘက်စုံဖိအားပေးမှုကြောင့် လုပ်ခဲ့ရခြင်း ဖြစ်သည်။ နောက်ထပ်အကြောင်းအချက်တခုမှာ လူနည်းစု လူဖြူအစိုးရ အုပ်ချုပ်ရေးစနစ်သည် နယ်ချဲ့စနစ်အတွက် ဆက်လက်မလိုအပ်တော့–ဆိုသည့်အမြင်အယူအဆ တစတစ ပိုမိုအသာစီးရလာသောကြောင့်လည်း ဖြစ်သည်။ ဤသို့ ဖြစ်လာစေသည့် အကြောင်းအချက်များလည်း ရှိသည်။

တောင်အာဖရိကတွင် မတည်မငြိမ်ဖြစ်မှုများ ပိုမိုကြီးထွားလာသည်။ သူတို့၏ နိုင်လိုမင်းထက် အဓမ္မပြုပြင်ပြောင်းလဲရေးလုပ်နည်းတွေကို ၁၉၇၀ ခုနှစ်များနှင့် ၁၉၈၀ ခုနှစ်များတွင် လူဖြူအစိုးရကို စေခိုင်းပြီး လုပ်ဆောင်လာခဲ့သည်။ ဤလုပ်နည်းတွေသည် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်လာရသည်။

၁၉၈၀ ခုနှစ်များတွင် နိုင်ငံတကာတွင်လည်း ဆိုဗီယက်ယူနီယံနှင့် ဆိုဗီယက်အုပ်စုတို့သည် နိုင်ငံရေးအရရော စစ်ရေးအရပါ စွမ်းရည်တွေ ဆုတ်

ယုတ်ကျဆင်းလာသည်– ဟု ယူဆလာကြသည်။ (ထို့ကြောင့် တောင်အာဖရိကတွင် စစ်အေးတိုက်ပွဲ အရှိန်လျော့သွားပြီ၊ တင်းတင်းကျပ်ကျပ် အုပ်ချုပ်ရေးပုံစံမှ တစုံတရာ လျှော့ချ၍ ရပြီဟု ယူဆလာဟန် ရှိသည်။)

ထို့ပြင် နယ်ချဲ့အင်အားစုများအနေဖြင့် တောင်အာဖရိကကို လွှမ်းမိုးအုပ်ချုပ်ရာတွင် အရည်အချင်းမြင့်လာပြီ၊ ကြွေးမြီအကျပ်အတည်း ဖြစ်နေသည့် တောင်အာဖရိကကို ကြွေးမြီကိစ္စဖြင့် ကိုင်တွယ်ထိန်းသိမ်း၍ ရနေပြီဟူ၍လည်း အထင်ရောက်နေပုံပေါ်သည်။ အမှန်တကယ်တွင်လည်း တိုးတက်ဖြစ်ထွန်းစ ပြုလာနေသော တောင်ပိုင်းအာဖရိက နိုင်ငံများတွင် နယ်ချဲ့အင်အားစုတို့က ပြင်းထန် ကြမ်းတမ်းသည့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ညှိနှိုင်းထိန်းချုပ်ရေး လုပ်ငန်းစဉ်ကို ၁၉၈၀ ခုနှစ်များအတွင်း ကျင့်သုံးခဲ့ရာတွင် ထိုနိုင်ငံများ လွတ်လပ်ရေးရအပြီး ရရှိခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေး အောင်သီးအောင်ပွင့်များ လုံးပါးပါးကုန်ခဲ့ရသည်။ စင်စစ်ဆိုလျှင် အာဖရိက၏ စီးပွားရေးသည် နယ်ကျော်နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများ လုယက်ဖျက်ဆီးနိုင်အောင်၊ တိုက်ခိုက်အပိုင်စီးနိုင်အောင် တံခါးဖွင့်ပေးလိုက်ရခြင်းဟု ဆိုနိုင်သည်။ တကယ်တမ်းတွင် အာဖရိကသည် ပြန်လည်၍ ကိုလိုနီဘဝ ကျရောက်သွားခြင်း ဖြစ်သည်။ စစ်ရေးအရ ကိုလိုနီဘဝ သွတ်သွင်းခြင်း ခံရတာမျိုး မဟုတ်။ ဘဏ္ဍာရေးအဖွဲ့အစည်းတွေကတဆင့် ကိုလိုနီအပြုခံရခြင်း ဖြစ်သည်။ နည်းနာသစ်များ အသုံးပြုလာသော နယ်ချဲ့စနစ်သည် သူတို့အတွက် အချိန်တခုတွင် အသုံးတည့်ခဲ့သော လူဖြူလူနည်းစုအုပ်ချုပ်ရေးကို ၁၉၈၀ ခုနှစ် များအနှောင်းပိုင်းတွင် ဖျက်သိမ်းပေးခဲ့ကြသည်။

အလေးအနက်ထားဖို့ လိုသည်မှာ မကြာခင်က ပြီးသွားခဲ့သည့် အတိတ်ကို မှန်မှန်ကန်ကန် အကဲမဖြတ်နိုင်ဘူးဆိုလျှင် နိုင်ငံတကာ့ အစီအစဉ်စနစ်အတွင်း တည်ရှိနေသည့် မျက်မှောက် တောင်အာဖရိက၏ ခရီးလမ်းတွင် ပုံပျက်ပန်းပျက်ဖြစ်မှု အတော်များများကို ရင်ဆိုင်ရလိမ့်မည်ဆိုသည့် အချက်ပင် ဖြစ်သည်။ ဆိုဗီယက်အုပ်စု ပြိုကွဲပျက်သုဉ်းသည့်နည်းတူ၊ စစ်အေးတိုက်ပွဲ ပြီးဆုံးသွားသည့်နည်းတူ နယ်ချဲ့စနစ်သည်လည်း အငွေ့ပျံသလို ပျောက်ကွယ်သွားပြီဟု ထင်ကြဟန်ရှိသည်။ လက်တွေ့က သည်လိုမဟုတ်။ အဖွံ့ဖြိုးဆုံးအရင်းရှင်တိုင်းပြည်များ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အရင်းရှင်နယ်ကျော် အဓိက ကော်ပိုရေးရှင်းကြီးများသည် ဆုတ်ယုတ်ကျဆင်းသွားခြင်း မဟုတ်၊ ၁၉၉၀ ခုနှစ်များအတွင်းတွင် ပိုပြီး ကြီးထွားဖွံ့ဖြိုးလာသည်။ ၁၉၁၅ ခုနှစ်တုန်းက လီနင်သည် နယ်ချဲ့စနစ် ၏ သွင်ပြင်လက္ခဏာများကို ခွဲခြမ်းစိတ်ဖြာပြခဲ့သည်။ ဆိုလိုရင်းမှာ –

"ကြီးကြီးမားမား အင်အားဖြည့်တင်းထားသော လက်တဆုပ်စာ အရင်းရှင်ကော်ပိုရေးရှင်းကြီးများသည် သူတို့၏ လုပ်ငန်းများကို ကမ္ဘာတလွှား ဖြန့်ကြက်ချထားလိုက်ကြသည်။ သည်တွင် တိုင်းပြည်များအကြား မညီမျှမှုတွေ ဖြစ်လာသည်။ အထူးသဖြင့် ကမ္ဘာ့မတူသောဒေသများအကြား မညီမမျှ ဖြစ်လာသည်။ ဒါသာမက ဒေသများအားလုံးရော၊ တိုက်ကြီးများပါမကျန် ဆင်းရဲနိမ့်ကျသည့် အခြေအနေဆိုက်ရောက်ကြရသည်။ သည်ရာစု၏ နောက်ဆုံးဆယ်စုနှစ် နှစ်ခုသုံးခုအတွင်းတွင် နယ်ချဲ့စနစ်၏ သွင်ပြင်အသစ်များကို ကျွန်တော်တို့ မြင်တွေ့ရပေပြီ"ဟူ၍ ဖြစ်သည်။

အတိတ်ကို မေ့ထားပြီး ပစ္စုပ္ပန်ဦးတည်ချက် ရှုပ်ထွေးနေလျှင် အကျိုးဆက်အားဖြင့် နိုင်ငံတကာ့ လက်တွေ့ဖြစ်ရပ်များအတွင်း တောင်အာဖရိကအနေဖြင့် ဘယ်လိုရင်ဆိုင်သင့်သည်–ဆိုသောကိစ္စ၌ အမြင်မှုန်ဝါးနေတော့မည်။ လက်ရှိပါဝင်ပတ်သက်မှုအရဆိုလျှင် တောင်အာဖရိကသည် "နိုင်ငံများ မိသားစု" ဆိုသည့်အထဲ ပြန်ဝင်ရတော့မည်။ ကမ္ဘာ့အစီအစဉ်ထဲ တတ်နိုင်သမျှ မြန်မြန်ဝင်ရတော့မည်။ ခြေစုံပစ် ပူးပေါင်းရတော့မည်။ ဒါရဲ့ အဓိပ္ပာယ်က "ကစားပွဲရဲ့ စည်းမျဉ်းဥပဒေများ"ဆိုသည်ကို လက်ခံလိုက်ဖို့ပဲ ဖြစ်သည်။ တောင်အာဖရိကသည် နိုင်ငံတကာ့ကစားပွဲမှာ ကစားသူတယောက်ဖြစ်ဖို့ဆိုလျှင် "ကစားပွဲ စည်းမျဉ်းဥပဒေတွေ" လက်ခံဖို့လိုသည် – ဟူသော အချက်ကို မကြာခဏ အပြောခံနေရသည်။ တောင်အာဖရိကသည် "ဒီကစားပွဲ စည်းမျဉ်းဥပဒေများ" ကို သစ္စာရှိရတော့မည်။ ရိုသေရတော့မည်။ လိုက်နာရတော့မည်။

ဒါတွေကို ဒါ့ထက်ပိုပြီး နားလည်သဘောပေါက်ဖို့ဆိုလျှင်တော့ ကမ္ဘာလွှမ်းခြုံရေး Globalisation ဆိုသည်ကို ပိုပြီး စေ့စေ့စပ်စပ် ကြည့်မြင်အကဲခတ်နိုင်ဖို့ အရေးကြီးသည်။

## ကမ္ဘာလွှမ်းခြုံရေး

## Globalisation

ကမ္ဘာ့စီးပွားရေး ပေါင်းစည်းမှုရည်ရွယ်ချက်သည် အစကတည်းက အရင်းရှင်လက္ခဏာ ရှိခဲ့သည်။ ၁၉ ရာစု နောက်ဆုံး ဆယ်စုနှစ် သုံးခုအတွင်း ၎င်းဖြစ်စဉ်သည် ပိုပြီး အရှိန်အဟုန် ပြင်းလာသည်။ အနောက်ဥရောပ စက်မှုလုပ်ငန်းဗဟိုချက်မမှ ထုတ်လုပ်ရေး အရင်းအနှီးအမြောက်အမြား အကြီး

အကျယ် တင်ပို့လာသောကြောင့် ဖြစ်သည်။ တောင်အာဖရိကတွင် မိုင်းတွင်း စက်မှုလုပ်ငန်းတွေ ရှိခဲ့သည်။ စက်မှုတပ်ဆင်ရေးအသစ်တွေလည်း ထပ်လုပ်လာကြသည်။ ဒီတော့ ဒီလို စက်မှုအသွင်ဆောင်စေရေးဖြစ်စဉ်နှင့် သီးခြားကင်းကွာနေ၍ မရ။ ထိုချိန်ကတည်းက ကနဦး ကမ္ဘာလွှမ်းခြုံရေး **Globalisation** ဦးတည်ချက် ဖြစ်စဉ်ထဲမှာ တောင်အာဖရိကသည်လည်း အစိတ်တပိုင်းအဖြစ် ပါဝင်ခဲ့ရသည်ဟု ဆိုနိုင်သည်။ တနည်းအားဖြင့် နယ်ချဲ့စနစ်၏ သွင်ပြင်သစ်၊ ပုံစံသစ်တရပ်အတွင်း နေထိုင်ခဲ့ရသည်ဟု ဆိုနိုင်သည်။ ဤနယ်ချဲ့စနစ်၏ သွင်ပြင်အသစ်ထဲ၌ သော့ချက်ကျသော အကြောင်းအချက်များ ရှိနေသည်။

သတင်းနှင့် ဆက်သွယ်ရေး အတတ်ပညာလုပ်ငန်းတွင်နည်းပညာအရ ရှေ့တန်းရောက်မှု အရှိန်မြန်စွာ ဖြစ်ပေါ်လာခဲ့သည်။ ၎င်းသည် စွမ်းဆောင်နိုင်စွမ်း ကြီးရုံမက ဩဇာသက်ရောက်မှုလည်း ကြီးလာသည်။ ထို့ကြောင့် ဘဏ္ဍာဈေးကွက်များသည်လည်း အရေအတွက်အရ ကြီးထွားကျယ်ပြန့်လာသလို အရည်အချင်းအရ ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုများ ပြုလုပ်နိုင်စွမ်း ရှိလာသည်။

ဒါ့အပြင် အရင်းအနှီးသည်လည်း နိုင်ငံနယ်နိမိတ်ကို ကျော်ဖြတ်၍ နယ်လွန်ဆောင်ရွက်မှုများ တိုးပွားလာသည်။ ထိုမျှသာမက အဓိကကျသော အရင်းရှင်ကော်ပိုရေးရှင်းကြီးများသည် အရင်းအနှီး နိုင်ငံနယ်နိမိတ် ကျော်ဖြတ်မှုနှင့်အတူ သူတို့၏ ထုတ်လုပ်ရေး လုပ်ငန်းများကိုပါ ဆောင်ရွက်လာကြသည်။ သည်မျှ မကသေးပါ။ နိုင်ငံနယ်နိမိတ်ကို ကျော်လွန်ထိုးဖောက်ပြီး အာဏာအင်အား စုစည်းမှုပါ ပြုကြပြန်သည်။ သည်တွင် အကျိုးဆက်အဖြစ် အာဏာအုပ်စုတွေ ဖြစ်လာသည်။ သည်ကတဆင့် အမျိုးသားနိုင်ငံများ (သည်အထဲတွင် အဓိကကျသော အရင်းရှင်နိုင်ငံတော်များပင် ပါဝင်နေသည်) အား ဘက်စုံ နိမ့်ဆင်းလျော့ကျသွားစေသည်အထိ ဖြစ်လာခဲ့သည်။

နိုင်ငံရေးဘက်တွင်လည်း အဓိကကျသော အကြောင်းအချက်များ ရှိခဲ့သည်။

ဖက်ဆစ်စနစ် ကျဆုံး (၁၉၄၄ – ၄၅) အပြီး ဆယ်စုနှစ် သုံးခုခန့်မျှ ကာလအတွင်း လုပ်တန်းစားအင်အားစုများအကြား ပြန်လည်ထိန်းညှိမှုများ လုပ်လာကြသည်၊ အထူးသဖြင့် စက်မှုအထွန်းကားဆုံး နိုင်ငံများတွင် ဖြစ်သည်။ ဤထိန်းညှိမှုအရ အလုပ်သမားထုကို ဦးစားပေးလာကြရသည်။ ဤဆယ်စုနှစ်သုံးခုအတွင်း ဆိုဗီယက်အုပ်စု ပိုမိုခိုင်မာတောင့်တင်းလာသည်ကိုလည်း မြင်ကြရသည်။ ကိုလိုနီစနစ်ဖယ်ရှားရေး ဒီလှိုင်းကလည်း မြင့်တက်လာသည်။

သို့ရာတွင် ၁၉၇၀ ခုနှစ်များ အရောက် အရင်းရှင်အင်အားစုများအတွင်းတွင် တစိတ်တပိုင်းသော အတွင်းပိုင်း အခက်အခဲများ ကြုံလာသည်။ ထို့ကြောင့် သူတို့က အခြေအနေ လှည့်ပြောင်းရေးအတွက် အကျိုးအမြတ်သစ်များ ရရှိလာရေး ကြိုးစားလာကြသည်။ ထိုမှစ၍ ဖွံ့ဖြိုးလာသော အရင်းရှင်တိုင်းပြည်များအတွင်း လူမှုဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်ရေးစနစ် ကျင့်သုံးသော အစိုးရများကို ဆန့်ကျင်တိုက်ခိုက်လာသည်။ ဖွံ့ဖြိုးလာသော တောင်ပိုင်းနိုင်ငံများတွင် ကြွေးမြီအကျပ်အတည်း ဖြစ်စေအောင် ဖန်တီးကာ သွေးစုပ်ကြသည်။ ထို့ကြောင့် လွတ်လပ်ရေး ရခဲ့ကြသည့် နိုင်ငံငယ်ကလေးများသည် ဘာမျှမကြာသည့် အချိန်အတွင်းမှာပင် လွတ်လပ်ပြီးနောက်ပိုင်း ရရှိလာသော အောင်မြင်မှုများ ပြန်လည်ဆုံးရှုံးသွားရခြင်း ဖြစ်သည်။

၁၉၇၀ ခုနှစ်များနှင့် ၁၉၈၀ ခုနှစ်များတွင် ဆိုဗီယက်အုပ်စုအပေါ် ဖိအားတွေ ပိုပြီး လုပ်လာခဲ့ကြသည်။ သည်အထဲတွင် လက်နက်ပြိုင်ဆိုင်မှုသည်လည်း တစိတ်တပိုင်းအဖြစ် ပါဝင်သည်။ ၁၉၈၉–၁၉၉၁ ခုနှစ်ရောက်တော့ ဆိုဗီယက်အုပ်စု ပြိုကွဲပျက်စီးသွားသည်။ သည်အုပ်စုက အရင်းရှင်စီးပွားရေးတို့၊ ကမ္ဘာလွှမ်းခြုံရေး **Globalisation** တို့နဲ့ ဘယ်တုန်းကမှ ဆက်စပ်ခဲ့ဖူးတာ မဟုတ်။ ဒါပေမဲ့ အခုကျတော့ ယခင်ဆိုဗီယက်နဲ့ မဟာမိတ်ဖြစ်ခဲ့တဲ့ တိုင်းပြည်အားလုံး မတူတဲ့ အတိုင်းအတာနဲ့ ကမ္ဘာလွှမ်းခြုံ စီးပွားရေးနဲ့ ပေါင်းစည်းလာကြရသည်။

သူတို့ပေါင်းစည်းလာသည့် ကမ္ဘာလွှမ်းခြုံရေး **Globalisation** ဆိုတာကရော ဘယ်လိုအခြေအနေလဲ။ ကမ္ဘာလွှမ်းခြုံရေး အာဘော်များကို လက်တွေ့ဖြင့် အကောင်အထည် ပြသင့်သည်။ ဒါပေမဲ့ လက်တွေ့တွင် အမြီးအမောက်မတည့်သော ဖြစ်ရပ်များ မြင်တွေ့နေရသည်။ လစ်ဘရယ်ဝါဒသစ် ရှေ့နေလိုက်သူများက စည်းမျဉ်းဥပဒေ ထုတ်ပြန်တဲ့ ဆေးညွှန်းတွေနဲ့ လက်တွေ့အကောင်အထည်ဖော်မှု (ဆေးစွမ်း) အကြား တလွဲတချော် ဖြစ်နေတာတွေကို အတင်းဖုံးဖိဖို့ ကြိုးစားကြသည်။ အမှန်က ဈေးကွက်အင်အားစုများအား အထိန်းအချုပ်မဲ့ လွှတ်ပေးထားခြင်း၊ အတတ်ပညာ၏ အဆုံးအဖြတ်ကျမှုအခန်းကို အထိန်းအချုပ်မဲ့ လွှတ်ပေးထားခြင်းတို့ဖြင့် ကမ္ဘာလွှမ်းခြုံရေး စနစ်ကို မောင်းနှင်လည်ပတ်ခဲ့တာပဲ ဖြစ်သည်။ ဒီလိုလုပ်ရင်း လစ်ဘရယ်ဝါဒသစ် ရှေ့နေများက တောင်အာဖရိက အပါအဝင် ကျန်အင်အားစုများကို ခြောက်လုံးလှန့်လုံးများဖြင့် ဖိထား

သည်။ ဝေဖန်ရေးသဘောပါသော ဘယ်လို ခွဲခြမ်းစိတ်ဖြာကြည့်မှုကိုမျှ ခွင့်မပြု။ လွတ်လွတ်လပ်လပ် စဉ်းစား တွေးခေါ်ခွင့်မရ။ "တခြား ရွေးချယ်စရာ ဘာမျှမရှိ" ဆိုသော မူသဘောဆောင် သည့် အယူအဆ လှောင်အိမ်ထဲမှာသာ ပိတ်လှောင်ထားချင်နေကြသည်။

ဒါပေမဲ့ သူတို့ရဲ့ မူတွေ၊ ကြွေးကြော်သံတွေ(သည်အထဲမှာ ကစားပွဲ စည်းမျဉ်းဥပဒေ– ဆိုတာလည်း ပါသည်) နှင့်တကယ့်လက်တွေ့ ကျင့်သုံးမှုအကြား အကြီးအကျယ် ကွာဟနေလေသည်။

## ကစားပွဲရဲ့ စည်းမျဉ်းဥပဒေများ။

ကမ္ဘာလွှမ်းခြုံရေးက ကမ္ဘာ့စည်းစနစ်အတွင်း ပါဝင်ပေါင်းစပ်ရေးကို တွန်းဆော်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက ပြင်ပထွက်ပြီး စီးပွားရေးတိုးချဲ့တာကို အားပေးသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ ပို့ကုန် ဦးစားပေး ကုန်သွယ်စီးပွားရေးကို တိုးချဲ့ဖို့ တိုက်တွန်းသည်။

လက်တွေ့ဖြစ်ရပ်တွေက သူတို့ပြောသလို ချောချောမောမော မဟုတ်။ ဆင်းရဲသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအား တံခါးဖွင့် ယှဉ်ပြိုင်ရေးဖြစ်သော ကမ္ဘာ့စီးပွားရေးထဲ ပါဝင်ပေါင်းစပ်ဖို့ တိုက်တွန်းနေကြသော်လည်း ပြီးခဲ့သည့် ၁၅ နှစ်အတွင်း လက်တွေ့ မြင်တွေ့နေရသည်က အားရစရာ မကောင်း။

ကမ္ဘာ့ကုန်သွယ်ရေးမှာ ကမ္ဘာ့တံခါးဖွင့် ဈေးကွက်အတွင်း ကုန်စည်တွေ အမြဲတစေ လွတ်လပ်စွာ စီးဆင်းနေသည် မဟုတ်။ UNCTAD ၏ တွက်ချက်ပြမှုအရဆိုလျှင် ကုန်စည်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေး၏ သုံးပုံနှစ်ပုံမှာ လုံးဝပင် နယ်ကျော် ကော်ပိုရေးရှင်းကြီးတို့၏ လက်ခုပ်ထဲက ရေသာ ဖြစ်နေခဲ့သည်။ ဒါမှမဟုတ် လုပ်ငန်းကြီးတွေက အထူးအစီအစဉ်ဖြင့် စီမံချယ်လှယ်တာကို ခံရသည်။ ဒါ့ကြောင့် နိုင်ငံတကာ ကုန်သွယ်ရေး၏ အများပိုင်းမှာ သူတို့ပြောသည့် လွတ်လပ်စွာ ပြိုင်ဆိုင်ရေး "စည်းမျဉ်းဥပဒေများ" နှင့် မကိုက်ညီ။

ကမ္ဘာ့လွတ်လပ်သော ကုန်သွယ်ရေးစနစ် အစီအစဉ်တွင် နိုင်ငံစုံ အပြန်အလှန် ပူးပေါင်းအကျိုးပြုမှု ဖြစ်စေမည့်အစား အမေရိကားလို အင်အားကြီးနိုင်ငံတွေက တနိုင်ငံတည်း ကောင်းစားရေးဝါဒကို တင်သွင်းလာသည်။ မကြာခဏပင် နိုင်ငံရေးစီမံချက် တွေကိုပါ တင်သွင်းခြင်း ပြုသည်။ အထင်ရှားဆုံး သက်သေသာဓက – ကတော့ ကျူးဘားနှင့် ကုန်သွယ်မှုပြုသည့် နိုင်ငံတွေကို အမေရိကန်က အပြစ်ပေးဖို့ ကြိုးစားခြင်းပင် ဖြစ်သည်။ ဒါက အမေရိကား၏ နိုင်ငံနယ်နိမိတ်လွန် စီရင်ပိုင်ခွင့်ဥပဒေကို တွန်းတင်ဖို့ ပြောင်ပြောင်တင်းတင်း ကြိုးပမ်းလာခြင်း ဖြစ်သည်။ ဒါက အမေရိကားကိုယ်တိုင် တင်ပြခဲ့သည့် နိုင်ငံစုံ အပြန်အလှန် ပါဝင်ပူးပေါင်းရေး ကမ္ဘာ့ကုန်သွယ်မှုစနစ် အစီအစဉ်များ အဆိုပြုချက်များကို လုံးလုံးလျားလျား ပစ်ပယ်လိုက်ခြင်းပင် ဖြစ်သည်။ လက်နဲ့ရေးထားသည်ကို ခြေနဲ့ဖျက်လိုက်ခြင်းပင် ဖြစ်သည်။

ဒါသာမက ကိုယ့်တနိုင်ငံကိုယ်ကျိုးစီးပွားဝါဒအတွက် သူတို့က သီးခြားအသင်းအပင်းတွေ ဖွဲ့ကြသည်။ နိုင်ငံစုံ အပြန်အလှန် လက်တွဲသည့် ကမ္ဘာ့စီးပွားရေးကို ကြွေးကြော်ခဲ့ပေမယ့် စက်မှုအဖွံ့ဖြိုးဆုံး နိုင်ငံကြီးတွေ အချင်းချင်း သီးခြားအသင်းအဖွဲ့များ အတွင်း ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအတွက် ကြိတ်ပြီး ဆွေးနွေးကြသည်။ ဆုံးဖြတ်ချက် ချတတ်ကြသည်။ သူတို့၏ သီးခြားအသင်းအဖွဲ့များဆိုတာက G-7 (ယခု G-20 ပင် ဖြစ်နေပြီ) လို အဖွဲ့မျိုး၊ OECD လို အဖွဲ့မျိုးကို ပြောတာ ဖြစ်သည်။ ဥပမာအားဖြင့် ဒီအဖွဲ့များတွင် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများက သူတို့ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ် (MAI) ကို ချုပ်ဆိုလုပ်ဆောင်သည်။

ဒါ့အပြင် "လွတ်လပ်သည့်" ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ကို လွှမ်းမိုးချယ်လှယ်နေသော အင်အားကြီး ဒေသဆိုင်ရာ စီးပွားရေးအုပ်စုကြီးတွေလည်း ရှိသေးသည်။ EU နှင့် NAFTA တို့ ဖြစ်သည်။ သူတို့က သူတို့ရဲ့ အိမ်နီးနားချင်းနိုင်ငံတွေကို သူတို့ အလိုအတိုင်းဖြစ်အောင် လက်အောက်ခံပြုသည်။ ဥပမာ – မက္ကဆီကိုကဲ့သို့သော နိုင်ငံများ။

EU နိုင်ငံတွေလိုမျိုး ဖွံ့ဖြိုးပြီး နိုင်ငံတွေက စီးပွားရေးမှာ လယ်သမားတွေကို အမတော်ကြေးပေးတာ လုပ်သည်။ စိုက်ပျိုးထုတ်လုပ်သူ အမတော်ကြေး စရိတ်တွေကို နှိုင်းယှဉ်ကြည့်ပါ။ EU နိုင်ငံတွေက ၅၀ ရာခိုင်နှုန်း ပေးနိုင်ပေမယ့် တောင်အာဖရိကမှာက ၁၅ ရာခိုင်နှုန်းသာ ပေးနိုင်သည်။ အမတော်ကြေးစရိတ် ကောင်းကောင်းထောက်ပံ့နိုင်တဲ့ EU ရဲ့ စိုက်ပျိုးရေးသီးနှံ ထွက်ကုန်တွေက EU နိုင်ငံများအတွင်းသာမက တောင်အာဖရိကနှင့်လည်း ယှဉ်ပြိုင်ရောင်းချသည်။ တတိယနိုင်ငံများရဲ့ ပို့ကုန်ဈေးကွက်များမှာလည်း ဝင်ပြီး ယှဉ်ပြိုင်သည်။ တောင်အာဖရိကရဲ့ ပြည်တွင်းဈေးကွက်ထဲအထိ လာရောက်ယှဉ်ပြိုင်သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် UNDP ၏ ၁၉၉၇ ခုနှစ်တုန်းက သုတေသနပြုချက်အရ "လွတ်လပ်စွာ ကုန်သွယ်မှု ပြုရေးတွင် ပါဝင်လုပ်ဆောင်နေသူတို့၏ စိတ်ကူးမျှော်မှန်းချက်တို့သည် လက်တွေ့ကမ္ဘာ့ ဖြစ်ရပ်တွေနဲ့ ပြဒါးတလမ်း သံတလမ်း ဆိုသလို ဖြစ်နေသည်။ စိုက်ပျိုးရေး ဈေးကွက်တွင် ဆက်လက်ပါဝင်နေသူ

များသည် အကျိုးအမြတ်ရရေးထက် အမတော်ကြေးရရေးအပေါ်တွင် မှီခို အားထားနေရသည်။ ဒေသ စား သောက်ကုန်ဈေးကွက် လွတ်လပ်စေရေးတွင် မညီမျှမှုတွေ ဖြစ်နေရသည်။ လွတ်လပ်သည့် ဈေးကွက်ယှဉ်ပြိုင်မှု – ဆိုသည်တွင် ဆေးညွှန်းနှင့် အကျိုးသက်ရောက်မှု ဆေးစွမ်းတို့ အဆီအငေါ် မတည့် ဖြစ်နေသည်။ ထမင်းအိုးကွဲမှုတွေ ဖြစ်စေသည့် မွဲဆေးကြီး ဖော်ပေးလိုက်သလို ဖြစ်နေသည်” ဟု ဆိုထားသည်။

လွတ်လပ်သည့် ကမ္ဘာ့စီးပွားရေး၏ ကစားပွဲ စည်းမျဉ်းဥပဒေများတွင်လည်း ‘ညစ်ကွက်’ တွေ အတော်များသည်။ အဖွံ့ဖြိုးဆုံးအရင်းရှင်နိုင်ငံများတွင် “ဉာဏ်ပညာမူပိုင်ခွင့်” (သိပ္ပံနှင့် နည်းပညာဆိုင်ရာ အတတ်ပညာ မူပိုင်ခွင့်) ဖြင့် သူတို့၏ ရပိုင်ခွင့်ကို ကာကွယ်ထိန်းချုပ်ရေးအတွက် အစီအမံများ တင်းတင်းကျပ်ကျပ် လုပ်ထားသည်။ ကုန်သွယ်ရေးဆိုင်ရာ ဉာဏ်ပညာ မူပိုင်ခွင့် **(TRIPs)** ဖြင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများကို ကန့်သတ်ထိန်းချုပ်ထားသည်။ အခြားတဖက်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းစက်မှုလုပ်ငန်းစွမ်းဆောင်ရည်ကိုတော့ ကာကွယ်ထိန်းသိမ်းခွင့် မဆိုစလောက်သာ ပေးထားသည်။ သဘောမှာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်တွင်းစက်မှုလုပ်ငန်း စွမ်းဆောင်ရည်ကို လွတ်လပ်ခွင့်ပေးစေသည်။ စည်းကမ်းကလနား မဲ့စေသည်။ ပုဂ္ဂလိကပိုင် လုပ်ခွင့်ပြုစေသည်။ ဤနည်းဖြင့် အထိန်းအချုပ်မဲ့ ဖွင့်ပေးစေခဲ့သည်။

ထိုမျှမက လွတ်လပ်စွာ ကုန်သွယ်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ဖြန့်ခွဲရေးစနစ်က ဘဏ္ဍာရေး၊ အတတ်ပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ထုတ်လုပ်ရေးအစိတ်အပိုင်းအတော်များများ၏ ရွှေ့လျားမှုကိုကျတော့ လွတ်လွတ်လပ်လပ်လွှတ်ပေးစေသည်။ အခြားတဖက်မှာကျတော့ လုပ်အားရွှေ့လျားမှုကို တင်းတင်းကျပ်ကျပ်ထိန်းချုပ်ခြင်း ပြုပြန်သည်။ လူဦးရေများပြီး ဆင်းရဲသော နိုင်ငံများက မကျွမ်းကျင်သော လုပ်သားများနှင့် တပိုင်းတစ ကျွမ်းကျင်သော လုပ်သားများ ပိုမိုချမ်းသာ၊ ပိုမိုဖွံ့ဖြိုးသော ဒေသများသို့ သွားရောက်လုပ်ကိုင်ခြင်းကို ပေါ်လစီများဖြင့် ဟန့်တားထားကြသည်။ အရှင်းဆုံးပြောရလျှင် လုပ်အားရွှေ့လျားမှုကို ထိန်းချုပ်ကန့်သတ်ထားသည်။ အရင်းအနှီးရွှေ့လျားမှုကျတော့ ရောက်နိုင်သလောက် ရောက်စေ၊ လွတ်လပ်ခွင့်ပြုသည် – ဆိုသော အဓိပ္ပာယ်ပင် ဖြစ်သည်။

## လွတ်လပ်တဲ့ဈေးကွက်နဲ့ ဒီမိုကရေစီရရှိရေး။

ပိုပြီး ဖွံ့ဖြိုးသော စက်မှုနိုင်ငံများနှင့် အလျှုရှင်အေဂျင်စီတို့က ယခုအခါ ပုံစံကျ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများတွင် ပိုမို ပါဝင်ပတ်သက်လာကြသည်။ ဒါက လွတ်လပ်သည့်ဈေးကွက်နှင့် လွတ်လပ်သည့် ကုန်သွယ်မှုအတွက် အခွင့်သာမှုရအောင် ဖန်တီးခြင်း ဖြစ်သည်။ သူတို့က ဒီမိုကရေစီရရှိရေးနှင့် တရားမျှတသည့် အစိုးရပေါ်ပေါက်ရေးအတွက် ဘဏ္ဍာရေးနှင့် အတတ်ပညာအရ အကူအညီပေးမည်ဟု ဆိုလာကြသည်။ ဒါက အပေါ်ယံအရေခြုံမှုပင် ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများက ယေဘုယျအားဖြင့် ဒါမျိုးတော့ ရိုးနေပြီ။ နောကျေနေပြီ။ သူတို့က နယ်ချဲ့စနစ်ကျင့်သုံးလိုသူများ၊ စစ်တပ်နှင့် တခြား အာဏာရှင်အစိုးရများလက်အောက်တွင် မကြာသေးမီဆယ်စုနှစ်များအတွင်းက အလူးအလဲ ဒုက္ခရောက်ခဲ့ကြရသည် မဟုတ်လား။ ဒီအတွေ့အကြုံတွေကို သူတို့ မမေ့ကြသေး။ ၎င်း – ဒီမိုကရေစီရရှိရေးနှင့် တရားမျှတသည့် အစိုးရပေါ်ထွန်းရေးတို့သည် မကြာခဏ အလှူရှင်နိုင်ငံများနှင့် အေဂျင်စီများအတွက်သာ ခံတွင်းတွေ့သည့် ပွဲတော်အုပ် ဖြစ်သွားတတ်သည်။ ထိုတိုင်းပြည် ပြည်သူလူထုအများစုကြီး၏ အကျိုးစီးပွား လိုလားချက်များနှင့် လိုက်လျောညီထွေ မရှိတတ်။

သူတို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် တရားမျှတသည့်အစိုးရဖြစ်ရေး၊ ပွင့်လင်းရေးတို့ကို တောင်းဆိုသည်။ သူတို့စိတ်ကြိုက်ရွေးချယ်မှုတွေနဲ့ အခွင့်အရေးတွေရအောင် ကန့်သတ်ချက်တွေ တသီကြီးပေးပြီ တောင်းဆိုခြင်း ဖြစ်သည်။ သို့ရာတွင် သူတို့ကိုယ်တိုင်ရဲ့ နယ်ကျော်ကော်ပိုရေးရှင်းကြီးများနှင့် ပြည်တွင်း ပုဂ္ဂလိကပိုင် ကော်ပိုရေးရှင်းကြီးများသည် ခြစားမှု၊ အကျင့်ပျက်မှုတွေ အမြစ်တွယ် လိုက်စားနေကြောင်း မကြာခဏ တွေ့နေရသည်။ သူတို့က ဒီမိုကရေစီရရှိရေး၊ အစိုးရကောင်း ရရှိရေးကို အရေခြုံပြောနေရပေမယ့် တကယ်တမ်း ပြည်သူလူထု မကြိုက်သည့် အစိုးရများကို ဖယ်ရှားပစ်လိုက်ရမှုများ၊ အစိုးရများကို အားနည်းသွားအောင် ထိုးနှက်ရမှုများသည် နယ်ကျော်ကော်ပိုရေးရှင်းကြီးများနှင့် အဓိကကျသော နယ်ချဲ့အင်အားကြီးနိုင်ငံများအတွက် ဒါတွေက အဟန့်အတား၊ အနှောင့်အယှက်လို ဖြစ်နေတတ်သည်။ ဒါကြောင့် ဒီမိုကရေစီရရှိရေးကို တို့နှေးတို့နှေးသာ အကူအညီပေးသည်။ (ဗမာပြည် ဒီမိုကရေစီ ရရှိရေးအတွက် အင်အားကြီးနိုင်ငံများ၏ ကူညီလိုသော စိတ်ဆန္ဒဆိုသည်မှာလည်း ဒီသဘောအတိုင်းသာ ဖြစ်ပါသည်။)

## နိုင်ငံတကာ့လောင်းကစားရုံကြီး ဖွင့်လှစ်ကြခြင်း။

ဤအင်အားကြီး အရင်းရှင်နိုင်ငံများသည် စက်မှုနှင့် ထုတ်လုပ်ရေးကဏ္ဍတို့မှ အရင်းအမြစ်များနှင့် အင်အားများကို နိုင်ငံတကာ့ပြောင်းရွှေ့မှုကြီးတွေ လုပ်ခဲ့ကြသည်။ အန္တရာယ်အလွန်ကြီးသော ပြောင်းရွှေ့မှုဟု ဆိုရမည်။ ပြောင်းရွှေ့လာသည်မှာ ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍ၊ အထူးသဖြင့် ဈေးကစားသော စတော့ဈေးကွက်နှင့် ငွေကြေးအရောင်းအဝယ်ကဏ္ဍတို့တွင် ဖြစ်သည်။ စက်မှုပစ္စည်း၊ လျှပ်စစ်အတတ်ပညာတို့အကူအညီဖြင့် မြန်မြန်ဆန်ဆန် ဈေးကစားပြီး ငွေကြေးအရောင်းအဝယ်လုပ်မှုကို ဆောင်ရွက်သည်မှာ နေ့စဉ် အမေရိကန်ဒေါ်လာ ၁ ထရီလျံမှ ၂ ထရီလျံ တန်ဖိုးအထိ ရှိနေပြီး ကမ္ဘာ့လောင်းကစားရုံကြီးလို ဖြစ်နေသည်။ ဤသို့ များပြားလှသော ငွေကြေးဈေးကစားမှု ပမာဏကြောင့် နိုင်ငံတကာတွင် စီးဆင်းနေသော နိုင်ငံခြားထုတ်လုပ်မှု ရင်းနှီးမြှုပ်နှံရေးကို အကြီးအကျယ် ထိခိုက်သွားစေခဲ့သည်။

## ကမ္ဘာလွှမ်းခြုံရေးဖြစ်စဉ်ထဲက မညီမျှသော ရင်းနှီးမြှုပ်နှံမှုများ။

ဤကမ္ဘာလွှမ်းခြုံရေး ဖြစ်စဉ်ထဲက အရှေ့တောင်အာရှနိုင်ငံများ၊ လက်တင်အမေရိကားမှ နိုင်ငံတချို့နှင့် အသွင်ပြောင်းလဲလာသည့် အရှေ့ဥရောပ နိုင်ငံတို့ကို နယ်ချဲ့စီးပွားရေးအမြုတေ၏ အကာပိုင်းအဖြစ် စဉ်းစားကြည့်နိုင်သည်။ အမြုတေမှာ အမေရိကား၊ EU နှင့် ဂျပန်တို့ ဖြစ်ကြသည်။ ကျန် ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံတို့မှာ အားလုံးလိုလို မတူသည့် အတိုင်းအတာဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံး အဆင့်ထဲ ကျရောက်နေကြသည်။ အမြုတေ၏ အကာပိုင်းနိုင်ငံများနှင့် ဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံများ၏ ကွာခြားချက်မှာ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI ရခြင်းနှင့် မရခြင်းသာ ဖြစ်သည်။ UNCTAD ၏တွက်ချက်မှုအရ တကမ္ဘာလုံး FDI စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းသာ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ စီးဝင်သည်။ ထိုသို့ စီးဝင်ရာတွင်လည်း အလွန့်ကို မညီမမျှ စီးဝင်နေခြင်း ဖြစ်သည်။ ၁၉၉၆ ခုနှစ်တုန်းက ထို ၃၇ ရာခိုင်နှုန်း၏ သုံးပုံတပုံသည် တရုတ်ပြည်တပြည်ထဲသို့သာ စီးဝင်ခဲ့ခြင်း ဖြစ်သည်။ ကျန်ဖွံ့ဖြိုးဆဲနိုင်ငံတို့မှာကား အရိုးအရင်းသာ စားရသည့်ဘဝ ဆိုက်ရောက်နေကြရသည်။

၁၉၇၀ ခုနှစ်များနှင့် ၁၉၈၀ ခုနှစ်များတွင် ကမ္ဘာလွှမ်းခြုံရေး အရင်းအနှီးတို့သည် အလုပ်သမားသမဂ္ဂများနှင့် ဖွဲ့ဖွဲ့စည်းစည်း ဖြစ်နေသော အလုပ်သမားအင်အားစုများမှ ဝေးရာသို့ ထွက်ပြေးခဲ့ကြသည်။ ထိုထုတ်လုပ်ရေး အရင်းအနှီးတို့ကို အရှေ့ တောင်အာရှနိုင်ငံများကဲ့သို့သော ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် ရင်းနှီးမြှုပ်နှံမှု ပြုလာကြသည်။ (ဗမာပြည်လို အလုပ်သမားသမဂ္ဂ ဖွဲ့စည်းခွင့် မရှိသော၊ အလုပ်သမားများကို ရက်ရက်စက်စက် ဖိနှိပ်နေသော တိုင်းပြည်သည် သူတို့အကြိုက် ဖြစ်နေသည်။) ဒီတိုင်းပြည်များမှာက ပတ်ဝန်းကျင်ဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ တားမြစ်ချက်တွေ နည်းသည်။ အလုပ်သမားသမဂ္ဂ၏ စည်းမျဉ်းတွေကလည်း တောင်းဆိုချက် နိမ့်သည်။ အထူးသဖြင့် အဆင့်လိုက် ပို့ကုန်ထုတ်လုပ်ရေး လုပ်ငန်းစဉ်ဒေသများ (EPZs) ဒေသများတွင် ဖြစ်သည်။ ထိုစဉ်က ထိုဒေသ၏ ထုတ်လုပ်ရေးလုပ်ငန်းများ၌ သုံးစွဲသော အလုပ်သမားများ၏ ၈၀ ရာခိုင်နှုန်းမှာ အမျိုးသမီးအလုပ်သမားများ ဖြစ်နေကြသည်။ အရှေ့တောင်အာရှ အစိုးရများက အမျိုးသမီးအလုပ်သမားများအား "ခိုင်းကောင်းတယ်"ဟုပင် ကြော်ငြာလိုက်ကြသေးသည်။ အထူးသဖြင့် နိုင်ငံစုံ လျှပ်စစ်လုပ်ငန်းကော်ပိုရေးရှင်းများက ဒီဒေသများတွင် ဈေးချိုသော အမျိုးသမီးအလုပ်သမားများကို ရှာဖွေသုံးစွဲခဲ့ သည်။

၁၉၉၀ ခုနှစ်များရောက်တော့ အရှေ့တောင်အာရှ အဆင့်လိုက် ပို့ကုန်ထုတ်လုပ်ရေး လုပ်ငန်းစဉ်ဒေသများ၌ ထုတ်လုပ်ရေးလုပ်ငန်းများတွင် လုပ်အားထက် ငွေရင်းကို ပိုမိုသုံးစွဲရတာ ဖြစ်လာသည့်အခါ အမျိုးသမီးအလုပ်သမားများကို ဖယ်ပြီး ကျွမ်းကျင်သော အမျိုးသားလုပ်အားများဖြင့် အစားထိုးလာပြန်သည်။ သည်တွင် ထောင်နှင့်သောင်းနှင့်ချီသော အလုပ်လက်မဲ့ ဖြစ်သွားသည့် အမျိုးသမီးများမှာ ကမ္ဘာလွှမ်းခြုံရေး Globalisation ဆိုတာကြီးထံမှ နှစ်တချို့ အကြီးအကျယ် သွေးစုပ်ခံလိုက်ရခြင်းမှတပါး တခြား ဘာအကျိုးအမြတ်မှ မရလိုက်။

ဒါတင် မကသေး။ ကမ္ဘာလွှမ်းခြုံရေး အရင်းသည် ဒီ – အလုပ်သမားဈေးကွက်နှင့် အဆင့်လိုက် ပို့ကုန်ထုတ်လုပ်ရေး လုပ်ငန်းစဉ်ဒေသများ၌ ဒါ့ထက် ပျော့ပျောင်းလွယ်ကူစေရေး၊ သက်သာရေးတို့ကို ရှာလာကြသည်။ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းများနှင့် ရက်ကန်းစက်မှုလုပ်ငန်းများတွင် ထုတ်လုပ်ရေးကို စက်ရုံပြင်ပ ဆင်းရဲသော အလုပ်သမားများ၏ နေအိမ်သို့ ပြောင်းရွှေ့မှုများ ပို၍ လုပ်လာသည်။ အိမ်များမှာဆိုလျှင် အလုပ်သမားတွေ တစုတစည်းတည်း မဟုတ်ဘဲ တသီးတခြားစီ ကွဲသွားကြသည်။ အလုပ်သမား သမဂ္ဂကိစ္စတွေ ပါမလာနိုင်တော့။ အလုပ်လက်မဲ့ ထောက်ပံ့ကြေးတွေ၊

ပင်စင်ကြေးတွေလည်း ပေးစရာ မလိုတော့။ ဤအိမ်တွင်း ထုတ်လုပ်ရေးလုပ်ငန်းအပြင် သူတို့အတွက် ပျော့ပျောင်းသက်သာပြီး အလုပ်သမားများအတွက် နစ်နာသော တခြား လုပ်ငန်းများ ရှိသေးသည်။ ပုံမှန်မဟုတ်သည့် လုပ်ငန်း၊ အချိန်ပိုင်းလုပ်ငန်း၊ ကံထရိုက်လုပ်ငန်း၊ ရာသီအလိုက် လုပ်ငန်းများ။ ဤလုပ်ငန်းများသည် လုပ်ခ နည်းနည်းသာ ပေးရသော အမျိုးသမီးအလုပ်သမားများကို သုံးပြီး ခွေးလှေးပျားတောအန်န့် ဆိုသလို အန့်အပြား ပေါ်လာသည်။ (ဗမာပြည်တွင်လည်း အမျိုးသမီးတွေချည်း လုပ်ရသော အလုပ်ရုံများတွင် အမျိုးသမီးတွေ နစ်နာနေကြရသည်။ ဗမာပြည်မှာက သမဂ္ဂလည်း တရားဝင် ဖွဲ့ခွင့်မရ။ ဒီတော့ အမျိုးသမီးအလုပ်သမားတွေ ကိုယ့်ဘာသာစုစည်းပြီး ဆန္ဒပြတာမျိုးတွေ ဖြစ်လာခဲ့သည်။ အစိုးရကလည်း သူတို့အကျိုးအမြတ်ရရေးကလွဲလို့ အလုပ်သမားများအရေးဂရုမစိုက်။ ဆန္ဒပြပွဲတွေ ဖြစ်လာမှ ကြားဝင်စေ့စပ်ပေးသယောင်ယောင်နှင့် ကြောင်သူတော်လုပ်လာခြင်း ဖြစ်သည်။ အမျိုးသမီးအလုပ်သမားများအပါအဝင် ဗမာပြည်အလုပ်သမားများအနေဖြင့် မိမိတို့ နစ်နာချက်များအတွက် တဆင့်တိုးတောင်းဆိုတိုက်ပွဲဝင်ဖို့ လိုအပ်ရုံမက အလုပ်သမားသမဂ္ဂများ တရားဝင်ဖွဲ့စည်းခွင့်ရရေးအတွက်လည်း မဆုတ်မနစ် တောင်းဆိုတိုက်ပွဲဝင်သွားကြရပေလိမ့်မည်။)

## ကမ္ဘာ့လွှမ်းခြုံရေးအတွင်း လွှမ်းမိုးချယ်လှယ်နေသော အရင်းရှင်မီဒီယာများ။

ကမ္ဘာ့လွှမ်းခြုံရေးနှင့်အတူ အရင်းရှင်မီဒီယာပေါင်းစုံတို့ကလည်း သူတို့၏ ကမ္ဘာ့အမြင်တွေကို တွင်တွင်ကြီး ဝါဒဖြန့်နေကြသည်။ လစ်ဘရယ်ဝါဒသစ် တန်ဖိုးတရားတွေသာမက အမေရိကန်တို့၏ စစ်ရေးဝါဒ၊ တတိယကမ္ဘာ နိုင်ငံတို့ကို ဆန့်ကျင်ရေး အမျိုးသားရေးဝါဒ၊ ကျဉ်းမြောင်းသည့် လက်တဆုပ်စာ စားသုံးသူတို့၏ ယဉ်ကျေးမှုဝါဒတို့ကိုပါ အကျယ်အပြန့် ဖြန့်ချီ၍ မီဒီယာ (သတင်းပို့ဆောင်ဆက်သွယ်ရေး ကြားခံလုပ်ငန်းများ) လောကတွင် လွှမ်းမိုးချယ်လှယ်နေကြသည်။

## အမျိုးသားနိုင်ငံများ၏ အချုပ်အခြာအာဏာကို ဖျက်ဆီးပြီး နိုင်ငံတော်ကို အစိတ်စိတ်အမွှာမွှာ ဖြစ်စေသည့် လုပ်ရပ်များ။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုပြုရင်း နယ်ကျော် ကော်ပိုရေးရှင်းကြီးများသည် သီးခြားအုပ်စုလေးတွေ၊ သီးခြားနယ်မြေပိုင်နက်လေးတွေကို တခုချင်း ခွဲခြားချုံးကပ်သည်။ ဥပမာဆိုလျှင် နယ်ချဲ့ရေနံကုမ္ပဏီများသည် လူမျိုးစုတွေ၊ ထိုနိုင်ငံတွင်းက တစိတ်တပိုင်းထကြွလုပ်ရှားမှုတွေ၊ လက်နက်ကိုင်တပ်တွေနှင့် ဆန့်ကျင်ဘက် နိုင်ငံရေးအင်အားစုတွေကို ဆွပေးသည်။ မြှောက်ပေးသည်။ သူတို့အတွက် စီးပွားရေး သယံဇာတအရင်းအမြစ်များ ရယူရေးတွင် အမျိုးသားအစိုးရ၏ အချုပ်အခြာအာဏာပိုင်မှုက အဟန့်အတားလို ဖြစ်နေသည့်အတွက် အချုပ်အခြာအာဏာကို ယိမ်းယိုင်အောင် ဖြိုခွဲနေခြင်း ဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အရှိန်အဟုန် ပြင်းလာနေသော ကမ္ဘာ့လွှမ်းခြုံရေးက ယူဂိုဆလားဗီးယားမှသည် အာဖရိကအထိ အမျိုးသားအစိုးရများ ပြိုကွဲအောင် သွေးထိုးလုပ် ဆောင်ခဲ့သည်ကို မြင်တွေ့နိုင်သည်။

## စိတ်ဓာတ်ရေးရာ တိမ်းစောင်းမှုများ။

ဤINA (တခြား ရွေးချယ်စရာ ဘာမှ မရှိ) ဟူသော ကမ္ဘာ့လွှမ်းခြုံရေးအတွင်း မှုသဘောတင်သွင်းလာသည့် အယူအဆကို မဟာဗျူဟာတိုက်ပွဲ၊ စိတ်ဓာတ်ရေးရာတိုက်ပွဲနှင့် နိုင်ငံရေးတိုက်ပွဲများဖြင့် ဆန့်ကျင်သွားရေးသည် တောင်အာဖရိကကဲ့သို့သော နိုင်ငံမျိုးတွေအတွက် စိန်ခေါ်ချက်တရပ် ဖြစ်သည်။

သည်လို ကမ္ဘာ့အခြေအနေမျိုးတွင် စိတ်ပျက်နေခြင်း၊ စိတ်ဓာတ်ကျခြင်းတို့သည် အန္တရာယ်ကြီးသည်။ ကမ္ဘာကြီးရဲ့ အခြေအနေ သူ့ဘာသာဖြစ်ချင်ရာ ဖြစ်ပစေတော့ – ဆိုပြီး တောင်အာဖရိကကို ကိုယ့်ဘာသာ တံတိုင်းခတ်ထားခြင်းမျိုး၊ ကိုယ့်ဖွံ့ဖြိုးရေးကို ကိုယ်ချည်းသက်သက် အထီးကျန်လိုက်လံရှာဖွေနေခြင်းမျိုး လုပ်လာတတ်သည်။

မျှော်လင့်ချက် ကင်းသလိုဖြစ်လာသည့်အခြေအနေ၌ နောက်ထပ်တိမ်းစောင်းမှုအမှားတမျိုး ဖြစ်တတ်သေးသည်။ မထူးဇာတ်ခင်းသည့် အမှားဖြစ်သည်။ တောင်အာဖရိကလို နိုင်ငံမျိုးအနေနဲ့ ကမ္ဘာ့လွှမ်းခြုံရေးဖြစ်စဉ်ထဲ လွဲဖယ်မရသည့် အစိတ်အပိုင်း တရပ်အဖြစ် ပါဝင်နေရသည့်အလျောက် ရေစီးကြောင်းအတိုင်း ရေစုန်မျောလိုက်ဖို့ စိတ်ဒုန်းဒုန်းချရခြင်းမျိုး ဖြစ်သည်။ ပေါက်သည့်နဖူး မထူးပါဘူး – ဆိုပြီး ဆပ်ကပ်ထဲက တိရစ္ဆာန်လေးတွေလို လက်ခုပ်သြဘာသံကို စောင့်စားရင်း လက်မြှောက်ဆို မြှောက်လိုက်၊ ကဆိုကလိုက်နှင့် ကမ္ဘာ့လွှမ်းခြုံရေး Globalisation စေစားချက်ကို နာခံရသည့်ဘဝထဲ တိုးဝင်ခြင်းမျိုး ဖြစ်သည်။

## တောင်အာဖရိက ကွန်မြူနစ်ပါတီ၏ နိုင်ငံတကာ့ဝါဒ။

တောင်အာဖရိက ကွန်မြူနစ်ပါတီသည် သူ၏အဆင့်အသီးသီးအတွင်း၊ လုပ်ရှားမှုများအတွင်း၊ အစိုးရအတွင်း

နှင့် တိုင်းပြည်တခုလုံးအတွင်းတွင် နိုင်ငံတကာ့ဝါဒကို ရပ်ခံထိန်းသိမ်းရေး လုပ်ဆောင်လျက်ရှိသည်။ ယင်းလုပ်ဆောင်ချက်အရ စီမံကိန်းတကျ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် အတော်များများကိုလည်း တင်ပြထားသည်။

၎င်းအချက်များထဲတွင် နယ်ချဲ့ဆန့်ကျင်ရေးအမြင်ကို စွဲမြဲစွာ ကိုင်စွဲမြှင့်တင်ရေး၊ မျက်မှောက် ကမ္ဘာ လွှမ်းခြုံရေး ရေစီးကြောင်းကို ပယ်လှန်ရေးစိတ်ဓာတ်မပျက်ပြားရေး၊ အတွင်းပိုင်းအမြင်များဖြစ်သော အခြေခံဝါဒီများ၏အမြင်များနှင့် နိုင်ငံခြားသား မုန်းတီးရေးဝါဒီများ၏ ဆုတ်ယုတ်သော အမြင်များကို ဖယ်ရှားရေး၊ နိုင်ငံတကာ့စစ်ဝါဒီများကို ဆန့်ကျင်ဖယ်ရှားရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်သွားရေးတို့ ပါရှိသည်။

ကွန်မြူနစ်များသည် အရင်းရှင်စနစ် ကမ္ဘာလွှမ်းခြုံရေး၏ လှည့်စားကလိန်ကျသော အမြင်အယူအဆများကို ဘယ်တော့မှ ရှောင်မပြေး။ အရှုံးမပေး။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀ ကျော် ၁၈၄၈ ခုနှစ် ကွန်မြူနစ်ကြေညာစာတမ်း ထုတ်ဝေခဲ့သည့် အချိန်ကစပြီး ကွန်မြူနစ်တို့သည် လူသားတို့၏ စွမ်းပကားကြီးမှုနှင့် အလားအလာတို့ကို ယုံကြည်သည်။ အလေးထားသည်။ အရင်းရှင်နှောင်ကြိုးမှ ရုန်းထွက်လာသည့် ထုတ်လုပ်ရေးအင်အားစုများအပေါ် ယုံကြည်စိတ်ချစွာ အခြေပြုပြီး ကမ္ဘာလုံးဆိုင်ရာ သွေးစည်းညီညွတ်မှုအား တည်ဆောက်နိုင်စွမ်းရှိမှုနှင့် တည်ဆောက်နိုင်မည့် အလားအလာကိုလည်း ယုံကြည်ကြသည်။ မာ့က်စ်နှင့်အိန်ဂယ်တို့ လက်ထက်က မှန်ကန်ခဲ့သော တရားများသည် ယနေ့လို အင်တာနက်ခေတ်၊ တကမ္ဘာလုံး ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် လျင်မြန်စွာ ဆက်သွယ်နိုင်သည့် ခေတ်ကာလတွင်လည်း ပိုမို ထင်ရှားမှန်ကန်လာနေသည်ဟု ယုံကြည်ကြောင်း SACP က ဖော်ပြထားသည်။

**နိဂုံး။**

အထက်ပါ SACP ၏ သူတို့ပါတီတွင်း "ဆွေးနွေးရန် စာတမ်း"သည် ကျွန်တော်တို့အတွက် လေ့လာရန်၊ ဆွေး နွေးရန် အချက်များ ပါဝင်နေသည်။ တောင်အာဖရိကနည်းတူ ဗမာပြည်သည်လည်း ကမ္ဘာကြီးထဲက တနိုင်ငံဖြစ်သည်။ ကမ္ဘာလွှမ်းခြုံရေး Globalisation နှင့် ဆက်စပ်နေသည်။

အမေရိကန်က စလိုက်တဲ့ စီးပွားပျက်ကပ်သည် ကမ္ဘာလွှမ်းခြုံနေဆဲ ဖြစ်သည်။ မပြီးသေး။ နောက်ဆက်တွဲ အကျပ်အတည်းတွေက ပေါ်လာနေပြီ။ အင်အားကြီးအရင်းရှင်နိုင်ငံများက ကိုယ့်အပေါ် ပိနေတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို သူများပခုံးပေါ် တင်ပေးဖို့ အားထုတ်နေကြသည်။

"ကုန်သွယ်ရေးစစ်"ကနေ "နိုင်ငံရေးပါးစပ် စစ်ထိုးပွဲ" "ပါဝါအပျော့ချင်း အားပြိုင်ပွဲ"တွေ ဖြစ်လာနေသည်။

ထို့ကြောင့် နိုင်ငံတကာ့ရေးရာများကို ကျွန်တော်တို့ ဆက်လက်ပြီး များများလေ့လာသွားဖို့ လိုမည်ထင်ပါသည်။

ကိုးကားစာစောင်။ ။The Marxist, July-Sept 1998 မှာ ပါရှိတဲ့ The South African Revolution in its International Context ဆောင်းပါး။

**သည်လို ကမ္ဘာ့ အခြေအနေမျိုးတွင် စိတ်ပျက်နေခြင်း၊ စိတ်ဓာတ်ကျခြင်းတို့သည် အန္တရာယ်ကြီးသည်**

# သီးနှံထွက်ညံ့ခဲ့တဲ့ အရောင်တော်လှန်ရေးများ

အရောင် တော်လှန်ရေး တွေကို ကမကထပြုပြီး စွန့်စားရင်းနှီးခဲ့သူက အမေရိကန်ပါ။ သူကိုယ်တိုင် စိုက်ပျိုးသူ လုပ်ခဲ့တာပါ။ အခုတော့ သီးထွက်ညံ့တွေကိုပဲ သူ ရိတ်သိမ်းနေရပါပြီ။

ဒီတိုင်းပြည်တွေမှာ အရောင်တော်လှန်ရေးဆိုတာ ဖြစ်ကောဖြစ်သင့်လို့လား။ အကျိုးဆက်တွေ ကြည့်လိုက်ရင် ရှင်းနေပါတယ်။ ၂၀၀၃ ခုနှစ်တုန်းက ဂျော်ဂျီယာမှာ "နှင်းဆီရောင်တော်လှန်ရေး" တနေ့တခြား သပွတ်အူလိုက်လာလိုက်တာ ဆေးမမီ ရောဂါကျွမ်းနေပြီ။ ၂၀၀၄ ယူကရိန်းက "လိမ္မော်ရောင်တော်လှန်ရေး" ရဲ့ ဇာတ်သိမ်းခန်းကလည်း နာကြည်းစရာတွေနဲ့။

အခုတော့ ကာဂျစ္စတန်ရဲ့ အလှည့်။ သည့်အရင် ၂၀၀၅ ခုတုန်းက ပေါ်ခဲ့တဲ့ "ကျူးလစ် (နှင်းပန်း) တော်လှန်ရေး"ဟာ လူတွေမထင်မှတ်တဲ့ အပြောင်းအလဲတွေနဲ့ ကြုံခဲ့ရတယ်။ အပွင့်အခက်တွေက ညှိုးခြောက်ရတာမဟုတ်ဘဲ သူ့ရဲ့ဗီဇမျိုးစေ့ DNA မှာပါ ရောဂါစွဲကပ်ခဲ့ရတာပါ။

ဒီသတင်းပတ်မတိုင်မီအထိ လူတွေက အရောင်တော်လှန်ရေးတွေကို တထောင့်တည ပုံပြင်တွေလို မှတ်ထင်ခဲ့ကြတာပါ။ အမေရိကန်က သူ့ရဲ့ ဩဇာနယ်ပယ်အပြင်ဘက်က နိုင်ငံတွေရဲ့ အစိုးရအပြောင်းအလဲကို ဝင်ရောက်ဖန်တီးခဲ့တာဆိုတော့ သူစိုက်တဲ့အတိုင်း သူရိတ်သိမ်းရမှာပေါ့။

ဒီတပတ်အတွင်း ဖြစ်ပွားခဲ့တဲ့ ကာဂျစ္စတန်က အဖြစ်အပျက်တွေကို ဘာအရောင် တော်လှန်ရေးလို့ နာမည်ပေးမလဲ။ ဘယ်လိုနာမည်ပေးရမယ်ဆိုတာ ဘယ်သူမှ စဉ်းစားမရသေးဘူး။ ယေဘုယျကတော့ ဒါမျိုးတွေမှာ အမေရိကန်က မဆိုင်းမတွ ဇာတာတွက်ချက်ပြီး နာမည်ပေးကောင်းသူပါ။ ပြီးခဲ့တဲ့နှစ်က အီရန်အရေးအခင်းကိုတောင် သူက "Twitter" တော်လှန်ရေးလို့ နာမည်ပေးခဲ့သေးတာပဲ။

ကာဂျစ္စတန်မှာ သမ္မတ Lumanbek Bakiyev သူ့ရာထူးမှာ ဆက်ထိုင်ဖို့ အလားအလာ သိပ်ကိုနည်းသွားပြီ။ အမေရိကန်ကလွဲရင် တခြားနိုင်ငံတွေက သမ္မတနဲ့ ကာဂျစ္စတန် တော်လှန်ရေးအဖွဲ့တွေ အကြား ပြန်လည်ရင်ကြားစေ့ဖို့ မပြောလိုကြတော့ဘူး။

ဗဟိုအာရှဒေသမှာ အမေရိကန်ရဲ့ နိုင်ငံခြားဆက်ဆံရေးဟာ ခွက်ခွက်လန် ရှုံးနေတာပါ။ မရှုံးမီအထိကတော့ ရောင်းပန်းလှနေတယ်လို့ ထင်ခဲ့တာပေါ့။ ပထမကတော့ အမေရိကန်အနေနဲ့ ကာဂျစ္စတန် အစိုးရအာဏာကို ဆုပ်ကိုင်နိုင်လိုက်တော့ "ကစားပွဲကြီး" မှာ ကံထူးရှင်တဦး ဖြစ်ခဲ့တာပေါ့။ ဒါပေမဲ့ တလျှောက်လုံး သူအမှွမ်းတင်ရပ်ခံခဲ့တဲ့ စံနှုန်းအမျိုးမျိုးသော ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို သွေးအေးအေးနဲ့ မြောင်းထဲသွန်သလို သွန်ပစ်လိုက်ရတယ်။

အမေရိကန်ဟာ ကစားပွဲအတွင်း Bakiyev ကို "ပေါက်ကောင်" အဖြစ် ရွေးခဲ့တာ၊ လူမွေးခဲ့တာလို့ ပြောနေကြတယ်။ တကယ်တမ်းကျ အမေရိကန်ဟာ Bakiyev ကို မျက်စိကျော်ပြီး ကြည့်မြင်ခဲ့တယ်။ သူ့အပုပ်နံ့တွေကို ဂရုမထားခဲ့ဘူး။

Bakiyev ကိုလူမွေးခဲ့ရာမှာ အမေရိကန်ဟာ Bakiyev မိသားစုကို လိုလေသေးမရှိ စောင့်ရှောက်ခဲ့ရတာပါ။ ကာဂျစ္စတန်မြို့တော် Bishkek ရဲ့အနီးက အမေရိကန်လေတပ် အခြေစိုက်စခန်းရဲ့ ထောက်ပံ့ရေးတင်သွင်းမှု

လုပ်ငန်းကန်ထရိုက်တွေကို ပင်တဂွန်က Bakiyev မိသားစုကို ပေးခဲ့တာပါ။ ဒီအတွက်ကိုက Bakiyev မိသားစုအနေနဲ့ အကျိုးခံစားခွင့်တွေ အများကြီး ရသွားခဲ့တယ်လို့ ဆိုပါတယ်။

ဒါဟာ အာဖဂန်မှာ အမေရိကန်တွေ လုပ်ခဲ့တဲ့နည်းနဲ့ တထေရာတည်းပါပဲ။ အာဖဂန်က အထင်ကရ နိုင်ငံရေးပုဂ္ဂိုလ်တွေကို "မွေး"ပြီး အာဖဂန်ရဲ့ ကျိုးပဲ့နေတဲ့ စစ်တုရင်ခုံပေါ် တင်ပေးတဲ့နည်းပါ။ ကာဂျစ္စတန်ကျ ဒီလိုလုပ်ရာမှာ ပိုရှင်း၊ ပိုလွယ်ပါတယ်။ ကာဂျစ္စတန်က အာဖဂန်လို မွေးစရာ လူများများ စားစားမှ မလိုဘဲကိုး။ ခန့်မှန်း တွက်ချက်မှုတွေအရ ပြီးခဲ့တဲ့နှစ်က Bakiyev မိသားစုဟာ ပင်တဂွန်က ခွဲတမ်းချပေးလိုက်တဲ့ ကန်ထရိုက်တွေကြောင့် အမေရိကန် ဒေါ်လာ သန်း ၈၀ လောက် "ပွပေါက်တိုး"သွားတယ်လို့ ဆိုကြတယ်။

ဒါပေမဲ့ ဒီသန်း ၈၀ ဆိုတာကလည်း အကျိုးမျှော်ပြီး ညောင်ရေလောင်းတာမို့ မဖြစ်စလောက် ငွေကလေးပါ။ ဗဟိုအာရှမြေပုံကို တချက်လောက် ကြည့်လိုက်ပါ။ ဗဟိုအာရှ ပထဝီနိုင်ငံရေးမှာ ကာဂျစ္စတန်က အရေးပါဆုံးနဲ့ ကွင်းဆက်အကျဆုံး အဖိုးတန်နေရာတခု ဖြစ်ပါတယ်။ ဒီက ရလာမယ့် အကျိုးအမြတ်နဲ့တွက်ရင် အမေရိကန်ရဲ့ ဒေါ်လာ သန်း ၈၀ ဆိုတာ ကြီးမားတဲ့ အမြတ်အတွက် မဆိုစလောက် ရင်းနှီးမြှုပ်နှံရတာမျိုး ဖြစ်နေပါတယ်။

ကာဂျစ္စတန်ဟာ တရုတ်ပြည် ရှင်ကျန် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနဲ့ နယ်နိမိတ်ချင်း ဆက်နေပါတယ်။ ကာဂျစ္စတန်က Minas လေတပ်စခန်းကနေပြီး အာဖဂန်က အမေရိကန်တပ်တွေအတွက် ထောက်ပို့လုပ်ငန်းတွေ လုပ်ပေးနိုင်ပါတယ်။ ဒီအခြေစိုက်စခန်းတွေမှာ ပင်တဂွန်က ခေတ်မီ အီလက်ထရွန်းနစ်ကိရိယာတွေ တပ်ဆင်ထားလို့ ရှင်ကျန်က တရုတ်တို့ရဲ့ 'ဒုံးပစ်စခန်းကို "ခိုးကြည့်" (အနီးကပ်ထောက်လှမ်း) နိုင်တယ်လို့ တီးတိုးသတင်းတွေလည်း ထွက်နေတယ်။

ဒါ့အပြင် ကာဂျစ္စတန်မှာ "ဝေဂါ"အမျိုးသားတွေ အတော်အတန်ကြီးမားတဲ့ အရေအတွက်နဲ့ ရှိနေသလို ရှင်ကျန်မှာလည်း ကာဂျစ္စလူမျိုး တသိန်း ၁၀၀,၀၀၀ လောက် ရှိနေတာပါ။ ဒီတော့ ရှင်ကျန်ရဲ့ အခြေအနေတွေ မတည်မငြိမ်ဖြစ်အောင် လုပ်ချင်ရင် ကာဂျစ္စတန်ဟာ အလွန်ကောင်းတဲ့ အခြေစိုက်စခန်းလို့ ဆိုရမှာဖြစ်ပါတယ်။

ကာဂျစ္စတန်ရဲ့ ပထဝီနိုင်ငံရေးရဲ့ အချက်အချာကျမှုဟာ ဒါလောက်တင်မကသေးပါဘူး။ ကာဂျစ္စတန် တောင်ပိုင်းဟာ Ferghana ချိုင့်ဝှမ်းနဲ့ ဆက်နေတယ်။ အဲဒီနေရာဟာ သမိုင်းအရ အစ္စလမ်အစွန်းရောက်



ဝါဒီတွေရဲ့ ဘူမိနက်သန်။ အာဖဂန်နဲ့ ပါကစ္စတန်က စစ်သွေးကြွတွေဟာ ကာဂျစ္စတန်ကတဆင့် ဒီချိုင့်ဝှမ်းကို မကြာမကြာ သွားလေ့ရှိ တယ်။ ၂၀၀၅ ခုနှစ်တုန်းက ဥဇဘက်ကစ္စတန်က Andijan (Andizhan) မြို့မှာ အဓိကရုဏ်းတွေ ဖြစ်ခဲ့တယ်။ ဒီကိစ္စတွေမှာ ကာဂျစ္စတန်တောင်ပိုင်းက စစ်သွေးကြွတွေဟာ အဓိကကျတဲ့ အပိုင်းက ပါဝင်လှုပ်ရှားခဲ့တယ်။

အမေရိကန်ဟာ အာဖဂန် ပြဿနာမှာ တာလီဘန်တွေနဲ့ တနည်းမဟုတ် နောက်တနည်းနဲ့ ပြေငြိမ်း အောင်လုပ်ပြီး အာဖဂန်ပွဲသိမ်း ဇာတ်ကွက်ကို လှလှပပဖြစ်အောင်လုပ်ဖို့ ကြိုးစားနေတာ တဖြည်းဖြည်း ထင်ရှားလာနေတယ်။ အဲဒီကတဆင့် ဗဟိုအာရှဒေသကို NATO တိုးချဲ့ရေးအတွက် အမေရိကန်ဟာ မဟာဗျူဟာ ခင်းကျင်းရာမှာ ကာဂျစ္စတန်ဟာ ကွင်းဆက်အကျဆုံးဖြစ်နေတယ်။

နောက်တနည်း ပြောရရင် နောင်အနာဂတ်မှာ အမေရိကန်အနေနဲ့ အစ္စလမ်နိုင်ငံရေးကို အသုံးချပြီး ဥဇဘက်ကစ္စတန်နဲ့ တာဂျစ်ကစ္စတန် တို့ကို အစိုးရအပြောင်းအလဲလုပ်ဖို့ စဉ်းစားရင် ကာဂျစ္စတန်ဟာ အင်မတန် အသုံးတည့်လိမ့်မယ်။ ကော့ကေးရှ ဒေသက ဂျော်ဂျီယာလိုပဲ ကာဂျစ္စတန်ရဲ့ တန်ဖိုးဟာ သူ့ရဲ့ရေနံတွေ၊ သဘာဝ ဓာတ်ငွေ့တွေ မဟုတ်ဘူး။ အဲဒီဒေသက နိုင်ငံရေးအတက်အကျကို လှုပ်ခါနိုင်စွမ်းရှိတဲ့ သူ့ရဲ့ပထဝီအနေအထားသာ ဖြစ်တယ်။

လာမယ့်သတင်းပတ်ကစပြီး လတချို့အတွင်း အမေရိကန်ဟာ သံတမန်ရေးဆိုင်ရာ စိန်ခေါ်မှုတရပ်နဲ့ ရင်ဆိုင်ရလိမ့်ဦးမယ်။ ကာဂျစ္စတန်က ယာယီအစိုးရခေါင်းဆောင် Rosza Otyunbayeva က အမေရိကန် စစ်အခြေစိုက်စခန်းတွေ "ပိုနေမြဲ ကျားနေမြဲ" ဆက်ထိန်းထားချင်တယ်ဆိုရင်တောင်မှ အဲဒီအခြေအနေဟာ အချိန်မရွေး ပြောင်းလဲသွားနိုင်တယ်လို့ ပြောလိုက်ပါတယ်။ တကယ်လို့ အမေရိကန်တို့အနေနဲ့ ဒီအခြေခံစခန်း ငှားရမ်းခအဖြစ် အနည်းဆုံးတနှစ်ကို အမေရိကန် ဒေါ်လာသန်း ၆၀ ပေးနိုင်မယ်ဆိုရင်တော့ စေ့စပ်လို့ ရကောင်းရနိုင်မှာပါ။

Otunbayeva ဟာ "ကျူးလစ်တော်လှန်ရေး မတိုင်ခင်က နိုင်ငံခြားဝန်ကြီးတာဝန် ထမ်းရွက်ခဲ့ဖူးသူ ဖြစ်တယ်။ သူမဟာ ဆိုဗီယက်ပြည်ထောင်စုရဲ့ ခေတ်တုန်းကလည်း တာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့ဖူးသူပါ။ ကာဂျစ္စတန်ဟာ ရုရှားအခြေစိုက် စခန်းတခု တည်ရှိရာ အိုးအိမ်လည်းဖြစ် ဖြစ်နေပြန်တယ်။ ရုရှားဝန်ကြီးချုပ် ဗလာမီဒီယာ ပူတင်ဟာ Biskek အစိုးရသစ်ရဲ့ တရားဝင်မှုကို ပထမဆုံး အသိအမှတ်ပြုခဲ့သူ ကမ္ဘာ့ခေါင်းဆောင်တဦး ဖြစ်တယ်။ ဒီတော့ ကာဂျစ္စတန်အစိုးရသစ်နဲ့ ရုရှားတို့ရဲ့ မကင်းရာ မကင်းကြောင်း ဖြစ်နေမှုကို အလွယ်တကူ တွေ့မြင်နိုင်ပါတယ်။

နောက်တချက်အနေနဲ့ ကာဂျစ္စတန်အစိုးရသစ်ဟာ အမေရိကန်ရဲ့ စစ်ရေးအကူအညီ ရယူချင်နေတာလား ဆိုတာကလည်း စဉ်းစားစရာ ဖြစ်နေပါတယ်။ အထူးသဖြင့် ကာဂျစ္စတန်တောင်ပိုင်း Batken မြို့မှာ အကြမ်းဖက်မှု ဆန့်ကျင်ရေးဌာနချုပ် တခု တည်ဆောက်နေတဲ့ကိစ္စပါ။ ဒီဌာနချုပ်ဟာ Ferghana ချိုင့်ဝှမ်းနဲ့ နီးပါတယ်။ တရုတ်ပြည် နယ်စပ်နဲ့ မဝေးလှတဲ့ ကာဂျစ္စတန်မြေပေါ်မှာ အမေရိကန်စစ်အကြံပေးများ အခြေချရေးဆိုတာလည်း ဒီလုပ်ငန်းကိစ္စထဲမှာ ပါဝင်နေပြန်ပါတယ်။

အမေရိကန်ဟာ သူ့သံခင်းတမန်ခင်းကိစ္စတွေမှာ တဇွတ်ထိုးလုပ်နေတာ သိသာပါတယ်။ တဖက်မှာလည်း သူဟာ ဒီမိုကရေစီလမ်းကြောင်း၊ တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတတဲ့ အစိုးရဖြစ်စေရေးတို့ကို ကြွေးကြော်နေပေမယ့် သူဟာ သူဘာသာ မြှင့်တင်ထားတဲ့ စင်ပေါ်က မြင်မကောင်း ရှုမကောင်း ပြုတ်ကျသွားခဲ့ရပါတယ်။ နောက်ပိုင်းမှာ စီးပွားရေးအလွဲသုံးစားမှုတွေ လုပ်တာနဲ့အတူ ခြစားမှု၊ ဘက်လိုက်မှုနဲ့ အာဏာရှင်စနစ် ကျင့်သုံးမှုတွေကြောင့် နာမည်ဆိုးနဲ့ ကျော်ကြားလှတဲ့ Bakiyev လို အစိုးရမျိုးကိုမှ သူက ပစ်ထောက်ခံပြီး ကျောထောက်နောက်ခံပြုခဲ့တာကြောင့် ဖြစ်ပါတယ်။ (နောက်တခါ ထပ်မံပြီး ဝါရှင်တန်အနေနဲ့ ဗဟိုအာရှဒေသမှာ ဒီမိုကရေစီတန်ဖိုးတွေကို ရပ်ခံကာကွယ်သူအဖြစ် ကိုယ့်ကိုယ်ကိုယ် ခြယ်သဖို့ ကြိုးစားမယ် ဆိုရင်တော့ ဒါဟာတကယ်ပဲ လူရယ်စရာ ဖြစ်တော့မှာပါ။)

အခြားတဖက်မှာတော့ အမေရိကန်ရဲ့ သံတမန်ရေး ဆောင်ရွက်ချက်တွေဟာ ကာဂျစ္စတန်ရဲ့ တည်ငြိမ်မှုကို ဆိုးဆိုးဝါးဝါး ဖျက်ဆီးပစ်ခဲ့ပါပြီ။ ကာဂျစ္စတန်ဟာ အဲဒီဒေသမှာ နှိုင်းယှဉ်ခြင်းအရ တည်ငြိမ်တဲ့ နိုင်ငံအဖြစ် ရှိနေခဲ့ရာက ၂၀၀၅ ကျူးလစ်တော်လှန်ရေး အပြီးမှာတော့ နိုင်ငံရေးတည်ငြိမ်မှုဟာ အောက်ခြေအထိ ကျဆင်းသွားခဲ့ရပြီ။ တာဂျစ်ကစ္စတန်ရဲ့ အောက်တောင် ရောက်သွားပါပြီ။ ပါကစ္စတန်၊ အာဖဂန်တို့မှသည် တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်အထိဖြစ်တဲ့ စက်ဝိုင်းခြမ်း ဒေသဟာ ယခုအခါ အလွန့်ကို မတည်ငြိမ်တဲ့ ဒေသအဖြစ် ပြောင်းလဲခဲ့ရပါပြီ။

ဒီတပတ် ကာဂျစ္စတန်မှာ ဖြစ်ခဲ့တဲ့ မငြိမ်မသက် ဗရုတ်ဗရက်ဖြစ်မှုမှာ ၄၀ ခန့်သေဆုံး၊ ၄၀၀ လောက် ဒဏ်

ရာ ရသွားတယ်လို့ ဆိုပါတယ်။ ဒါဟာ သိပ်ကို ဖြစ်နိုင်ပါတယ်။ မျက်မှောက်အရေးအခင်းဟာ ရပ်တန့်သွားတာ မဟုတ်ဘဲ ဆက်လက်တည်ရှိနေသေးတယ်ဆိုတာကို တွေ့နေရပါတယ်။ ကာဂျစ္စတန်မှာ အတိတ်က ရှိခဲ့တဲ့ တောင် မြောက်စစ်ပွဲ ပြန်လည်ပေါ်ထွက်လာပြန်တာမို့ Backiyev ဟာ Bishkek မြို့မှ ထွက်ပြေးသွားရတော့တယ်။ သူ့ကို ထောက်ခံတဲ့ တောင်ပိုင်းမြို့ Osh ကို ပြန်ရောက်သွားခဲ့တယ်။

တောင်ပိုင်းမှာ ဥဇဘက်လူမျိုးတွေက အများစုဖြစ်ပါတယ်။ နိုင်ငံတော် ပြိုကွဲရေးဖြစ်ပေါ်စေတဲ့ အမျိုးသားရေး စစ်ပွဲတွေကို တားဆီးဖို့ဆိုရင် ဒီအန္တရာယ်ကျရောက်နေတဲ့ အချိန်မျိုးမှာ ကာဂျစ္စတန်အစိုးရဟာ အလွန်ကို အမြော်အမြင်ရှိဖို့ လိုပါတယ်။ ကာဂျစ္စတန်လူဦးရေ စုစုပေါင်းအတွင်း ကာဂျစ္စလူမျိုး (ဆိုနီမူဆလင်) က ၆၀ ရာခိုင်နှုန်း ရှိပြီး ဥဇဘက်လူမျိုးက ၁၄ ရာခိုင်နှုန်းသာ ရှိပါတယ်။

ဒါ့အပြင် အစ္စလမ်အစွန်းရောက်ဂိုဏ်းကလည်း ဒီလိုဘေးဒုက္ခကြုံတွေ့နေရတဲ့ အချိန်မျိုးကို အခွင့်ကောင်းယူ အသုံးချဖို့ ပြင်ဆင်နေပါတယ်။ ကာဂျစ္စတန်ရဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေကို ကြည့်ပြန်ရင်လည်း အလွန်ကို ဆိုးနေပါတယ်။ ရေရှည် ပြည်တွင်းစစ်ဖြစ်ဖို့ အရေးကြီးတဲ့ အကြောင်းအချက်တွေကလည်း ပြည့်စုံနေပါတယ်။ ဒီနိုင်ငံဟာ ဆိုဗီယက်လွန်ကာလရဲ့ ပထမဆုံးသော “ကျဆုံးနိုင်ငံ”ဖြစ်ဖို့ ဦးတည်နေပါတယ်။ အကြီးမားဆုံး အန္တရာယ်ကတော့ ဒီလိုမငြိမ်မသက်ဖြစ်မှုတွေဟာ Freghana ချိုင့်ဝှမ်းဒေသမှ စိမ့်ယိုပြီး ဥဇဘက်ကစ္စတန်အထိ ဂယက်ရိုက်သွားနိုင်ပါတယ်။ ကာဂျစ္စတန်တောင်ပိုင်းမှာ နေထိုင်တဲ့ ဥဇဘက်လူမျိုးတို့ဟာ အဲဒီဒေသက ကာဂျစ္စလူထုနဲ့ မသင့်မြတ်ကြပါဘူး။ ဒီလိုလိပ်ခဲတည်းလည်း ဖြစ်နေတဲ့ အမျိုးသားရေးပြဿနာဟာ ငုပ်နေတဲ့ မပေါက်ကွဲသေးတဲ့ မီးတောင်နဲ့ တူနေပါတယ်။

မျက်မှောက် ကာလမှာ ကာဂျစ္စတန် အတိုက်အခံဂိုဏ်းတွေဟာ ပြည်ပအကူအညီတွေကို ဘယ်လိုပုံနဲ့ ရနေသလဲဆိုတာ ရှင်းရှင်းလင်းလင်း မရှိသေးပါဘူး။ ဒါပေမဲ့ Bishkek အာဏာအပြောင်းအလဲဖြစ်တဲ့ အဲဒီတနေ့တည်းမှာပဲ အမေရိကန်သမ္မတ အိုဘာမားနဲ့ ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်တို့ရဲ့ ပရပ်ရဲတိုက်မှာ တွေ့ဆုံမှုကတော့ သမိုင်းရဲ့ ပြက်ရယ်မှုတရပ် ဖြစ်သွားခဲ့တယ်။ ဧပြီ ၈ ရက်၊ ကြာသပတေးနေ့မှာ သူတို့ဟာ စစ်အေးလွန်ခေတ် လက်နက် ထိန်းချုပ်ရေးမှာ ပထမဆုံးနဲ့ အရေးကြီးဆုံးဖြစ်တဲ့ စာချုပ်ကို အမေရိကန်နဲ့ ရုရှားတို့ လက်မှတ်ရေးထိုးလိုက်ပါတယ်။ ဒီစာချုပ်ဟာ အမေရိကန်နဲ့ရုရှား အကြားဆက်ဆံရေးမှာ “ပြန်ပေါင်းထုတ်ဖို့” လက်တွေ့လုပ်ဆောင်လိုက်တာ ဖြစ်တယ်။

တကယ့်လက်တွေ့ကတော့ ဒီအကြိမ်“ပြန်ပေါင်းထုတ်” လုပ်ဆောင်မှုကို ပထမဆုံး မှတ်ကျောက်တင် စစ်ဆေးကြည့်ရမှာမှာကတော့ အိုဘားမားက Manas စစ်အခြေခံစခန်းမှ အမေရိကန် မောင်းထုတ်မခံရရေးကို အာမခံဖို့၊ အနည်းဆုံးအားဖြင့် ၂၀၁၁ ဇူလိုင် သူ့ရဲ့ “AfPak” (အာဖဂန်–ပါကစ္စတန်) ပေါ်လာစီပေါ်ထွက်လာပြီး အခြေအနေကောင်းကာ အမေရိကန်တပ်တွေ မရုပ်သိမ်းမီ မောင်းထုတ်မခံရရေးအတွက် မက်ဗီဒက်ထံက အကူအညီ တောင်းရေးဖြစ်တယ်။ တကယ်လို့ အိုဘားမားက မက်ဗီဒက်ရဲ့ အကူအညီကို လက်ခံရရှိလိုက်ရင် ဒီလိုအရောင် တော်လှန်ရေးမျိုးဟာ အနှစ်သာရအရ အမေရိကန်နဲ့ ရုရှား ၂ နိုင်ငံရဲ့ ဘုံအမွေအနှစ်အဖြစ် ပြောင်းသွားပါလိမ့်မယ်။ တဖက်က မျိုးချ၊ တ ဖက်က ရိတ်သိမ်းဆိုသလို ပြောင်းပြန်ဖြစ်ကောင်းလည်းဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ဒါဟာ အမေရိကန်အတွက်တော့ ဆေးခါးကြီး မြိုချရသလိုဖြစ်ကောင်းဖြစ်နေမှာပါ။ ရုရှားတွေအဖို့တော့ တလျှောက်လုံး ဆိုဗီယက်သမ္မတနိုင်ငံများရဲ့ အထူးအကျိုးစီးပွားတွေကိုစွကို အလေးထားပြောဆိုခဲ့တယ်။ ဒါပေမဲ့ အမေရိကန်ကတော့ ဆိုဗီယက်ရဲ့ အထူးအခွင့်အရေး ဆိုတာတွေကို ဘယ်တုန်းကမှ အသိအမှတ်ပြုခဲ့တာ မရှိပါဘူး။ အခုတော့ အမေရိကန်ဟာ ကာဂျစ္စတန်မှာ ရှိနေတဲ့ သူတို့ရဲ့

**နောင်အနာဂတ်မှာ အမေရိကန်အနေနဲ့ အစ္စလာမ်နိုင်ငံရေးကို အသုံးချပြီး**
**ဥဇဘက်ကစ္စတန်နဲ့ တာဂျစ်ကစ္စတန်တို့ကို**
**အစိုးရအပြောင်းအလဲလုပ်ဖို့ စဉ်းစားရင်**
**ကာဂျစ္စတန်ဟာ အင်မတန် အသုံးတည့်လိမ့်မယ်**




ဘစ္စခက်မြို့ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများအတွင်း လမ်းပိတ်ထားသော လုံထိန်းတပ်ဖွဲ့များ

ဩဇာကို ဆက်လက်ထိန်းသိမ်းသွားဖို့ အတွက် ရုရှားရဲ့အကူအညီကို တောင်းခံ နေပါတယ်။ ဒီတော့ အမေရိကန် အတွက်ဆိုရင် အကုန်လုံး ပြောင်းပြန် လှန်ပစ်ရတော့မလိုပါပဲ။ နေတိုးအဖွဲ့ ကော့ကေးရှသို့ တဖြည်းဖြည်းတက် လှမ်းမှုနဲ့ ဗဟိုအာရှဒေသသို့ တိုးချဲ့မှုနဲ့ ပတ်သက်ရင် တစုံတရာသော အခြေခံ အာမခံချက်ရရှိဖို့ကို ရုရှားကလည်း မုချတောင်းဆိုပါလိမ့်မယ်။

အာဖဂန်ရေးရာ အမေရိကန် အထူးကိုယ်စားလှယ် ရစ်ချစ်ဟိုးဗရုဒ်ခ် ရဲ့ ဗဟိုအာရှသို့ လောလော ဆယ်ဆယ် ပထမဆုံးခရီးစဉ်မှာ အမေရိကန် အစိုးရအနေနဲ့ **"AfPak"** (အာဖဂန်–ပါကစ္စတန်) တို့ရဲ့ အဝန်းအဝိုင်းကို ရုရှားနဲ့တရုတ် နယ်စပ်အထိ မဟာဗျူဟာဒေသအဖြစ် အရှိန်အဟုန်မြှင့် တိုးချဲ့သွားလိုတဲ့ ဆန္ဒရှိနေမှုကို အတိအလင်းဖော်ပြသွားတယ်။ ဟိုးဗရုဒ်ခ်က ဗဟိုအာရှကို ခြိမ်းခြောက်နေတဲ့ အယ်လ်ကေဒါ အဖွဲ့ရဲ့ အန္တရာယ်နဲ့ ပတ်သက်လို့လည်း အခုလို ပြောသွားတယ်။ ဗဟိုအာရှဒေသမှာ နေတိုးအဖွဲ့သာ အယ်လ်ကေဒါအဖွဲ့ရဲ့ အန္တရာယ်နဲ့ပတ်သက်လို့ အရေးပါအရာရောက်တဲ့ အခန်းက ရှိနေတယ်။ နေတိုးအဖွဲ့သာ စတက်မြက်ခြင်းပြင်ကြီးတွေနဲ့ အသက်ကိုသေစေလောက်တဲ့ သဲကန္တာရကြီးတွေဖြစ်တဲ့ **Kizil Kum** နဲ့ **Kara Kum** များအတွင်း အိုစမာဘင်လာဒင်ကို အကြီးအကျယ် စွန့်လွှတ်စွန့်စားမှုတွေလုပ်ပြီး လိုက်လံဖမ်းဆီးနိုင်လိမ့်မယ်လို့ ဆိုသွားပါတယ်။

ဟိုးဘရုဒ်ခ် ခရီးစဉ်ပြီးတော့ အမေရိကန်ဗဟိုဌာနချုပ်မှ စစ်ဘက်ဆိုင်ရာအကြီးအကဲ ဒေးဗစ်ပက်ထရစ်ဟာ **Bishkek** ကို ရုတ်တရက် ရောက်လာပြီး ၂ ရက်ကြာ ဆွေးနွေးညှိနှိုင်းမှုတွေ အပြင်းအထန် လုပ်ခဲ့တယ်။ ဒီဒေသနဲ့ ပတ်သက်တဲ့ နိုင်ငံတွေကတော့ ဟိုးဘရုဒ်ခ်ရဲ့ ဗဟိုအာရှခရီးစဉ်ကို လျစ်လျူရှုထားလိုက်ဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အခု အချိန်ထိ ဗဟိုအာရှဒေသနဲ့ပတ်သက်တဲ့ အမေရိကန်ရဲ့ အနာဂတ်မဟာဗျူဟာတခုလုံးကတော့ တိုးလို့တန်းလန်းသာ ဖြစ်နေဆဲပါ။ ။

ကိုးကားစာစောင်။ ။ **English Digest 2010 June** မှာ ပါရှိတဲ့ **M.K Bhadrakumar** ရဲ့ **US Reaps Bitter Harvest from "Tulip" Revolution** ဆောင်းပါး။

# သေတမ်းစာနဲ့ ကြေညာချက်

(နိုင်ငံခြားကဗျာ)



နာဇင်ဟစ်မက်

**နာဇင်ဟစ်မက်**

ခေတ်သစ်တူရကီနိုင်ငံရဲ့
အပြောင်မြောက်ဆုံးကဗျာဆရာလို့
ရည်ညွှန်းလေ့ရှိကြတဲ့ နာဇင်ဟစ်မက်ကို ၁၉၀၂ခုနှစ်၊
ဇန်နဝါရီလ ၁၅ရက်နေ့မှာမွေးဖွားခဲ့ပါတယ်၊
သူ့ကဗျာတွေကို ဘာသာစကားပေါင်း ၅၀ ကျော်နဲ့
ပြန်ဆိုခဲ့ကြပေမယ့် သူ့အမိနိုင်ငံအတွင်းမှာတော့ ၁၉၃၈
ခုနှစ်ကနေ ၁၉၆၅ ခုနှစ်ဆိုတဲ့ ကာလအတွင်းမှာ
ဖော်ပြခွင့်မရှိခဲ့ပါဘူး။

သူဟာ ဆိုရှယ်လစ်ဝါဒကို စွဲစွဲမြဲမြဲယုံကြည်ပြီး
၁၉၃၀ စုနှစ်များမှာ တူရကီကဗျာကို
ရေးအစဉ်အလာဟောင်းတွေက နေခွဲထွက်ပြီး
လမ်းကြောင်းသစ်ပေါ် တင်ပို့ပေးခဲ့ပါတယ်။ သူ့ကို
ဖက်ဆစ်တူရကီအာဏာပိုင်တွေက
တူရကီနိုင်ငံသားစာရင်းက ပယ်ဖျက်ပြီး သစ္စာဖောက်လို့
သမုတ်ခဲ့ပါတယ်။ သူဟာ ပြည်ပရောက်အဖြစ်နဲ့
၁၉၆၃ ခုနှစ်မှာ မော်စကိုတွင်ပဲ ကွယ်လွန်သွားခဲ့ပါတယ်။
သူ့အလောင်းကို အခုထက်ထိ
တူရကီနိုင်ငံတွင်း ပြန်သယ်ခွင့်မရသေးပါဘူး။

## သေတမ်းစာနဲ့ကြေညာချက်

ရဲဘော်တို့

အဲဒီနေ့ရက်အထိ ငါအသက်ရှင်မနေဘူးဆိုရင်

ဆိုလိုတာ လွတ်လပ်ရေးမရခင် ငါသေသွားတယ်ဆိုရင်

ငါ့ကို အယ်နာတိုလီယာမှာရှိတဲ့

တောသစ်ချိုင်းလေးမှာ ငါ့ကိုမြှုပ်လိုက်ပါ။

ဟာဆန်ဘေးပစ်မိန့်နဲ့ သေသွားတဲ့

အလုပ်သမားအိုစမန်ရဲ့ အလောင်းကို

ငါ့နံဘေးမှာမြှုပ်နိုင်ပါတယ်။ နောက်တဖက်မှာတော့

မုယောပင်တွေကြားမှာကလေးမွေး

အဲဒီအထဲမှာပဲ ရက် ၄၀ အတွင်းသေသွားတဲ့

အာဇာနည်အေရှာကို မြှုပ်ပါ။

ဒီသစ်ချိုင်းအောက်မှာ ထွန်စက်တွေ။ တေးသံတွေ

ဖြတ်သန်းစီးဆင်းပါစေ

အရုဏ်ဦးရဲ့အလင်းရောင်အောက်မှာ

လူသစ်တွေ၊ ဓာတ်ဆီနံ့တွေ

ဘုံပိုင်ဆိုင်တဲ့လယ်ကွင်းတွေ၊ တူးမြောင်းထဲမှာရေတွေ

မိုးခေါင်မှာလည်းမကြောက်ရ၊ ပုလိပ်ကိုလည်းမကြောက်ရ။

ငါတို့ကတော့ ဒီသီချင်းတွေကိုမကြားတော့ဘူးပေါ့

မြေအောက်မှာအသေလဲလျောင်း

## LAST WILL AND TESTAMENT

Comrades, if I don’t live to see the day
- I mean,if I die before freedom comes -
take me away
and bury me in a village cemetery in Anatolia.

The worker Osman whom Hassan Bey ordered shot
can lie on one side of me, and on the other side
the martyr Aysha, who gave birth in the rye
and died inside of forty days.

Tractors and songs can pass below the cemetery -
in the dawn light, new people, the smell of burnt gasoline,
fields held in common, water in canals,
no drought or fear of the police.
Of course, we won’t hear those songs:
the dead lie stretched out underground
and rot like black branches,
deaf, dumb, and blind under the earth.

သစ်ကိုင်းမည်းတွေလို ဆွေးမြေ့နေတော့မယ်
မြေကြီးအောက်မှာ နားပင်း၊ ဆွံ့အ၊ မျက်စေ့လည်းကန်းနေပြီ။

ဒါပေမဲ့ ငါဟာ အဲဒီသီချင်းတွေကို
မရေးကြခင်
ထွန်စက်စက်ရုံတွေ ပန္နက်မချခင်ကတည်းက ဆိုနေပြီ

ငါ့အိမ်မိန်းနားချင်းတွေဖြစ်တဲ့
အိုစမ်နဲ့အေရှာတို့ကတော့
အသက်ရှင်စဉ်တုန်းက အကြီးအကျယ်တမ်းတခဲ့ကြတယ်
ဒါတွေကို သိချင်မှတောင်သိမှာ။

ရဲဘော်တို့
အဲဒီနေ့မတိုင်မီ ငါသေခဲ့ရင်
ဒါကလည်းတနေ့တခြားပိုဖြစ်နိုင်ခြေရှိလာတယ်
ငါ့ကို အယ်နာတိုလီယာမှာရှိတဲ့
တောသင်္ချိုင်းလေးမှာ ငါ့ကိုမြှုပ်လိုက်ပါ
လွယ်မယ်ဆိုရင် ငါ့ခေါင်းပေါင်းမှာ
ပလိန်းပင်လေးတပင်ပေါက်နေပါစေ
ကျောက်ပြား ဘာညာ ဘာမှမလိုပါဘူး။

**နာဇင်ဟစ်မက်**

၁၉၅၃ ခုနှစ်၊ မေ ၂၇
မော်စကို၊ ဘာဗီဟာဆေးရုံပေါ်မှာရေးတယ်၊

But, I sang those songs

before they were written,

I smelled the burnt gasoline

before the blueprints for the tractors were drawn.

As for my neighbors,

the worker Osman and the martyr Aysha,

they felt the great longing while alive,

maybe without even knowing it.

Comrades, if I die before that day, I mean

- and it’s looking more and more likely -

bury me in a village cemetery in Anatolia,

and if there’s one handy,

a plane tree could stand at my head,

I wouldn’t need a stone or anything.

**Nazim Hikmet,** 27 April 1953

Moscow, Barviha Hospital

# ၂၀၀၇ စီးပွားရေးအကျပ်အတည်း တစေ့တစောင်း

## ၂၀၀၇ စီးပွားရေးအကျပ်အတည်းရဲ့ အဆုံးအရှုံးနဲ့ ကြီးမားနက်ရှိုင်းမှု

၂၀၀၇ ခုနှစ်က အမေရိကန်နိုင်ငံမှာ စတင်ဖြစ်ပွားခဲ့တဲ့ စီးပွားရေးအကျပ်အတည်းဟာ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းအဖြစ် ကြီးထွားသွားခဲ့တယ်။ ၂၀၀၇ ခုနှစ်နွေရာသီကနေ ၂၀၀၉ ခုနှစ်မတ်လအတွင်းမှာ ဒီစီးပွားရေးအကျပ်အတည်းက ဖျက်ဆီးပစ်လိုက်တဲ့ ဓနဥစ္စာတန်ဖိုးစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၃၄.၄ ထရီလျံ ရှိပါတယ်။ စတော့ရှယ်ယာဈေးကွက်ဟာလည်း အနိမ့်ဆုံးမှတ်ထိ ကျဆင်းခဲ့ရတယ်။

၂၀၀၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့မှာ ကမ္ဘာတလွှား အများပြည်သူရောင်းဝယ်ဖောက်ကားနိုင်တဲ့ ကုမ္ပဏီတွေရဲ့ ဈေးကွက်တန်ဖိုးစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၆၃ ထရီလျံ အထိ မြင့်မားခဲ့တယ်။ ၂၀၀၉ ခုနှစ် မတ်လ အစောပိုင်းမှာတော့ အဲဒီတန်ဖိုးဟာ တဝက်ကျော်လျော့ကျသွားပြီး အမေရိကန်ဒေါ်လာ ၂၈.၆ ထရီလျံပဲ ရှိတော့တယ်။ အဲဒီဆုံးရှုံးသွားတဲ့ အမေရိကန်ဒေါ်လာ ၃၄.၄ ထရီလျံဟာ ၂၀၀၈ ခုနှစ် အမေရိကန်နိုင်ငံ၊ ဥရောပသမဂ္ဂနဲ့ ဂျပန်နိုင်ငံတို့ရဲ့ ပြည်တွင်းစုစုပေါင်းထုတ်ကုန်တန်ဖိုး (GDP) ထက် ပိုများပါတယ်။ အဲဒီဆုံးရှုံးသွားတဲ့ ဓနဥစ္စာတွေ ပြန်ရရှိဖို့ဆိုရင် အဲဒီရှေ့တန်းရောက်စီးပွားရေးတွေအနေနဲ့ တနှစ်ကို စီးပွားရေးတိုးတက်မှုနှုန်း ၅% ပတ်ဝန်းကျင်နဲ့ မှန်မှန်တိုးတက်နေရင်တောင်မှ အချိန် ဆယ်စုနှစ်တခုလောက် လိုအပ်ပါတယ်။ ဒါတောင် စီးပွားရေးပြန်လည် ကျဆင်းမှုတွေ မဖြစ်ပေါ်မှသာ ရမှာဖြစ်ပါတယ်။

အမေရိကန်နယူးယောခ်စတော့ရှယ်ယာဈေးကွက် (NYSE Euronext (US)) ရဲ့ အရင်းစုပုံမှုဟာ ၂၀၀၇ ခုနှစ် ဇွန်လမှာ အမေရိကန်ဒေါ်လာ ၁၆.၆ ထရီလျံ ရှိပါတယ်။ ဒါဟာ အဲဒီနှစ်အတွက် အမေရိကန်နိုင်ငံ (GDP) ဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၁၃.၈ ထရီလျံထက် ပိုများပါတယ်။ ၂၀၀၉ ခုနှစ် မတ်လမှာတော့ စတော့ဈေးကွက်ရဲ့အရင်းတန်ဖိုးဟာ ထက်ဝက်ကျော်လျော့ကျသွားပြီး အမေရိကန်ဒေါ်လာ ၇.၉ ထရီလျံပဲ ရှိပါတော့တယ်။ အမေရိကန်အိမ်ထောင်စုတွေ ဆုံးရှုံးသွားရတဲ့ ဓနတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၄ ထရီလျံရှိပြီး ၂၀၀၈ ခုနှစ် အမေရိကန်နိုင်ငံရဲ့ (GDP) နဲ့ ညီမျှပါတယ်။

ဒီစီးပွားရေးအကျပ်အတည်းဟာ အမေရိကန်နိုင်ငံမှာ ၂၀၀၇ ခုနှစ် ဇူလိုင်မှာ စဖြစ်ပွားပေမယ့် ကမ္ဘာ့ဈေးကွက်ကိုတော့ ချက်ချင်းဂယက်မရိုက်ပါဘူး။ အောက်တိုဘာလကျမှသာ အပြည့်အဝဂယက်ရိုက်ပါတယ်။ ဒါတောင် ၂၀၀၈ ခုနှစ်တနှစ်တည်းမှာပဲ ဥရောပ၊ အာဖရိကနဲ့ အရှေ့အလယ်ပိုင်းစီးပွားရေးတွေရဲ့ ဈေးကွက်အရင်းအနှီး အမေရိကန်ဒေါ်လာ ၁၀ ထရီလျံ ဆုံးရှုံးခဲ့ရတယ်။ အာရှကတော့ ၉.၆ ထရီလျံခန့် ဆုံးရှုံးခဲ့တယ်။

ဒီစီးပွားရေးအကျပ်အတည်းက ရုန်းထွက်နိုင်ဖို့အတွက် အနိုင်နိုင်ငံက အစိုးရတွေဟာ ကယ်တင်ရေးစီမံကိန်းတွေ၊

စီးပွားရေးနှိုးဆွရေး စီမံကိန်းစတာတွေနဲ့ အခြားသုံးစွဲမှုတွေအတွက် အမေရိကန်ဒေါ်လာ ၂၀ ထရီလျံကျော် သုံးစွဲခဲ့တယ်။ ဒါကြောင့် ၂ နှစ်ကျော်အကြာ ၂၀၀၉ ခုနှစ်အကုန်လောက်မှာတော့ စီးပွားရေးတစုံတရာတည်ငြိမ်မှု ရလာတယ်လို့ ဆိုပါတယ်။ ဒါတောင် အခုတလောမှာ နောက်တကျော့ စီးပွားရေးကျဆင်းမှု ပြန်ကြုံဦးမလားဆိုတဲ့ စိုးရိမ်သံတွေ ထွက်လာနေပါတယ်။ ဒီလိုထွက်နေတာလည်း အကြောင်းမဲ့ မဟုတ်ပါ။ အလုပ်လက်မဲ့နှုန်းက မြင့်မားနေဆဲ ဖြစ်ပါတယ်။ နိုင်ငံအတော်များများရဲ့ စီးပွားရေးကြီးထွားနှုန်းဟာလည်း အားရစရာမရှိသေးပါ။

## စတင်ပေါ်ပေါက်ကြီးထွားလာပုံ

၁၉၉၀ ခုနှစ်တွေကတည်းက အမေရိကန်နိုင်ငံရဲ့စီးပွားရေးကြီးထွားမှုတွေဟာ အကြွေးနဲ့ဝယ်ယူစားသုံးမှုတွေကြောင့် ဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ အမေရိကန်နိုင်ငံသားတွေရဲ့ ကြွေးတင်မှုဟာ အရင်မရောက်ဖူးတဲ့ အဆင့်အထိ ရောက်ရှိခဲ့ရတယ်။ အဓိကအားဖြင့် အိမ်ပေါင်ချေးငွေကြောင့်နဲ့ ကြွေးဝယ်ကဒ်နဲ့ ဝယ်ယူစားသုံးမှုတွေကြောင့် ဖြစ်ပါတယ်။ ဒါဟာ ဝင်ငွေနဲ့ ဓနဥစ္စာပိုင်ဆိုင်မှုတွေမှာ မညီမျှမှုတွေ တိုးပွားလာနေတဲ့ကြားက ဖြစ်နေတာပါ။ အမေရိကန်နိုင်ငံမှာ အကြွေးနဲ့ဝင်ငွေ အချိုးဟာ ၁၉၆၀ ခုနှစ်တွေနဲ့ ၁၉၇၀ ခုနှစ်တွေတုန်းက ၆၇% ရှိရာကနေ ၁၉၉၀ ခုနှစ်တွေမှာတော့ ၉၅.၆% ဖြစ်လာပါတယ်။

ဒီလိုအကြွေးနဲ့စားသုံးမှုကြီးထွားလာအောင် အကြီးအကျယ်စတင် တွန်းအားပေးလိုက်တာကတော့ ၂၀၀၀ ခုနှစ်တုန်းက အမေရိကန်နိုင်ငံမှာ ပေါ်ပေါက်ခဲ့တဲ့ နည်းပညာဈေးကွက် (ဒေါ့ကွမ်းလို့ လူသိများ) စန်းထချိန်က ဖြစ်ပါတယ်။ တနည်းအားဖြင့်တော့ စီးပွားရေးပူဖောင်းတခုပေ့ါ။ အဲဒီတုန်းက စတော့ဈေးကွက်လည်း အရောင်းအဝယ်ကောင်းခဲ့တယ်။ ပူဖောင်းဆိုတဲ့အတိုင်း အချိန်တခုရောက်တော့ ပေါက်တော့တာပဲပေ့ါ။ ဒါကြောင့် ၂၀၀၁ ခုနှစ်မှာ အမေရိကန်နိုင်ငံမှာ စီးပွားရေးကျဆင်းမှု **(recession)** ဖြစ်တယ်။ စတော့ဈေးကွက်လည်း ကျဆင်းပြိုကွဲပြန်တယ်။ ကမ္ဘာ့စီးပွားရေးလည်း နှေးကွေးသွားတယ်။

ဒီတော့ နောက်ထပ်ပူဖောင်းတခု ထပ်ရှာကြံပြီး ဖန်တီးကြပြန်ပါတယ်။ အိုးအိမ်ဈေးကွက်မှာ သွားတွေ့ပါတယ်။ အိမ်ခြံမြေဈေးကွက်ဟာ အကြီးအကျယ်စန်းထပြီး ကြီးထွားလာပါတယ်။ ဒီလိုနဲ့ အမေရိကန်မှာ စီးပွားရေးနာလန်ပြန်ထလာတယ်။ အလားတူ ကမ္ဘာ့စီးပွားရေးလည်း ပြန်ဦးမော့လာပါတယ်။ ဒီလိုဖြစ်လာတာမှာ ၂၀၀၁ ခုနှစ် ဇွန်လမှာ သမ္မတဂျော့ဘုရှ်က အခွန်တွေ အကြီးအကျယ် လျှော့ချလိုက်တာကြောင့်ရယ်နဲ့ အမေရိကန်ဗဟိုဘဏ်နဲ့ ပြည်ထောင်စုအရန်ငွေကြေးဌာနတို့က အတိုးနှုန်းတွေ အကြိမ်ကြိမ် လျှော့ချလိုက်တာတွေကြောင့် ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်လယ်ပိုင်းကနေ ၂၀၀၆ ခုနှစ်အစောပိုင်းအထိ အမေရိကန်မှာ တကယ့်အတိုးနှုန်းဟာ အနုတ်လက္ခဏာပြနေတာကြောင့် အကြွေးကြီးထွားမှုကို ဖြစ်စေခဲ့တယ်။ ၂၀၀၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်းမှာ အကြွေးနဲ့ဝင်ငွေအချိုးဟာ မကြုံစဖူး ၁၃၀% အထိရောက်ခဲ့တယ်။ စည်းမျဉ်းစည်းကမ်းတွေ လွတ်လွတ်လပ်လပ်ရှိတာကြောင့်ရော ငွေပြန်ဖြစ်လွယ်တဲ့ အခြေအနေတွေကြောင့်ပါ အိမ်ပေါင်ခံငွေချေးတဲ့ဘဏ်တွေက အတိုးနှုန်းတွေလျှော့ပေးလာတယ်။ ငွေချေးတဲ့ဗျူဟာတွေလည်း စည်းကမ်းတွေ လျော့ရိလျော့ရဲဖြစ်လာတယ်။ ဒီလိုနဲ့ အိုးအိမ်ဝယ်လိုအား ကောင်းလာခဲ့တယ်။ အိမ်ဈေးတွေလည်း တက်လာတယ်။ အိမ်ခြံမြေဈေးကွက်ပူဖောင်းစတင် ပေါက်ဖွားလာတော့တယ်။

၂၀၀၀ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အထိ ၅ နှစ်အတွင်း ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ နေအိမ်တွေရဲ့ စုစုပေါင်းတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၃၀ ထရီလျံရှိရာက ၇၀ ထရီလျံ ဖြစ်လာတယ်။ တိုးလာတဲ့ပမာဏဟာ အဲဒီနိုင်ငံတွေအားလုံးရဲ့ ပြည်တွင်းစုစုပေါင်းထုတ်ကုန်တန်ဖိုး (GDP) နဲ့ ညီမျှတယ်။ အခုအိမ်ဈေးကောင်းမှုဟာ အရင်အိမ်ဈေးကောင်းမှုတွေကို သေးကွေးသွားစေတယ်။ ဒီပူဖောင်းဟာ ၁၉၉၀ ခုနှစ်တွေနောက်ပိုင်း ကမ္ဘာ့စတော့ဈေးကွက်ပူဖောင်းတွေထက်လည်း ပိုကြီးတယ်။ ၁၉၂၀ ခုနှစ်နှောင်းပိုင်း အမေရိကန်စတော့ဈေးကွက်ပူဖောင်းထက်လည်း ပိုသာတယ်။ ဒါဟာ သမိုင်းမှာ အကြီးဆုံးပူဖောင်းလို့ ပြောရမယ်ဆိုပြီး အီကောနော်မစ်မဂ္ဂဇင်းကြီးက ဆိုခဲ့တယ်။

အိမ်ခြံမြေဈေးကွက်ပူဖောင်း ဆက်လက်ရှင်သန်ကြီးထွားနေစေဖို့ အိမ်ပေါင်ငွေချေးသူတွေဟာ ဆပ်ပရိုင်း (sub-prime) လို့ခေါ်တဲ့ ငွေပြန်ဆပ်နိုင်ဖို့ မသေချာသူတွေကို သတ်မှတ်ငွေချေးစံနှုန်းတွေအရ မဟုတ်ဘဲ ငွေချေးတာတွေ လုပ်ခဲ့ကြတယ်။ စုစုပေါင်းကြွေးမြီထဲမှာ အဲဒီလို အန္တရာယ်ရှိတဲ့ချေးငွေတွေရဲ့ အချိုးဟာ တဖြည်းဖြည်း တိုးများလာတယ်။

အဲဒီချေးငွေတွေကို အိမ်ပေါင်ငွေချေးတဲ့ဘဏ်တွေက အစုံအစုံတွဲစပ်ပြီး စတော့ရှယ်ယာလက်မှတ်တွေအဖြစ် အခြားဘဏ္ဍာရေးကုမ္ပဏီတွေနဲ့ အရန်အတားရန်ပုံငွေကုမ္ပဏီတွေ (hedge funds) ကို ရောင်းချတယ်။ ဝေါလမ်းမအခြေစိုက်

လီမန်ညီအစ်ကိုများ (Lehman Brothers)၊ ဘဲယာစတန်း (Bear Stearns)၊ မယ်ရီလ်လင့်ချ် (Merrill Lynch)၊ မော်ဂန်စတန်လေ (Morgan Stanley) နဲ့ ဂိုးလ်မင်းဆက်ချ် (Goldman Sachs) စတဲ့ ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးတွေက ဝယ်ယူကြတယ်။ ဒီနောက် အဲဒါတွေကို အတွဲအစပ်တွေလုပ်ပြီး စီဒီအိုတွေ(Collateralised Debt Obligations or CDOs) စီဒီအက်စ် (Credit Default Swap CDS) တွေအဖြစ် ငွေကြေးဈေးကွက်မှာ ပြန်လည်ရောင်းချကြပါတယ်။ ကြွေးမြီအဆင့်သတ်မှတ်ရေးအေဂျင်စီတွေက အဆင့်အတန်းတွေ သတ်မှတ်ပေးတယ်။ ဆိုလိုတာက ဒီအကြွေးကဆုံးရှုံးနိုင်သလား၊ အမြတ်ရနိုင်လားစတာတွေကို စစ်ဆေးသတ်မှတ်ပေးတာပါ။ သူတို့က ဒီစီဒီအိုတွေကို အဆင့်ကောင်းကောင်း သတ်မှတ်ပေးကြတယ်။ ဒါနဲ့ အဲဒီ စီဒီအိုတွေကို ပင်စင်ရန်ပုံငွေအဖွဲ့တွေနဲ့ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေက ဝယ်ယူကြတယ်။ ၂၀၀၃ ခုနှစ်မှာ အိမ်ပေါင်ချေးငွေတွေကို အခြေခံထားတဲ့ အဲဒီစတော့ရှယ်ယာတွေရဲ့တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၂ ထရီလျံကျော် ရှိလာတယ်။ အဲဒီစတော့ရှယ်ယာတွေမှာ ဆုံးရှုံးနိုင်တဲ့အန္တရာယ်အလွန်များတဲ့ကြားက ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးတွေဟာ အလွန်ရှုပ်ထွေးတဲ့ဆင့်ပွားများ (derivatives) အဖြစ်ဖန်တီးပြီး ငွေကြေးဈေးကွက်မှာ အခြားသူများကို ပြန်လည်ရောင်းချနေကြပါတယ်။ မြန်မြန်နဲ့ အမြတ်များများရလို့ ဝမ်းသာအားရ ရောင်းဝယ်နေခဲ့ကြတာ ဖြစ်ပါတယ်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာမှာ အဲဒီ စီဒီအက်စ်တွေ စုစုပေါင်းရဲ့တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၆၂ ထရီလျံ ဖြစ်လာတယ်။ ဒါပေမဲ့ အဲဒီစီဒီအက်စ်တွေက ကျောထောက်နောက်ခံပြုထားတဲ့ အက်ဆက် (assets) တန်ဖိုးက အမေရိကန်ဒေါ်လာ ၅ ထရီလျံပဲ ရှိပါတယ်။ အဲဒီ ၂၀၀၇ ခုနှစ်မှာ ထင်ရှားတဲ့ ဆင့်ပွားတွေရဲ့ စာရွက်ပေါ်တန်ဖိုး (nominal value) ဟာ အမေရိကန်ဒေါ်လာ ၅၁၆ ထရီလျံ ရှိပါတယ်။ ကမ္ဘာ့စုစုပေါင်း ဂျီဒီပီရဲ့ ဆယ်ဆနီးပါး ဖြစ်ပါတယ်။

အခုလို အိမ်ပေါင်ချေးငွေတွေကို ဆင့်ပွားရောင်းချခြင်းအားဖြင့် ဒီချေးငွေတွေမှာပါရှိနေတဲ့ ဆုံးရှုံးနိုင်တဲ့အန္တရာယ်တွေကို ဖြန့်ဝေလိုက်တာကြောင့် သူတို့ကိုယ်သူတို့ ကာကွယ်သလိုဖြစ်စေတယ်လို့ အိမ်ပေါင်ငွေထုတ်ချေးသူတွေနဲ့ ရင်းနှီးမြှုပ်နှံမှုဘဏ်တွေက ယူဆကြပါတယ်။ တကယ်က ဒီအန္တရာယ်က လုံးဝပျောက်သွားတာ မဟုတ်လို့ ဒီအယူအဆဟာ မှားယွင်းပါတယ်။ ဒါကြောင့် အဲဒီအိမ်ပေါင်ချေးငွေ ပြန်မဆပ်နိုင်တာတွေ ဖြစ်လာတဲ့အခါမှာ ဒီချေးငွေတွေနဲ့ ဆက်စပ်နေကြတဲ့ ငွေကြေးကုမ္ပဏီတွေအားလုံး ထိခိုက်ကြပါတော့တယ်။ ၂၀၀၆ ခုနှစ်မှာ အမေရိကန်နိုင်ငံရဲ့ အိမ်ဈေးကွက်ပူဖောင်းကြီး ပေါက်ကွဲသွားတဲ့အခါ တကယ့်အကျပ်အတည်းကြီး ပေါ်ပေါက်လာတော့တယ်။ ချေးငွေပြန်မဆပ်နိုင်သူများလာပြီး အိမ်တွေကို မြီရှင်တွေက ပြန်သိမ်းယူမှုတွေ များလာတယ်။ အိမ်ဈေးကွက်မှာ ရောင်းလိုအားသာများလာပြီး ဝယ်လိုအားက မရှိတော့ဘူး။ အိမ်ဈေးနှုန်းတွေ အကြီးအကျယ် ထိုးကျသွားတယ်။ အတိုးနှုန်းတွေ တက်လာတယ်။ ဒီလိုနဲ့ အိမ်ပေါင်ငွေထုတ်ချေးသူ ရာပေါင်းများစွာ စီးပွားပျက်ကြတယ်။ အဲဒီအထဲမှာ အမေရိကန်နိုင်ငံရဲ့ အိမ်ပေါင်ငွေချေးလုပ်ငန်းမှာ အကြီးမားဆုံးကုမ္ပဏီကြီးဖြစ်တဲ့ ကန်းထရီးဝိုက်ဖိုင်နယ်ရှယ်ကော်ပိုရေးရှင်းဟာ ဒေဝါလီခံရကိန်းဆိုက်သွားတယ်။ အမြတ်အစွန်းများများရဖို့အတွက် ဒီဆပ်ပရိုင်းချေးငွေအပေါ်အခြေခံတဲ့ ရှယ်ယာတွေ အကြီးအကျယ်ဝယ်ယူမြှုပ်နှံခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးတွေလည်း ကြီးမားတဲ့ဆုံးရှုံးမှုတွေ ကြုံတွေ့ကြတော့တယ်။

၂၀၀၈ ခုနှစ် စက်တင်ဘာလမှာ စတုတ္ထအကြီးဆုံးရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးဖြစ်တဲ့ လီမန်ညီအစ်ကိုများဘဏ် ဒေဝါလီခံရမှုက အမေရိကန်နိုင်ငံရဲ့ ဘဏ္ဍာငွေကြေးအကျပ်အတည်းရဲ့ ကြီးမားနက်ရှိုင်းမှုကို ဖော်ပြတဲ့ မှတ်တိုင်တခု ဖြစ်စေခဲ့တယ်။ အမေရိကန်အစိုးရရဲ့ ကြားဝင်ဆောင်ရွက်ပေးမှုနဲ့ မယ်ရီလ်လင့်ချ်ရင်းနှီးမြှုပ်နှံမှုဘဏ်ကို အမေရိကန်ဘဏ် (Bank of America) က ဝယ်ယူလိုက်တယ်။ ဖန်နီမေနဲ့ဖရက်ဒီမက် ကုမ္ပဏီကြီးတွေကိုတော့ ပြိုလဲမှုဒဏ်က ကာကွယ်ဖို့အတွက် နိုင်ငံပိုင်လုပ်လိုက်ရတယ်။ ကမ္ဘာ့အကြီးဆုံး အာမခံကုမ္ပဏီကြီးဖြစ်တဲ့ အေအိုင်ဂျီကုမ္ပဏီကြီးကိုတော့ ဆက်လက်ရပ်တည်လည်ပတ်နိုင်ဖို့အတွက် အမေရိကန်အစိုးရက ဒေါ်လာ ၈၅ ဘီလျံ ပံ့ပိုးပေးခဲ့ရတယ်။ အခြားရှေ့တန်းရောက် အရင်းရှင်နိုင်ငံကြီးတွေမှာရှိတဲ့ ဘဏ်တွေနဲ့ ဘဏ္ဍာငွေကြေးဆိုင်ရာကုမ္ပဏီကြီးတွေလည်း ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်ကြရတယ်။ ဒီလိုနဲ့ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာငွေကြေးအကျပ်အတည်းကြီး ဖြစ်ပေါ်စေတော့တယ်။

အခုခေတ်စီးပွားရေးလောကမှာ တကယ့်စီးပွားရေးဆိုတဲ့ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတွေထက် အဲဒီဘဏ္ဍာငွေကြေးဈေးကွက်မှာ လောင်းကစားနေကြတာက အဆမတန်ပိုများနေပါတယ်။ ၁၉၈၀ ခုနှစ်မှာ အဲဒီဘဏ္ဍာအက်ဆက်တန်ဖိုးက ကမ္ဘာ့ထုတ်လုပ်မှုထက် ၁၀၉% ရှိပြီး ၂၀၀၅ ခုနှစ်မှာ ၃၁၆% ရှိပါတယ်။ နောက်ပြီး ကြိုရောင်းကြိုဝယ်ဆိုတဲ့ (Futures Market) ဈေးကွက်ကလည်း မီးလောင်ရာ လေပင့်ပေးနေတာပါပဲ။ ဗမာပြည်မှာလည်း ဒီလိုရောင်းဝယ်မှုကို လေပတ်ကားအရောင်းအဝယ်ဆိုပြီး လုပ်နေကြပါတယ်။ အထူးသဖြင့် ရွှေနဲ့ပဲဈေးကွက်မှာ ဖြစ်ပါတယ်။ ဒီအရောင်းအဝယ်

ကြောင့် ဗမာပြည်ပဲဈေးကွက် ပျက်သွားခဲ့ရပါသေးတယ်။ အခုလို တကယ့်စီးပွားရေးထက် ဘဏ္ဍာငွေကြေးဈေးကွက်မှာ လောင်းကစားဆန်ဆန် ရောင်းဝယ်ဖောက်ကားနေကြတာကြောင့် အခုလို အကျပ်အတည်းဆိုက်ကြရတာပါ။

ဒီအကျပ်အတည်းကြီးဖြစ်ရတာနဲ့ ပတ်သက်ပြီး ထင်ရှားတဲ့ လတ်တလောအကြောင်းအချက် ၂ ချက်ကို တွေ့ရပါတယ်။ တချက်က ဈေးကွက်မှာ အရင်းရှင်ကြီးတွေဟာ စည်းမဲ့ကမ်းမဲ့ ရောင်းဝယ်ဖောက်ကားကြတာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်တယ်ဆိုတာထက် အလောင်းအစားပိုဆန်နေပါတယ်။ ဒါကြောင့်လည်း အခုခေတ်စီးပွားရေးကို ကာစီနို စီးပွားရေး တနည်းပြောရရင် လောင်းကစားစီးပွားရေးလို့ ခေါ်နေကြတာ ဖြစ်ပါတယ်။ ဈေးကစားလောင်းကစားတဲ့ အရင်းရှင်စနစ် (specutative Capitalism) လို့လည်း ခေါ်ကြပါတယ်။

နောက်တချက်က ကြွေးမြီတွေ အကြီးအကျယ် တင်ရှိနေမှုပါ။ အဲဒီအကြွေးတွေ ပြန်မဆပ်နိုင်တာနဲ့ စီးပွားရေး လောကတခုလုံး ဂျမ်းဖြစ်ကုန်ကြတာပါ။ အခုလို အကြွေးတင်နေကြတာဟာ လူတဦးချင်းတင်မကပါဘူး အမေရိကန်အစိုးရ အပါအဝင် အစိုးရအဖွဲ့တွေ အတော်များများ ကြွေးမြီများပြားနေကြတာပါ။

### အရင်းရဲ့တန်ခိုးအာနုဘော်

အကျပ်အတည်းတခု ဖြစ်လာပြီဆိုရင် အစိုးရက ဈေးကွက်ကို ဝင်ထိန်းရမယ်၊ ထိန်းကွပ်မှုတွေ (regulation) လုပ်ရမယ်ဆိုတဲ့ အယူအဆဘက်က အသံတွေက အားသာလာကြတတ်ပါတယ်။ ဒါပေမဲ့ တစုံတရာတည်ငြိမ်မှုလေး ရလာပြီဆိုရင် ဈေးကွက်ကိုလွှတ်ထားပေးရေး အယူအဆက ပြန်နေရာယူလာတာပါပဲ။ တနည်းပြောရရင် ထိန်းကွပ်မှုတွေ လုပ်ရေး (regulation) နဲ့ မလုပ်ရေး (deregulation) ပါပဲ။ ဈေးကွက်အတွင်းမှာတော့ များသောအားဖြင့် စည်းမဲ့ကမ်းမဲ့ ရောင်းဝယ်ဖောက်ကားနေကြတာ များပါတယ်။ ဒါကြောင့်လည်း အခုလို အကျပ်အတည်းကြီးတွေ တခုပြီးတခု ပေါ်လာနေ တာပဲ ဖြစ်ပါတယ်။ အခုလို စည်းမဲ့ကမ်းမဲ့ ရောင်းဝယ်ဖောက်ကားနေကြတာကို အစိုးရတွေက ဘာကြောင့်လွှတ်ပေးထား ကြတာလဲ။

အောက်ပါဇယားလေးကိုကြည့်ရင် အတော်လေး အဖြေပေါ်သွားမှာပါ။ အမေရိကန်နိုင်ငံမှာ စီးပွားရေးကုမ္ပဏီကြီး တွေက နိုင်ငံရေးသမားတွေကို ပေးနေတဲ့ရန်ပုံငွေစာရင်းကိုပြတဲ့ ဇယားပါ။ ဒီထက်ပိုပြီး အသေးစိတ်သိချင်သူတွေ (www.opensecrets.org) မှာ သွားကြည့်နိုင်ပါတယ်။

| လုပ်ငန်းကဏ္ဍ | နိုင်ငံရေးသမားများသို့ (အမေရိကန်ဒေါ်လာသန်းပေါင်း) | လော်ဘီလုပ်ပေးမည့်သူများသို့ (အမေရိကန်ဒေါ်လာသန်းပေါင်း) |
|---|---|---|
| စတော့ရှယ်ယာလုပ်ငန်းများမှ | ၅၁၂ | ၆၀၀ |
| ရင်းနှီးမြှုပ်နှံမှုဘဏ်များမှ | ၁၅၅ | ၃၈၃ |
| အာမခံလုပ်ငန်းကုမ္ပဏီများမှ | ၂၂၁ | ၁၀၀၂ |
| စာရင်းအင်းကုမ္ပဏီများမှ | ၈၁ | ၁၂၂ |

ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ အမေရိကန်ငွေကြေးလုပ်ငန်းကြီးတွေ (ဝေါလမ်းမကြီး) က အမေရိကန်နိုင်ငံရေး လောကအတွက် ဒေါ်လာ ၁.၇ ဘီလျံ အကုန်အကျခံခဲ့တယ်။ ရွေးကောက်ပွဲရန်ပုံငွေဆိုတဲ့ခေါင်းစဉ်နဲ့ ပေးခဲ့ကြတာပါ။ ဒီငွေတွေကို အမေရိကန်သမ္မတကအစ အောက်လွှတ်တော်အမတ်တွေအထိ ခွဲဝေရကြတာ ဖြစ်ပါတယ်။ ဝေါလမ်းမကြီးက အဲဒီငွေတွေအပြင် နောက်ထပ် အမေရိကန်ဒေါ်လာ ၃.၄ ဘီလျံကို လော်ဘီလုပ်ငန်းတွေအတွက် အသုံးပြုပါတယ်။ ဘာ အတွက် လော်ဘီလုပ်မလဲ ဆိုတာကတော့ ရှင်းပါတယ်။ ထိန်းကွပ်မှုတွေ ဖျက်သိမ်းရေး(deregulation) အတွက်ပါပဲ။ အဲဒီ လော်ဘီအတွက် ကုန်ကျငွေတွေဟာ လော်ဘီလုပ်ပေးသူများရဲ့အိတ်ထဲချည်းရောက်တာ မဟုတ်ဘူးဆိုတာလည်း သေချာ ပါတယ်။

အဲဒီလို စုစုပေါင်းအမေရိကန်ဒေါ်လာ ၅.၁ ဘီလျံ အကုန်အကျခံခဲ့တဲ့အတွက် ဝေါလမ်းမကြီးအနေနဲ့ ဘယ်လိုအကျိုး



**နာမည်ကြီးဝေါလမ်းမနဲ့ နွားသိုးရုပ်တု**

စီးပွားတွေ ပြန်ရခဲ့ပါသလဲ။ တချို့ကို အောက်မှာဖော်ပြလိုက်ပါတယ်။

- ၁၉၈၃ ခုနှစ်မှာ ဘဏ္ဍာငွေကြေးလုပ်ငန်းကြီးတွေက သဘောတူချမှတ်လိုက်တဲ့ ဘဏ်တွေနဲ့အခြားကော်ပိုရေးရှင်းကြီးတွေ အနေနဲ့ သူတို့ရဲ့ငွေစာရင်းရှင်းတမ်းမှာ ဆုံးရှုံးနေတဲ့ အက်ဆက်တွေကို ဖယ်ထုတ်ထားနိုင်ခွင့်စည်းမျဉ်းကို ရေဂင်အစိုးရက မကန့်ကွက်ဘဲ သဘောတူခွင့်ပြုခဲ့တယ်။ ရင်းနှီးမြှုပ်နှံမယ့်သူတွေနဲ့ အများပြည်သူတွေကို ဒီဆုံးရှုံးအက်ဆက်တွေအကြောင်း ဖုံးကွယ်ထားနိုင်စေခဲ့တယ်။

- ၁၉၉၈ ခုနှစ်နဲ့ ၂၀၀၀ ခုနှစ်အကြားမှာ ဘဏ္ဍာငွေကြေးဆိုင်ရာဆင့်ပွားတွေ (derivatives) အပေါ် ထိန်းကွပ်ကန့်သတ်မှုတွေ (regulation) လုပ်ဖို့ ကြိုးစားမှုတွေကို ကလင်တန်အစိုးရနဲ့အောက်လွှတ်တော်တို့ဟာ အကြိမ်ကြိမ်ပိတ်ဆို့ဟန့်တားခဲ့တယ်။

- ၁၉၉၉ ခုနှစ်မှာ အမေရိကန်ကွန်ဂရက်က ဘဏ်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့အာမခံလုပ်ငန်းတွေ လုပ်ကိုင်ခွင့်ကို ပိတ်ပင်ထားတဲ့ စီးပွားပျက်ကပ်ကာလဥပဒေကို ပြန်ရုပ်သိမ်းလိုက်တယ်။ ဒါကြောင့်ဘဏ်တွေဟာ တွက်ဆလောင်းကစားတဲ့ ငွေကြေးလုပ်ငန်းတွေဖြစ်တဲ့ ဆင့်ပွားအရောင်းအဝယ်စတာတွေမှာ ဝင်ရောက်လုပ်ကိုင်ခွင့်ရသွားခဲ့တယ်။

- ဒီဆယ်စုနှစ်အစောပိုင်းကာလတွေမှာ အတိုးနှုန်းသိသိသာသာ နိမ့်ကျတာကို အခွင့်ကောင်းယူပြီး အိမ်ပွဲစားတွေနဲ့ ဘဏ်လုပ်ငန်းရှင်ကြီးတွေဟာ သတ်မှတ်အရည်အချင်း မပြည့်မီတဲ့သူတွေကို လျော့ရိလျော့ရဲစည်းကမ်းချက်တွေနဲ့ ငွေချေးပြီး အိမ်ရောင်းဝယ်လုပ်ခဲ့ကြတယ်။ ဒါတွေကို သတိပြုမိပေမယ့် သက်ဆိုင်ရာပြည်ထောင်စုအေဂျင်စီတွေက

အချိန်မီ အရေးယူဆောင်ရွက်မှုတွေ မပြုလုပ်ခဲ့ကြပါဘူး။ ပိုဆိုးတာက ဒီလိုစည်းမဲ့ကမ်းမဲ့ငွေချေးနေကြတာကို ပြည်နယ်အစိုးရတွေက ဥပဒေပြုပြီး ဝင်ရောက်ဟန့်တားဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ဒီဥပဒေတွေ တရားမဝင်ဖြစ်အောင် ဘုရှ်အစိုးရက ကြားဝင်လုပ်ဆောင်ခဲ့တယ်။

- ၁၉၈၀ ခုနှစ်နဲ့ ၂၀၀၅ ခုနှစ်အကြားမှာ ဘဏ္ဍာငွေကြေးလောကအတွင်း ကုမ္ပဏီကြီးတွေအကြား ပေါင်းစည်းမှုနဲ့ ဝယ်ယူသိမ်းသွင်းမှုတွေ အကြိမ်ပေါင်း ၁၁,၅၀၀ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီလိုနဲ့ အမေရိကန်ဘဏ္ဍာငွေကြေးစနစ်ကြီးကို လက်တဆုပ်စာဘဏ်ကြီးတွေက ကြိုးကိုင်အုပ်စီးခွင့်ရသွားစေတယ်။ အဆက်ဆက်သောအစိုးရတွေက ဒီလိုပေါင်းစည်းမှုတွေကို လက်ဝါးကြီးအုပ်တားမြစ်ရေးဥပဒေ **(Antitrust laws)** နဲ့ တားမြစ်ဖို့ မလုပ်ခဲ့ကြဘူး။ ရလဒ်ကတော့ ပြိုင်ဆိုင်မှုနည်းလာတဲ့အတွက် စားသုံးသူတွေအတွက် နှုန်းထားတွေ ပိုကြီးလာတယ်။ အဲဒီဘဏ်ကြီးတွေထဲက ဘဏ်တခုခုသာ ပြိုလဲခဲ့ရင် ဘဏ္ဍာငွေကြေး လောကကြီး တခုလုံး ပြိုလဲမယ့်အန္တရာယ် ပိုကြီးလာတယ်။ (အခု ပြည်သူ့ဘဏ္ဍာငွေတွေနဲ့ ကယ်တင်ရေးလုပ်ရာမှာ သိပ်ကြီးလွန်းတဲ့အတွက် အပြိုလဲမခံနိုင်ဘူးလို့ ဆိုကြတယ် မဟုတ်လား။)
- ကော်ပိုရေးရှင်းကြီးတွေရဲ့ အရည်အသွေးနဲ့လုံခြုံစိတ်ချရမှု (ရင်းနှီးမြှုပ်နှံဖို့သင့်မသင့်) ကို အဆင့်သတ်မှတ်ပေးတဲ့ ပုဂ္ဂလိက အဆင့်အကဲဖြတ်ကုမ္ပဏီ **(Rating Firms)** တွေအပေါ်မှာ ရင်းနှီးမြှုပ်သူတွေသာမကဘူး အစိုးရကိုယ်နှိုက်ကပါ အားထားနေကြတယ်။ ခက်တာက ဒီအဆင့်အကဲဖြတ်ကုမ္ပဏီတွေကို အဆင့်သတ်မှတ်ဖို့ ငွေပေးနေတာက သူတို့အဆင့်သတ်မှတ်ပေးရမယ့် ကုမ္ပဏီတွေပဲ ဖြစ်တယ်။ အဲဒီတော့ ဒီအဆင့်သတ်မှတ်ချက်တွေ ဗရမ်းဗတာဖြစ်နေတာ ဘာမှမဆန်းတော့ဘူးပေါ့။ အဲဒီအဆင့်သတ်မှတ်တဲ့ ကုမ္ပဏီတွေကို ထိန်းကွပ်မှုတွေ မလုပ်အောင် လော်ဘီလုပ်ငန်းက ကောင်းကောင်းကာကွယ်ထားနိုင်ခဲ့တယ်။

ဒါတွေကိုကြည့်ခြင်းအားဖြင့် ဘာကြောင့်ဈေးကွက်မှာ စည်းမဲ့ကမ်းမဲ့ဖြစ်နေရတာလဲဆိုတာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားနေပါပြီ။ ဒါဟာ အမေရိကန်နိုင်ငံတခုထဲမှာ ဖြစ်နေတာ မဟုတ်ပါဘူး။ ရှေ့တန်းရောက် အရင်းရှင်နိုင်ငံကြီးတွေအားလုံးမှာ ဒီလိုပါပဲ။ အရင်းရှင်ကြီးတွေနဲ့ အရင်းရှင်အစိုးရတွေဟာ အမြီးချင်းလိမ်ထားကြတာပါ။

**စားသုံးမှုအားပေးရေး (Consumerism) နဲ့ အကြွေး**

အရင်းရှင်စနစ်က စားသုံးမှုကို အထူးအားပေးပါတယ်။ ဒါမှလည်း သူတို့အကျိုးအမြတ်တွေ ရမှာကိုး။ များများဝယ်ယူစားသုံးလေ အမြတ်အစွန်းရလေမို့ ဝယ်ယူစားသုံးကြအောင် နည်းမျိုးစုံနဲ့ လှုံ့ဆော်နေပါတယ်။ အခုလိုဂလိုဘယ်လ်လိုက်ဇေးရှင်းခေတ်မှာတော့ ဝယ်ယူစားသုံးရေးယဉ်ကျေးမှုဟာ ကမ္ဘာပတ်နေပြီ ဖြစ်ပါတယ်။

အရင်းရှင်တွေက ဝယ်ယူစားသုံးမှုကို အားပေးတယ်ဆိုပေမယ့် လူတွေဝင်ငွေတိုးလာအောင် လုပ်ပေးတဲ့နည်း၊ လုပ်ခလစာတွေ တိုးပေးတဲ့နည်းကိုတော့ သေမလောက်ကြောက်ပြီး အတတ်နိုင်ဆုံးရှောင်ပါတယ်။ အဲဒီအစား ငွေချေးပြီးသုံးစွဲကြဖို့ကို အားပေးပါတယ်။ ဒီလိုနဲ့ ကြွေးမြီထုပြောလာတော့တာပေါ့။ လူတဦးချင်းတွေသာမက အမေရိကန်အစိုးရအပါအဝင် အစိုးရအတော်များများပါ အကြွေးထူလာကြတာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့အကြွေးဟာ အမေရိကန်ဒေါ်လာ ၁၅ ထရီလျံ ရှိပါတယ်။ ဘတ်ဂျက်လိုငွေပြမှုဟာ ဂျီဒီပီရဲ့ ၁၃% ရှိပါတယ်။ ဂျီ ၂၀ အဖွဲ့ဝင်နိုင်ငံတွေရဲ့ကြွေးဟာ ဂျီဒီပီရဲ့ ၁၀၀% ကျော်နေပြီ ဖြစ်ပါတယ်။ အစိုးရတွေ အကြွေးထူတာလည်း ဝင်ငွေထွက်ငွေမမျှလို့ပါပဲ။ အခွန်တွေလျှော့ပေးတော့ ဝင်ငွေလျော့တော့တာပေါ့။ အခုစီးပွားရေးအကျပ်အတည်းကြောင့် ကုမ္ပဏီကြီးတွေ ကယ်တင်ရေးနဲ့ စီးပွားရေးနိုးထရေးတွေ

အတွက် ငွေတွေပိုသုံးနေရတော့ ထွက်ငွေက ပိုများလာတယ်။ တဖက်မှာလည်း လူမှုမငြိမ်သက်မှုတွေ မဖြစ်အောင် လူမှုဖူလုံရေးစရိတ်စတာတွေကို အစိုးရက အကုန်အကျခံလုပ်ပေးရတာတွေ ရှိတယ်။

အရင်းရှင်တွေက လုပ်ခလစာတွေ မတိုးပေးတာဟာ မတိုးပေးနိုင်လို့လား။ ဒါမှမဟုတ် မတိုးပေးချင်လို့လား။ လုပ်ခလစာအကြောင်း၊ ဝင်ငွေအကြောင်း ပြောမယ်ဆိုရင် ကမ္ဘာ့ဥစ္စာဓနတွေ ခွဲဝေမှုအကြောင်းကို တွဲပြောမှ ပြည့်စုံမှာ ဖြစ်ပါတယ်။

## ဝင်ငွေနှင့် ကမ္ဘာ့ဥစ္စာဓနခွဲဝေမှုမညီမျှခြင်း

ရရှိနေတဲ့ လုပ်ခလစာတွေဟာ ထိုက်တန်သလား၊ တရားမျှတရဲ့လားဆိုတာ ကမ္ဘာ့ဥစ္စာဓနတွေခွဲဝေမှုကိုကြည့်ရင် သိနိုင်တယ်လို့ပဲ ယူဆပါတယ်။ ဒီနေ့ ကမ္ဘာ့ဥစ္စာဓနခွဲဝေမှုကတော့ အလွန်ကို တဖက်စောင်းနင်းဖြစ်နေတာ လူတိုင်းသိနေပြောနေကြတာ ဖြစ်ပါတယ်။ ဆင်းရဲချမ်းသာကွာဟမှု၊ ဝင်ငွေကွာဟမှုတွေဟာ အလွန်ကိုကြီးမားနေပါတယ်။

တဖက်ပါဇယားကို ကြည့်ပါ။ အမေရိကန်နိုင်ငံရဲ့ ၂၀၀၄ ခုနှစ် ဥစ္စာဓနပိုင်ဆိုင်မှုကိုပြတဲ့ဇယား ဖြစ်ပါတယ်။

ဒီဇယားကိုကြည့်ရင် အမေရိကန်နိုင်ငံရဲ့ အချမ်းသာဆုံးထိပ်ဆုံး ၁% ဟာ ဥစ္စာဓနစုစုပေါင်းရဲ့ ၃၄.၃% ကို ပိုင်ဆိုင်တယ်။ သူ့အောက် ၄% က ဥစ္စာဓနစုစုပေါင်းရဲ့ ၂၄.၆% ကို ပိုင်ဆိုင်တယ်။ အောက်ဆုံး ၄၀% ရဲ့ ပိုင်ဆိုင်မှုကတော့ ဥစ္စာဓနစုစုပေါင်းရဲ့ ၀.၂% ပဲ ရှိပါတယ်။




ဒါဟာ အမေရိကန် တနိုင်ငံတည်း ကွာဟနေတာ မဟုတ်ပါဘူး။ ၂၀၀၇ ခုနှစ်ထုတ် သုတေသနစာတမ်း တစောင် (Center for Global, International and Regional Studies in 2007) အရ ဆိုရင် ကမ္ဘာ့အချမ်းသာဆုံးထိပ်ဆုံး ၂% က တကမ္ဘာလုံးရဲ့ စုစုပေါင်းဥစ္စာဓနရဲ့ တဝက်ကျော်ကို ပိုင်ဆိုင်ပါသတဲ့။ ထိပ်ဆုံး ၅% နဲ့ တွက်ရင် ကမ္ဘာ့စုစုပေါင်း ဥစ္စာဓနရဲ့ ၇၁% ဖြစ်ပြီး ထိပ်ဆုံး ၁၀% နဲ့တွက်ရင်တော့ ၈၅% ဖြစ်ပါတယ်။ လူဦးရေစုစုပေါင်းရဲ့ ၅၀% ကျော်ရှိတဲ့ အောက်တန်းမှာရှိသူတွေရဲ့ ပိုင်ဆိုင်မှုကတော့ ကမ္ဘာ့စုစုပေါင်းဥစ္စာဓနရဲ့ ၁% သာသာလေးပဲ ရှိပါတယ်တဲ့။

ကမ္ဘာ့ဘဏ်ကထုတ်တဲ့ ကမ္ဘာ့ဖွံ့ဖြိုးမှု အညွှန်းကိန်းများ (၂၀၁၀) အရ ၂၀၀၅

ခုနှစ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အလယ်အလတ်ဆင်းရဲမှုလိုင်းကို တနေ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒေါ်လာ သတ်မှတ်တယ်။ အဲဒီ ၂ ဒေါ်လာအောက်ဝင်ငွေရှိသူဟာ ၁၉၈၁ ခုနှစ်မှာ လူဦးရေစုစုပေါင်းရဲ့ ၇၀% ရှိရာမှ ၂၀၀၅ ခုနှစ်မှာတော့ ၄၇% သို့ ကျဆင်းသွားတယ်။ ဒါပေမဲ့ အရေအတွက်ကတော့ သန်း ၂၅၀၀ (ကမ္ဘာ့လူဦးရေစုစုပေါင်းရဲ့တဝက်ခန့်) ပတ်ဝန်းကျင်မှာပဲ ဆက်ရှိနေတယ်။ အချိုးအစားနဲ့အရေအတွက် လျော့ကျသွားတာဟာ အဓိက အရှေ့အာရှနဲ့ပစိဖိတ်ဒေသတို့ကြောင့် ဖြစ်တယ်။ ဒီနေရာမှာ အဓိကဦးဆောင်နေတာကတော့ တရုတ်ပြည် ဖြစ်ပါတယ်။ ကျန်ဒေသတွေမှာတော့ တနေ့ ၂ ဒေါ်လာ အောက် ဝင်ငွေရှိသူ အရေအတွက်ဟာ တိုးလာနေပါတယ်။ ၂၀၀၉ ခုနှစ်မှာ ကမ္ဘာ့စီးပွားရေးကြီးထွားမှု နှေးကွေးတာကြောင့် တနေ့ ၂ ဒေါ်လာအောက်ဝင်ငွေရှိသူ ၅၇ သန်း တိုးလာမယ်လို့ ဆိုပါတယ်။

ဒီအချက်တွေကိုကြည့်ရင် လူအများက လုံးပန်းအားထုတ်ပြီး ထွက်ရှိလာတဲ့ ဥစ္စာဓနအဝဝကို လူနည်းစုလေးကပဲ လက်ဝါးကြီးအုပ်ရယူပိုင်ဆိုင်နေတာ ရှင်းနေပါတယ်။ ဒါဟာ ဖြစ်လည်းမဖြစ်သင့်သလို တရားမျှတမှုလည်း မရှိပါဘူး။ ဒီကြားထဲက လူတွေဟာ ရတဲ့ဝင်ငွေနဲ့ မျှအောင်မသုံးဘဲ အသုံးအစွဲကြမ်းလို့ အကြွေးတွေတင်ရာက အခုလို စီးပွားရေးအကျပ်အတည်းကြီး ဆိုက်ရတာဖြစ်တယ်လို့ စွပ်စွဲမယ်ဆိုရင် တရားပါ့မလား။

## နိဂုံး

အရင်းရှင်စနစ်ကို အမြတ်ရလိုတဲ့ လောဘဇောနဲ့ မောင်းနှင်နေတာ ဖြစ်ပါတယ်။ အမြတ်အစွန်းရဖို့အတွက်ဆိုရင် အရင်းရှင်တွေဟာ ဘာကိုမှ ထောက်ထားနေမှာ မဟုတ်ပါဘူး။ ဘနဖုးသိုက်တူးကြမှာ ဖြစ်ပါတယ်။ မာ့က်စ်က အရင်းရှင်တွေဟာ အမြတ်အစွန်းရဖို့ဆိုရင် ဘာမဆိုလုပ်ကြမှာဖြစ်တယ်။ နောက်ဆုံး စက်တိုင်တောင်တက်မှာ ဖြစ်တယ်လို့ ပြောခဲ့တယ် မဟုတ်လား။ အခု ၂၀၀၇ စီးပွားရေးအကျပ်အတည်းဟာလည်း အဲဒီလောဘဇောနဲ့ လုပ်ကိုင်ကြရာက ဖြစ်လာရတာပါပဲ။

အခု ဒီအကျပ်အတည်းကြီးက တစုံတရာပြန်နာလန်ထူလာပြီလို့ ပြောနေပါတယ်။ ဒါပေမဲ့ အလုပ်လက်မဲ့တွေ များနေတုန်းဖြစ်သလို စီးပွားရေးတိုးနှုန်းကလည်း နှေးကွေးတုန်း ဖြစ်ပါတယ်။ အိုင်အမ်အက်ဖ်ကတော့ (World Economic Outlook 2010 April) မှာ စီးပွားရေးနာလန်ထမှုဟာ မျှော်မှန်းထားတာထက် အခြေအနေကောင်းတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့ကြီးထွားမှုနှုန်းဟာ ၄.၂၅ ရှိမယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမဲ့ တနိုင်ငံနဲ့တနိုင်ငံ ကြီးထွားမှုနှုန်းတွေ ကွာဟနေကြတယ်လို့ ဆိုပါတယ်။ စီးပွားရေးမတည်မငြိမ် ဖြစ်မယ့်အန္တရာယ် လျော့နည်းသွားပေမယ့် တည်ငြိမ်မှုဟာ မသေချာသေးဘူးလို့လည်း သတိပေးပါတယ်။ နောက်တကျော့ စီးပွားရေးပြန်ကျဆင်းမှု (double-dip recession) ဖြစ်လာနိုင်တယ်လို့ တချို့စီးပွားရေး ပညာရှင်တွေက သတိပေးနေတာလည်း ရှိပါတယ်။

အရင်းရှင်စနစ်မှာ ဒီလိုစီးပွားရေးကပ်တွေဖြစ်တာ မဆန်းပါဘူး။ ဘယ်တော့မှ ပျောက်မှာလည်း မဟုတ်ပါ။ ပြီးခဲ့တဲ့ နှစ် (၃၀) အတွင်း ကမ္ဘာ့နိုင်ငံအသီးသီးမှာ စီးပွားရေးအကျပ်အတည်းပေါင်း ၁၂၅ ကြိမ် ဖြစ်ခဲ့ပါတယ်။ နောင်မှာလည်း ထပ်ဖြစ်ဦးမှာပါပဲ။

အရင်းရှင်စနစ်အတွင်း လူမှုမညီမျှမှုတွေ၊ ဆင်းရဲမွဲတေမှုတွေအပြင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကလည်း အတော်ဆိုးနေပါပြီ။ ကမ္ဘာကြီးအတွက် အရင်းရှင်စနစ်ဟာ အထိုက်တန်ဆုံးစနစ်ဖြစ်တယ်၊ နောက်ဆုံးပန်းတိုင်ဖြစ်တယ်ဆိုတာ မဟုတ်ပါဘူး။ ဒီထက်ကောင်းမွန်သာယာမျှတတဲ့ ကမ္ဘာကြီးကို ကျွန်တော်တို့ တည်ဆောက်နိုင်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်